
www.burmeseclassic.com

# မင်းဒွေးသစ္စာ

တစ်မိုးလုံးပျောက်ခိုင်



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံ့စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မင်းသွေးသစ္စာ

## တက္ကသိုလ်ဖျော်ကာဆိ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [ ၅၀၀၂၄၂၀၆၀၂ ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၅၀၀၄၀၈၀၆၀၄ ]

❑

ပုံနှိပ်ခြင်း
ပထမအကြိမ် အုပ်ရေ (၅၀၀)

❑

ထုတ်ဝေသည့်လ
စက်တင်ဘာလ ၂၀၀၆

❑

မျက်နှာဖုံးနှင့်အတွင်းစာသား ပုံနှိပ်သူ
ဦးကျော်လှိုင် (၅၅၇၃) စေတနာအော့ဖ်ဆက်
အမှတ် (၅၉)၊ ၁၉ လမ်း၊ ရန်ကုန်။

❑

ထုတ်ဝေသူ
ဒေါ်ခင်ခင်စိန် (၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ် (၄၃)၊ မလိခလမ်း၊ (၇) မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။

❑

ကွန်ပျူတာ
ပန်းအိစံ

❑

မျက်နှာဖုံးပန်းချီ
ကိုသိန်းဇော်

❑

တန်ဖိုး
၃၀ ကျပ်

စာရေးဆရာ မင်းသွေးသစ္စာ
၏
## ဆက်လက်ထွက်ရှိမည့်စာအုပ်များ

- ❑ ပုလဲရှာသူ မမိုးဖြူ
- ❑ ဆယ်သန်းပတ္တမြား အရှုပ်တော်ပုံ
- ❑ အောင်တော်မူ
- ❑ တာတေကြီး
- ❑ ကိုးနဝင်း

www.burmeseclassic.com

www.burmeseclassic.com

နောက်လထွက်ရှိမည့်စာအုပ်

# မင်းလွန်းသစ္စာ

# တာတေကြီး

ါနီး

'ဩရ'သည့် နေရောင်စူးစူးကို လက်ဝါးဖြင့်ကွယ်ကာ းကမ်းပါးကို မော့၍ကြည့်လိုက်၏။ ချားကမ်းပါးသည် ားမတ် စောက်လှသော ကျောက်တောင်ကမ်းပါးကြီးဖြစ်၏။ ချို့နေရာများ တွင် ပေ (၅၀၀) ခန့်မြင့်ကာ အချို့နေရာများ၌ (၁၀၀၀) အထက် ပင်ရှိလေ၏။

ထိုနေရာသည် လူပေါင်းများစွာ၏အသက်ကို ချွေယူခဲ့ပြီး ယ်သလို နောင်တွင်လည်း ချွေယူရန် အသင့်ရှိနေပေဦးမည်။

ထိုအခိုက် ဩရ၏ နောက်ဝါးမှ ကြိမ်ကြိုးခွေများနှင့် ဝါး င်းကြီးကို လွယ်ပိုးထားသည့် 'ဗဒ္ဒယူ'က မျက်မှောင်ကြုတ်၍



www.burmeseclassic.com

www.burmeseclassic.com



"သြရ မင်းနဲ့ခရီးသွားရတာ ငါစိတ်ပျက်လာပြီ၊ ခရီးလမ်းကို တစ်ခါမှ ဖြောင့်ဖြောင့်သွားရတယ်မရှိဘူး၊ ဟိုဝင် သည်ထွက်လုပ်တယ်၊ ပေါ့ဟိုက ပျားကမ်းပါးကို နေလုံးမပျောက်ခင် အရောက်သွားရမယ်"

ဟု အပြစ်တင်ဟန်ပြောလေ၏။

သြရက ဗဒ္ဒယူကို စူးစိုက်ကြည့်ပြီး လေသံအေးအေးဖြင့်

"ဒီမှာ ဗဒ္ဒယူ၊ မင်းကို ပိုညို့ နာဂမျိုးနွယ်က ဆင်းသက်လာတယ်ဆိုတာ ငါမယုံကြည်ချင်တော့ဘူး၊ မင်းတို့ အမျိုးအနွယ်တွေဟာ မျိုးရိုးစဉ်ဆက် မုဆိုး အလုပ်နဲ့အသက်မွေးခဲ့ကြတယ်၊ ဟောဒီ နာဂ တောင်တန်းတစ်လျှောက် ခြေရာချင်းထပ်အောင် သွားလာပြီး သားကောင်ရှာဖွေခဲ့ကြတယ်၊ မင်းကို တောင် တောနက်ထဲက လင့်စင်ပေါ်မှာ မွေးခဲ့တာပဲ၊ မင်းမှာ မုဆိုးသွေးတစ်စက်မှ မရှိဘူးထင်တယ်"

ဟုပြောရာ ဗဒ္ဒယူက မျက်နှာပျက်သွားပြီး

"ငါ့အမျိုးအနွယ်တွေကို မထိပါးစမ်းပါနဲ့ သြရ၊ ငါဟာ မင်းတို့အိမ်မှာ မွေးစားသားအဖြစ် ကြီးပြင်းခဲ့ရ ပေမဲ့ တကယ်တော့ ငါ့ကိုယ်ထဲက သွေးတွေ၊ ပြောင်း လဲသွားမှာမဟုတ်ဘူး၊ ငါ့အနေနဲ့ ဘယ်လိုခက်ခဲတဲ့





ခရီးလမ်းကိုသွားရပါစေ၊ ဘယ်လိုသတ္တဝါကို အသက် နဲ့ရင်းပြီး ဖမ်းဆီးသတ်ဖြတ်ရပါစေ၊ နည်းနည်းမှ နောက်တွန့် နေမှာမဟုတ်ဘူး"

ဟုဆိုလေ၏။ သြရက ဗဒ္ဒယူ၏ပခုံးကိုပုတ်၍

"ငါပြောတာကို မင်းနားလည်မှုလွဲနေပြီ၊ တို့ အခုအမဲလိုက် ထွက်လာတာမဟုတ်ပေမဲ့ အန္တရာယ် တစ်ခုခုနဲ့ အချိန်မရွေး ကြုံတွေ့နိုင်တဲ့ တောတောင်ထဲမှာ သွားလာနေရတာ မဟုတ်လား၊ ဒါကြောင့် ငါက ကိုယ်ရောက်နေတဲ့ ပတ်ဝန်းကျင်ကို လေ့လာစူးစမ်းနေ တာပါကွာ၊ ငါတို့ဟာ အမြဲတမ်း သတိရှိနေသင့်တယ် မဟုတ်လား"

ဟုပြောတော ရှေ့မှဦးဆောင်ထွက်ခွာသွားတော့၏။

သူတို့သည် ပျားကမ်းပါးထိပ်ကို မည်သို့ပင်သွားသွား နေမကွယ်မီ ရောက်ရှိနိုင်သည်သာဖြစ်၏။

သို့သော် ဗဒ္ဒယူဟူသော လူငယ်မှာ ထိုနေရာသို့ အလျှင် အမြန်ရောက်ရှိရန် စိတ်စောနေ၏။

သူ့တွင် အတောင်ပံများသာရှိလျှင် ထိုနေရာသို့ တစ်ခဏခြင်း ပင် ပျံသန်းသွားမည်ဖြစ်၏။

သူတို့ တစ်နှစ်လျှင် တစ်ခေါက်၊ နှစ်ခေါက်သာ ရောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



တတ်သည့် ထိုနေရာသည် ဗဒ္ဒယူကို ညှို့ငင်ထား၏။

သူ၏ရှေ့မှ ဩရ၏ကျောပြင်ကို စိုက်၍ကြည့်နေသော်လည်း ဗဒ္ဒယူ၏ မျက်လုံးထဲတွင် လှပခြေသာ ပုံရိပ်တစ်ခုသာ ထင်ဟပ်နေ၏။

၎င်း၏မျက်နှာသည်လည်း စောစောကလို မဟုတ်တော့ဘဲ ကျေနပ်နှစ်သက်ဟန်ဖြင့် ကြည်ကြည်လင်လင်ဖြစ်လာ၏။

သူတို့သည် ပျားကမ်းပါး၏ တစ်ဘက်ရှိ ပြေပြစ်သော တောင်ကြောအတက်ခရီးကို စတင်နေပြီဖြစ်၏။

ဗဒ္ဒယူသည် သွားလာရင်းမှပင် ဝါးခြင်းကြီးထဲမှ ကျည်တောက်တစ်ခုကို ထုတ်ယူလေ၏။ ထိုကျည်တောက်ထဲတွင် ကိုယ်တိုင် ချက်ပြုတ်ပေါင်းခံထားသည့် ရိုးရာဆန်အရက်ပါရှိ၏။

ဗဒ္ဒယူမှာ ကျည်တောက်ကို မော့၍ချလိုက်ပြီး သူ၏အတွေး ပုံရိပ်ကို တိုးချဲ့ပုံဖော်နေလေ၏။

တစ်နေရာသို့အရောက်တွင် ဩရက ရုတ်တရက် ရပ်တန့်လိုက်ပြီး

*"ရှေ့နားက တောင်စောင်းရဲ့လျှိုထဲမှာ မီးခိုးတွေ တယ် ဗဒ္ဒယူ သတိထားပါ"*

ဟုပြောလေ၏။

ဗဒ္ဒယူသည် စိတ်ကူးယဉ်ပုံရိပ် ဖျတ်ခနဲပျောက်ကွယ်သောကြောင့် ဩရကို မှုတင်းတင်းကြည့်ကာ





*"မီးခိုးတွေတာ လူရှိလို့ပေါ့၊ ငါတို့အတွက် ဒီနေရာမှာ ရာသီဥတုဒဏ်နဲ့ သားရဲတိရစ္ဆာန်တွေရဲ့ ဘေးအန္တရာယ်တွေကိုပဲ သတိပြုရမှာပေါ့၊ ဘယ်လို လူမျိုးက အန္တရာယ်ပေးနိုင်မှာလဲ"*

ဟု ပြောဆိုလေရာ ဗဒ္ဒယူက ဟက်ခနဲရယ်၍ ကျည်တောက်ကိုမြှောက်ကာ မျက်နှာမဲ့ပြီး

*"အဖေက် မင်းကိုမှာလိုက်တာပဲ၊ ဒီခရီးမှာ မင်းကဦးဆောင်နေတာပဲ မဟုတ်လား၊ ဟားဟား ... ဒီတော့ငါ့အနေနဲ့ ဘာမှသိစရာမလိုဘူး၊ ငါသိတာက ဟောဒီကဆန်အရက်ပဲ"*

ဟု အခြေပေးလေ၏။

ထိုအခါ ဩရက တစ်စုံတစ်ရာကို မှိုသိပ်လိုက်ဟန်ဖြင့် သက်ပြင်းချ၍

*"ကောင်းပြီလေ မင်းဒီမှာခဏစောင့်ပါ၊ ငါ အဲဒီလျှိုဘက်ကိုသွားပြီး လေ့လာလိုက်ဦးမယ်"*

ဟု ပြောလေတော့၏။

ထို့နောက် ဩရသည် သွက်လက်စွာပင် သူ၏အထုပ်အပိုး၊ ဗဒ္ဒယူဝန်စည်စလယ်များကို ဗဒ္ဒယူ၏အနီးတွင်ချကာ ခရီးဆောင်အိတ်ထဲမှ သံထည်ပစ္စည်း အစိတ်အပိုင်းများကို ထုတ်ယူလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုပစ္စည်းများကို လျင်မြန်စွာပင် တစ်ခုခြင်း ဆက်စပ်တပ်ဆင်လေရာ မကြာမီ အသင့်ပစ် ခတ်နိုင်သည့် ဒူးလေးတစ်လက်က ရုပ်လုံးပေါ်လာ၏။

ထိုဒူးလေးတွင် လေးညို့မှအပ မြားတံနှင့်ဒူးလေးကိုယ်ထည် တစ်ခုလုံး သံထည်ပစ္စည်းများချည်း ဖြစ်၏။ ထိုဒူးလေးကို ဩရကိုယ်တိုင် ဖခင်၏ပန်းပဲဖိုတွင် သေချာစွာပုံစံထုတ်၍ ပြုလုပ်ထားခြင်း ဖြစ်၏။ သူ၏ ဒူးလေးသည် သံထည်ဟု ဆိုသော်လည်း အခြားဒူးလေးများ ထက်ပို၍ ပေါ့ပါး၏။ ပစ်မှတ်ကို အရှိန်ပြင်းထန်စွာ ဝင်ရောက်ထိခိုက် နိုင်စွမ်းရှိ၏။ အလွယ်တကူ ဖြုတ်ယူ၍ သယ်ဆောင်သွားနိုင်၏။ ထို့အပြင် ဒူးလေးမြားတံတွင် သုတ်လိမ်းရမည့် အဆိပ်အမျိုးမျိုးကို ကိုယ်တိုင်ပင် ဖော်စပ်၍ထား၏။ အဆိပ်ရည်ပုလင်းကို ဩရ၏ခါးတွင် ကြိုးကလေးနှင့် ချည်နှောင်ထားရှိ၏။ ဩရသည် မြားတံတွင်အဆိပ်ကို သုတ်လိမ်းထားခြင်း မရှိချေ။ အမဲသားကောင်များ ပစ်ခတ်သည့်အခါမှသာ သားကောင် အကြီးအသေးပေါ် မူတည်၍ အဆိပ်ကိုအနည်း၊အများ ချင့်ချိန်သုံးလေ၏။

ဩရသည် ဒူးလေးကို အသင့်ပြင်ပြီးလျှင် တောင်စောင်းတစ်ဘက်ရှိလျှိုဆီသို့ ထွက်ခွာသွားလေ၏။ ဗဒူယူသည် ထိုအခါမှ ကျောက်တုံးထက်တွင် ခြေပစ်လက်ပစ်ထိုင်ချကာ ရိက္ခာအဖြစ်ယူလာသည့် ဝက်သားခြောက်ကင်ကို မြည်း၍ဆန်အရက်ဖြင့်





အမောဖြေလေ၏။ ထိုအခါ ဩရကြောင့် ဖျတ်ခနဲပျောက်ကွယ်သွားသည့် ပုံရိပ်ကိုပြန်၍ မြင်ယောင်လိုက်၏။ ပုံရိပ်သည် သူ့အတွက် နှလုံးသားအတွင်းပိုင်းအထိအောင် နက်နက်ရှိုင်းရှိုင်း တိုးဝင်နေသော နာဂပျိုဖြူကလေး တစ်ယောက်သာဖြစ်၏။ သူသည် ထိုမိန်းကလေးကို မကြာမီ မေတ္တာရှိကြောင်း ဖွင့်ဟရတော့မည်။ ထို့ကြောင့်ပင် တစ်ကိုယ်တည်း ပြုံးလိုက်မိပြီး

*"ဟား ဟား… မိန်းကလေးရေ မင်းကို သာရမယ်ဆိုရင် ငါနေတဲ့ ဆင်သေရွာ တစ်ရွာလုံး မကဘူး၊ ဆင်ကလိန်ခွန်းတစ်နယ်လုံး ဟောဒီ နာဂတောင်တန်းတစ်လျှောက်လုံး ငါ့လောက် ပျော်ရွှင်မဲ့ သူရှိတော့မှာ မဟုတ်ဘူး"*

ဟု ရေရွတ်လေတော့၏။

အတန်ကြာလျှင် ဩရသည် ပြန်လည်ရောက်ရှိလာ၏။ ထိုအခါ ဗဒူယူကဆီး၍

*"ဘယ်လိုလဲ၊ လူတွေတွေ့ခဲ့တယ် မဟုတ်လား၊ တို့အတွက် အန္တရာယ်ရှိမဲ့လူတွေလား၊ ဒါဆိုရင် ဟောဒီကငါ့ရဲ့ စေးစွမ်းကို ပြရဦးမှာပေါ့၊ ငါ့ဓား ကလည်း မင်းရဲ့ဒူးလေးလို အစွမ်းထက်ပါတယ်"*

ဟု နောက်ပြောင်ဟန်ဖြင့် မေးမြန်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဗဒူယူထံတွင်လည်း သူကိုယ်တိုင် ဖြုံလုပ်ထားသည့်ပုံသဏ္ဌာန်တစ်မျိုးဆန်းသော ဓားပြားကြီးကြီးနှင့် နှစ်ဘက်သွားဓားတစ်လက်ရှိ၏။

ထိုဓားကို ဗဒူယူက သူ၏ဓားခြင်းကြီးထဲတွင် ထိုး၍သည့်ထား၏။ ဩရကမူ ဗဒူယူ၏အမေးကို မဖြေသေးဘဲ ခရီးဆောင်အိတ်ကို လွယ်ပိုးနေလေရာ ဗဒူယူက စိတ်မရှည်ဟန်ဖြင့်

*"ဩရ ဖြေစမ်းပါ၊ အဲဒီလူတွေက ဘယ်သူတွေ*
*လဲ"*

ဟု မေးမြန်းပြန်၏။ ဩရသည် ပစ္စည်းအားလုံးကို နေသားတကျထား၍ သယ်ဆောင်လွယ်ပိုးပြီးမှပင်

*"သူတို့ဘယ်သူတွေလဲဆိုတာ အချိန်တန်တော့*
*အဖြေ ထွက်လာမှာပါ"*

ဟု ပြောကာ ခရီးဆက်ရန် ခြေလှမ်းပြင်လိုက်တော့၏။

ဩရနှင့် ဗဒူယူတို့သည် ခက်ခဲကြမ်းတမ်းသော တောင်တက်ခရီးကို သွားလာပြီးနောက် ပျားကမ်းပါးတည်ရှိရာတောင်ကြောထိပ်သို့ရောက်ရှိလာ၏။

ထိုတောင်ကြောမှာ ရှည်လျားကာ၊ သစ်တောအုပ်တို့ကလည်း၊ ထူထပ်ပြီးရှိန်၍ ဩရသည့်လင့်စင်အခြေရှိ မြေကွက်လပ်တွင် မီးပုံကြီးဖိုကာ ညစာအတွက်ပြင်ဆင်လျက်ရှိစဉ် ဗဒူယူက ဆောင်ဓား





ကိုလွယ်ပိုးလျက်

*"ဩရ… ငါ ဂျူရှန်တို့ဆီကို သွားမယ်၊ သူတို့*
*ရောက်နေလောက်ပြီ"*

ဟု ပြော၍ကာ ကညင်ဆီမီးတုတ်တစ်ချောင်းကို ထွန်းညှိပြီး တောထဲသို့ ဝင်ရောက်သွားလေ၏။ တောင်ကြောတစ်လျှောက်တွင် မီးအလင်းရောင်ကလေးများက ဖိုမှ သည်မှ လင်းလက်နေကြ၏။

ထိုအလင်းရောင်များမှာ သူတို့လိုပင် ပျားကမ်းပါးသို့ အသက်စွန့်ကာ လာရောက်ကြသူများ၏ စခန်းချရာ နေရာများမှ ထွက်ပေါ်နေခြင်းဖြစ်၏။

ဗဒူယူသည် ထိုကဲ့သို့လာရောက်ကြသူများထဲမှ သူမျက်စိကျနေသည့် ဂျူရှန်ဟူသော နာဂပိုဖြူကလေးရှိရာသို့ ညစာကိုပင် မစားနိုင်ဘဲ ထွက်ခွာသွားချေပြီ။

ထို့ကြောင့် ဩရသည် တစ်ကိုယ်တည်းစားပြီးလျှင် ပျားကမ်းပါးအစပ်သို့ရောက်ရှိလာ၏။ ကောင်းကင်တွင်လက ထိန်ထိန်သာလျက်ရှိ၏။ ဩရမှာ သားမွေးခေါင်းစွပ်ကြီးနှင့် လက်ယက်ချည်ကြမ်းစောင်ကြီးကို ပတ်ကာ ပျားကမ်းပါးစပ်မှ နက်ရှိုင်းလှသော ကျောက်ကမ်းပါးနံရံ တစ်လျှောက်ငုံ၍ကြည့်မိ၏။

ထိုကမ်းပါးရံ များတွင်ကျောက်ချွန်တို့က ဘီလူးသဘက်များ အစွယ်ပြဲထားသလို ငိုးတဝါးအလင်းရောင်ဖြင့် မြင်တွေ့နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာတွင်ပင် ကျောက်ပတ်ကြားအက်များ၊ လိုဏ်ဂူပေါက်ကလေးများလည်း တည်ရှိနေ၏။

ဩရအတွက် နောက်တစ်နေ့ဆိုလျှင် ထိုလိုဏ်ဂူပေါက်ကလေးများဆီသို့ ကြိုးဖြင့် ခိုတွယ်ဆင်းကာ ပျားကျင်းများ ရှာဖွေရပေမည်။ တစ်နည်းအားဖြင့် လိုဏ်ဂူပေါက်ကလေးများတွင် ခိုတွယ်နေသော ပျားအုံများကို ရှာဖွေ၍ ပျားဖွတ်ရပေမည်။ ပျားကျင်းတစ်ကျင်းလျှင် ပျားအုံ (၅၀)ခန့်မှ (၁၀၀)အထိရှိတတ်၏။

ပျားအုံများရှိသည့် ကျောက်ပါးစပ် ကမ်းပါးယံကြီးများသည် လွန်စွာမြင့်မားသော နေရာတွင်တည်ရှိနေသောကြောင့် အောက်မှ လှေကားဖြင့်တက်၍ ပျားဖွတ်ရန် ခက်ခဲလှ၏။

ထို့ကြောင့် ဩရတို့လိုပျားဖွတ်သူများသည် အသက်အန္တရာယ်နှင့် နီးသည့်ပျားဖွတ်နည်းကိုသုံးကာ ပျားရည်ကို ရယူကြရ၏။

သူတို့သည် ပျားအုံများစွဲရာ ကျောက်ပါးစပ်တောင်ထိပ်ကြီးပေါ်သို့ တက်ကြရ၏။ ကြိမ်ကြိုးများကို ဆက်ကာတောင်ထိပ်မှ လျှောချပြီး ကြိုးလှေကားအဖြစ်အသုံးပြုကြရ၏။

ကြိုးထိပ်တွင် လူထိုင်ရန် ပြုလုပ်ထား၏။ လူ၏တစ်ဘက်တစ်ချက်တွင် သုံးလေးပေခန့်ရှိ ဝါးနှစ်လုံးကို ကြိမ်ကြိုးတွင်ကပ်၍ ခိုင်ခံ့စွာတုပ်နှောင်ထား၏။ ဆင်စွယ်နှစ်ချောင်းက ရှေ့သို့ငေါ၍ထွက်





နေသည်နှင့်တူ၏။ ထို ဝါးတုတ်နှစ်ချောင်းပေါ်တွင် ပျားအုံထည့်ရန် မြက်တောင်းကိုတင်၍ ထား၏။

ထိုသို့ပြင်ဆင်ပြီးလျှင် ပျားဖွတ်သူသည် ကြိုးလှေကားအတိုင်း ဆင်းသက်၍ ကျောက်ကမ်းပါးယံရှိ ပျားအုံများရှိရာသို့ ကြိုးလှေကားကိုတဖြည်းဖြည်းလွှဲယူရ၏။ ကြိုးလှေကားသည် လေထဲတွင် အရှိန်မြန်လာပြီးနောက် ကျောက်ပါးစပ်ကြီးထဲမှ ပျားအုံအနီးသို့ ရောက်ရှိလာ၏။

ပျားအုံသည် လူလက်တစ်ကမ်းအထိနီးလာသည့်အခါ ၄င်းကို မြက်တောင်းထဲသို့ အရိုးရှည်တူရှင်းပြားဖြင့် လျှင်မြန်စွာထိုး၍ ချ◌ုံ့ကရ၏။

ထိုကဲ့သို့ ပျားအုံတစ်အုံရရှိရန်၊ ပျားဖွတ်သူသည် လေထဲတွင် ကြိုးအကြိမ်ကြိမ်လွှဲရမ်းရင်း ပြုလုပ်ရ၏။ ပျားအုံကို မြက်တောင်းထဲသို့ ထိုးချသည့်အခါ ၄င်းပျားအုံရှိ ထောင်သောင်းမကသော ပျားကောင်များနှင့် အကြိမ်ကြိမ်စစ်ခင်းရ၏။

အခန့်အသင့်လျှင် ပျားဆိပ်တက်၍ မေ့မြောသွားကြရရှာ၏။ အချို့သည် ထိုနေရာ၌ပင် အသက်စွန့်သွားကြရရှာ၏။ အချို့မှာမူ ကြိုးလှေကား၏ ချွတ်ချော်မှုကြောင့် မြင့်မားလှသော ကျောက်ကမ်းပါးရုံကြီးမှ ပြုတ်ကျ၍လည်းကောင်း၊ အခြားမထင်မှတ်သော အန္တရာယ် အမျိုးမျိုးတို့ကြောင့် လည်းကောင်း၊ သေဆုံးကြရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအထဲတွင် ပို၍အရေးကြီးသည်မှာ ကျောက်ကမ်းပါး၏ ထိပ်မှ ကြိုးကို တဖြည်းဖြည်းလျှော့ချကာ ထိန်းသိမ်းပေးသူ ဖြစ်၏။ ပျားဖွတ်သူ၏ အသက်သည် ထိုလူ့လက်ထဲတွင်သာရှိ၏။

ဩရသည် ထိုအကြောင်းကို တွေးတောမိပြီး ဗဒ္ဒယူ၏ မျက်နှာကို ဖျတ်ခနဲမြင်ယောင်မိကာ ရင်ထဲတွင်လေးလံသွား၏။ သူတို့ ပျားကမ်းပါးသို့ ခရီးထွက်ရန် ခွင့်တောင်းစဉ်ကပင် ဖခင်ကဩရကို

*"ဒီမှာ ငါ့သား၊ အခုတလော ဗဒ္ဒယူ ခြေလှမ်း တွေပျက်နေတယ် သတိထားပါ"*

ဟု မမှာ့စဖူးမှာလေ၏။ ဩရက ဖခင်ကိုကြည့်၍

*"အဖေ့ စကားက ထူးခြားနေပါလား"*

ဟု ရေရွတ်လေရာ ဖခင်က

*"ဒါဟာ မပြောမဖြစ်လို့ ပြောရမှာပဲ၊ ဗဒ္ဒယူဟာ ငယ်စဉ်ကတည်းက အဖေကျွေးမွေး စောင့်ရှောက်ခဲ့ရတဲ့ မွေးစားသားဆိုပေမဲ့ မင်းနဲ့အတူ သားအရင်းလို ချစ်ခင်ခဲ့ရတာပဲ၊ ဒါပေမဲ့ အတွေးအခေါ် ဆင်ခြင်ဉာဏ်ကင်းမဲ့တဲ့ ဗဒ္ဒယူဟာ မကြာခင် အဖေတို့သားအဖကို ကောင်းကောင်းကြီး ဒုက္ခပေးတော့မယ်"*

ဟု ပြောလေ၏။ ဩရက မျက်မှောင်ကြုတ်ပြီး

*"ဗဒ္ဒယူဟာ ငယ်စဉ်ကတည်းက ဆိုးသွမ်းခဲ့*



*တယ်ဆိုတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျုပ်တို့ကို ဒုက္ခပေး မယ်ဆိုတာတော့ ဘယ်လိုမှ နားမလည်ဘူး"*

ဟု ဆိုလိုက်လေ၏။ ဖခင်က သက်ပြင်းချ၍

*"ဒါက ငါ့သားစိတ်ထဲမှာ ဗဒ္ဒယူကို ညီအရင်း အစ်ကိုလို သတ်မှတ်ထားလို့ပါ၊ ဒါပေမဲ့ ဗဒ္ဒယူ ကတော့ တို့ကို ဘယ်တုန်းကမှ သွေးရင်းသားရင်းလို သတ်မှတ်ခဲ့တာမှမဟုတ်ဘဲ၊ အဖေက မင်းတို့ကို အရိပ်တကြည့်ကြည့် စောင့်ကြည့်နေခဲ့တာပဲ၊ မင်းဟာ အခုထိ ဗဒ္ဒယူဆိုးသွမ်းသမျှကို ညီရင်းအစ်ကိုစိတ်ထားနဲ့ သည်းခံခွင့်လွှတ်ခဲ့တယ်၊ အဖေကလည်း မိဘတာဝန် မပျက်ကွက်အောင် စောင့်ရှောက်ပြီး ဗဒ္ဒယူကို ဆုံးမသွန်သင်ခဲ့တယ်၊ ဒါပေမဲ့ ဗဒ္ဒယူရဲ့ စိတ်ထဲမှာတော့ တို့သားအဖဟာ သူ့ကိုလွှမ်းမိုးပြီး ချုပ်ချယ် အမိန့်ပေးနေတယ်လို့ မှားယွင်းတဲ့ အတွေးတွေ ပေါ်ပေါက်နေခဲ့တယ်"*

ဟု ပြောလေရာ ဩရက

*"အဲဒါတွေက ဟုတ်ပါပြီအဖေ၊ ဗဒ္ဒယူက ကျုပ်တို့သားအဖကို ကောင်းကောင်းကြီး ဒုက္ခပေးနိုင်တယ်လို့ အဖေဘာကြောင့် ပြောနိုင်တာလဲ၊ ဗဒ္ဒယူ*

www.burmeseclassic.com

www.burmeseclassic.com



*ဟော်သက်ပြီး အဖေတစ်ခုခု သိထားပြီထင်တယ်”*

ဟု မေးမြန်းလိုက်၏။

ထိုအခါမှပင် ဖခင်ကြီးက သြရနှင့် ဗဒူယူတို့၏ ယော်ဘဝ မှစတင်၍ ယခုအထိ သူတွေကြုံခဲ့ရသည့် အဖြစ်အပျက်များကို ပြောပြခဲ့လေ၏။

ထိုအကြောင်းအရာများတွင် သြရသိသည်လည်း ရှိ၏။ မသိသည်လည်းရှိ၏။ သူ့အတွက် လုံးဝပင် ထင်မှတ်မထားသည်တို့လည်း ပါ၏။ ဖခင်ကြီး လျှို့ဝှက်ထားခဲ့သည့် တို့ကိုလည်း မမျှော်လင့်ဘဲ ကြားခဲ့ရလေ၏။

သြရသည် ပျားကမ်းပါးတည်ရှိရာ ကျောက်ကမ်းပါး ထိပ်တွင် အတွေးတို့ဖြင့် လွင့်မြောနေရာမှ သူ့စိတ်သည်လည်း တစ်မုဟုတ်ခြင်းပင် အတိတ်ဆီသို့ ရွေ့လျားသွားလေတော့၏။

❖ ❖ ❖





ပထမပိုင်း

နာဂတောင်တန်းသည် မြန်မာပြည်၏ အနောက်မြောက်ဘက်တွင် တည်ရှိ၏။ အနောက်ရှုးရှုး၌ အိန္ဒိယနိုင်ငံ၊ အရှေ့ဘက်တွင် ကချင်ပြည်နယ်နှင့် တောင်ဘက်တွင် ချင်းပြည်နယ်တို့ ရှိ၏။ ဤဒေသတွင် ထင်ရှားသော ချောင်းမကြီးသုံးသွယ် ရှိရာ နမ်ခေါ်ချောင်းသည် အလယ်ဗဟိုခန့်တွင် အနောက်မှအရှေ့သို့ ဖြတ်သန်းစီးဆင်း၏။ နမ်ဖွတ်ချောင်းသည် မြောက်မှတောင်သို့ ဖြစ်သန်းစီးဆင်း၏။ နမ်းခလိန်ချောင်းသည် အနောက်မှတောင်သို့ စီးဆင်း၍ ဆင်ကလိန်း ခန္တီး (ယခုခန္တီးမြို့) အထက်ကိုးမိုင်ခန့်တွင် နမ်ဖွတ်ချောင်းနှင့် ပေါင်းဆုံမိ၏။



www.burmeseclassic.com

ခွင်းတွင်းမြစ် အထက်ပိုင်းသည် ဆင်ကလိန်းခေါ်သော အပါ အဝင် ဓားလွယ်ခုတ်နေရာ တစ်ဘက်ကမ်းရှိ ဆင်သေရွာကြီးကို ရင်ခွဲ၍ ဖြတ်သန်းစီးဆင်းသွား၏။ ဆင်သေရွာကြီးသည် နာဂတောင်တန်း၏ အဝင်တံခါးပေါက် တစ်ခုဖြစ်၏။ ထိုခေတ်အခါက အင်္ဂလိပ်အစိုးရ၏ အုပ်ချုပ်ရေး လက်လှမ်းမမီသော နယ်မြေဒေသတွင် အပါအဝင် ဖြစ်၏။ (၁၉၄၀)ပြည့်နှစ်ရောက်မှသာ ဗြိတိသျှအုပ်ချုပ်ရေး အရာရှိ 'မစ္စတာအေဒဗလျူပေါ်တာ'သည် နာဂတောင်တန်း၏ အချို့သော ဒေသများသို့ ခရီးလှည့်လည် သွားလာခဲ့ချိန်တွင်မှ အင်္ဂလိပ်အစိုးရ၏ အုပ်ချုပ်ရေးစနစ်သစ်ဖြင့် စတင်ထိတွေ့ခဲ့ရခြင်း ဖြစ်၏။

(၉၁). ဌာနအုပ်ချုပ်ရေး ဟုခေါ်သော (၁၉၃၅)ခုနှစ် မြန်မာ နိုင်ငံအုပ်ချုပ်ရေး ဥပဒေသည် တောင်တန်းဒေသများကို ပြည်မနှင့် သွေးခွဲ၍ ဘုရင်ခံ၏ တိုက်ရိုက်လက်အောက်ခံ သီးသန့်ဌာနအဖြစ် အုပ်ချုပ်ခဲ့သည့် စနစ်ဖြစ်၏။ သို့သော် ယင်းအုပ်ချုပ်ရေးမကျင့်မီ နှစ်များ စွာကပင် ခရစ်ယာန်သာသနာပြု ပုဂ္ဂိုလ်များသည် ထိုဒေသသို့ ရောက် ရှိခဲ့ပြီး ဖြစ်လေ၏။

တစ်နေ့သ၌ အသက်(၆၀)ကျော်ပြီဖြစ်သော ခရစ်ယာန် သာသနာပြု ဘုန်းကြီးဖာသာသော်မဆင်သည် ဆင်သေရွာကြီးသို့ ရောက်ရှိလာ၏။





ဖာသာသော်မဆင်သည် ထိုရွာနှင့်မစိမ်းလှပေ၊ ၎င်းအတွက် ရွာကို အကြိမ်ကြိမ်ဝင်ထွက်ရင်း နှစ်များစွာကြာသောအခါ သားများနှင့် ခွေမျိုးရင်းချာပမာ ရင်းနှီးခင်မင်နေပြီ ဖြစ်၏။

ဖာသာသော်မဆင်သည် ယခုတစ်ကြိမ် နာဂတောင်တန်း တစ်လျှောက်မှ ခရီးလှည့်လည်ရင်း ဆင်သေရွာသို့ ပြန်လည် ရောက်ရှိလာခြင်းဖြစ်၏။

၎င်းသည် ခရီးလှည့်လည်သွားနေသည်ဟုဆိုသော်လည်း ခြားဝန်စည်စလယ် များများစားစားအပါပဲ သမ္မာကျမ်းစာ ထည့် ားသည့် သားရေလက်ဆွဲအိတ်ကလေး တစ်လုံးနှင့် တောင်ဝှေးရှည် ြီး တစ်ချောင်းသာပါ၏။ ၎င်းအတွက် မေတ္တာတရားဖြင့် အရာအား ုံး ပြီးပြည့်စုံနိုင်သည်ဟု ယုံကြည်ထား၏။

ယခုတစ်ကြိမ်တွင် ဖာသာသော်မဆင်နှင့်အတူ အသက် ၀)နှစ်ကျော်ခန့် နာဂကလေးငယ်တစ်ယောက် လိုက်ပါလာ၏။ ကလေးငယ်သည် ဖာသာကြီးအတွက် နာဂတောင်တန်းမှ အပြန် က်ဆောင်သာဖြစ်၏။

ဖာသာကြီးက ဆင်သေရွာသို့ရောက်လျှင် ကလေးငယ်ကို တ်ကုန်စုံဆိုင်ကြီးတစ်ဆိုင်သို့ ခေါ်ဆောင်လာလေ၏။

ဆိုင်ရှင်တရုတ်လူကြီးနှင့်တွေ့လျှင် မြန်မာစကားကို မြန်မာ စ်ယောက်ကဲ့သို့ ပြောဆိုနိုင်သော ဖာသာကြီးက

www.burmeseclassic.com



*"ဆောင်ကဲ… ဟောဒီကလေးအတွက် အဝတ်အစား နည်းနည်းလောက်လိုချင်တယ်"*

ဟုပြောလေ၏။

မြန်မာစကားပင်မက ပရိတ်ကြီး (၁၁)သုတ်ကိုပါ အာဂုံဆောင်နိုင်သော တရုတ်လူဝကြီးကမူ ကလေးငယ်ကို သေချာစွာကြည့်ရှုပြီး

*"ဒီနာဂကလေးကို အဝတ်အစားတွေဆင်မလို့လား၊ ဒီကလေးကို ဖာသာကြီး ဘာလုပ်ဖို့ခေါ်လာတာလဲ"*

ဟုအံ့ဩတကြီးမေးမြန်းလေရာ ဖာသာကြီးက

*"ဒီကလေးဟာ ပုံညီနာဂမျိုးနွယ်ပဲ၊ ဗဒ္ဒယူလို့ခေါ်တယ်၊ သူ့မှာ မိဘနှစ်ပါးစလုံး ကွယ်လွန်သွားကြပြီ၊ သူ့ကို စောင့်ရှောက်နေတဲ့ ဆွေမျိုးသားချင်းတွေက ဒီကလေးနဲ့ သင့်တော်မဲ့တစ်နေရာကိုပို့ဖို့ ကျွပ်လက်ထဲကို အပ်လိုက်တာပဲ၊ သူက မြန်မာစကားတော့ ကောင်းကောင်း ပြောတတ်တယ်၊ သူ့ကို ချီးမွမ်းစရာ တစ်ခုကတော့ ကျုပ်သွားလာနေတဲ့ ခရီးကြမ်း တစ်လျှောက်လုံး မညည်းမညူ လိုက်လာနိုင်တာပဲ"*

ဟု ပြောလေ၏။





ဖာသာကြီးနှင့် ပေါက်ဖော်ကြီးတို့ စကားကောင်းနေစဉ် အခိုက်တွင် ဗဒ္ဒယူဟူသော ကလေးငယ်သည် ကုန်စုံဆိုင်ကြီးနှင့် မြေကွက်လပ်တွင် တစ်ယောက်တည်း ဆော့ကစားနေသည့် တရုတ်မကလေးထံ ရောက်ရှိသွားလေ၏။

ထိုကလေးမငယ်သည် တရုတ်လူဝကြီး၏ တစ်ဦးတည်းသော သမီးကလေးဖြစ်ကာ ဗဒ္ဒယူနှင့် သက်တူရွယ်တူသာရှိလိမ့်မည်။ တရုတ် မကလေးက ဗဒ္ဒယူကိုမြင်လျှင် မျက်လုံးကလေးဝိုင်းသွား၏။

ဗဒ္ဒယူသည် ရိုးရာဓလေ့ထုံးစံအတိုင်း ကိုယ်လုံးဗလာကျင်းလျက် အောက်ပိုင်းတွင် နံငယ်ပိုင်းကဲ့သို့ အဝတ်တစ်စကိုသာမတ်၍ ထား၏။

၎င်း၏ခေါင်းတွင်လည်း ဆံပင်ကြမ်းတို့က ထိုးထိုးထောင်ထောင် ထွက်နေ၏။ အသားအရောင်ကလည်း ညိုညစ်ညစ်ဖြစ်ကာ တုတ်ခိုင်သန်မာလှသော ကိုယ်ခန္ဓာထက်တွင်လည်း တောတောင်ထဲတွင် ကြမ်းတမ်းစွာ သွားလာခဲ့ရသည့် အမှတ်အသားအဖြစ် ဒဏ်ရာ အမာရွတ်တို့က အထင်းသားရှိနေ၏။

ဗဒ္ဒယူကလည်း ကလေးမငယ်ကို မျက်လုံးအပြူးသားဖြင့် ကြည့်ရှုကာ

*"နင် ဘယ်သူလဲ၊ နင့်အသားတွေက နှင်းခဲတွေလို ဆွတ်ဆွတ်ဖြူနေတယ်"*



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ ကလေးမလေးက လက်တွင်းမှ ခါးလှိုးမုန့်ကိုကိုက်၍ တမြုံ့မြုံ့ဝါးကာ

*"ငါက ဒီဆိုင်မှာနေတာ၊ ငါ့နာမည်က 'ရွှေမေ'လို့ ခေါ်တယ်၊ နင်ကရော ဘယ်သူလဲ"*

ဟု ပြန်၍မေးမြန်းလေ၏။

ဗဒ္ဒယူက အဖြေမပေးနိုင်သေးဘဲ ရွှေမေဟူသော တရုတ်မလေး၏လက်ထဲမှ မုန့်ကို စူးစိုက်ကြည့်လိုက်၏။ မုန့်မှထွက်ပေါ်လာသည့် မွှေးရနံ့တစ်မျိုးက သူ့နှာခေါင်းထဲသို့ တိုးဝင်လာလေရာ ဗဒ္ဒယူက

*"ငါက ဗဒ္ဒယူ၊ နင့်ဆီကမုန့် ငါ့ကိုပေးစမ်း"*

ဟု ပြော၍ ရွှေမေ၏လက်ထဲမှမုန့်ကို ဆတ်ခနဲလုယူလိုက်လေ၏။

ရွှေမေသည် ဗဒ္ဒယူ၏အပြုအမူကြောင့် ရုတ်တရက်ထိတ်လန့်သွား၏။ သူမ၏ ကျန်လက်တစ်ဖက်တွင်လည်း ထိုကဲ့သို့မုန့်တစ်ခုကို စက္ကူစနှင့်မတ်လျက် ကိုင်ထားသေး၏။

ရွှေမေသည် ထိုမုန့်ကိုပါ ကြောက်လန့်တကြားနှင့် လွှတ်ချလိုက်ပြီး ဆိုင်တွင်းသို့ပြေးဝင်သွားတော့၏။

ဗဒ္ဒယူသည် သူယူထားသည့်မုန့်ကို ပါးစပ်တွင်းသို့ထည့်ကာ ပလုပ်ပလောင်းဝါးလိုက်ပြီး မြေပေါ်တွင်ကျနေသည့် စက္ကူပတ်ထား





သော မုန့်တစ်ခုကိုပါ ကောက်ယူလိုက်လေ၏။

ထိုအခိုက်တွင် ဖာသာသော်မဆင့်သည် တရုတ်ကုန်စုံဆိုင်မှ ထွက်လာကာ ဗဒ္ဒယူ၏လက်တွင်းသို့ အဝတ်ထုတ်ကိုထည့်ပြီး

*"လူကလေး… မင်း ဟိုထောင်ကဲကြီးရဲ့ သမီးကလေးဆီက မုန့်ကို လုယူစားတယ်ဆို၊ ကလေးမက သူ့အဖေ တရုတ်ကြီးကိုပြောနေတာ ဖာသာကြားလိုက်တယ်"*

ဟု မေးမြန်းလေရာ ဗဒ္ဒယူက လက်ထဲမှမုန့်ကို တစ်ကိုက်ကိုက်၍

*"ဟုတ်တယ်၊ ကျုပ် အဲဒီဟာကိုစားချင်လို့ ယူစားလိုက်တာ"*

ဟု အဖြေပေးလေ၏။ ထိုအခါ ဖာသာကြီးက သက်ပြင်းချ၍

*"အဲဒီလိုလုပ်တာ မကောင်းဘူး၊ လူကလေး မြဲမြဲမှတ်ထားပါ"*

ဟု ဆုံးမကာ ဗဒ္ဒယူကိုခေါ်၍ ထိုနေရာမှ ထွက်လာခဲ့လေ၏။

အတန်ကြာလျှင် သူတို့နှစ်ဦးသည် ချင်းတွင်းမြစ်နှင့် အပြိုင်ရှာတန်းရှည်ကြီး၏ တစ်ဖက်ရွာစွန်သို့ ရောက်ရှိလာ၏။

ထိုနေရာမှ မြစ်ကမ်းနံဘေး၏ မတ်စောက်လှသော ချောက်



www.burmeseclassic.com

www.burmeseclassic.com



ကမ်းပါးထိပ်တွင်ရှိနေသည့် မြေစိုက်တဲကြီးတစ်လုံးကို လှမ်း၍တွေ့ရ၏။

ဖာသာ သော်မဆင်က ဗဒ္ဒယူကို ထိုတဲကြီးအား ညွှန်ပြကာ

"လူကလေး ဟောဒီမှာ မင်းနေရမယ်၊ အဲဒီနေရာမှာ မင်းအတွက် စိတ်ဝင်စားစရာတွေတွေ့လာမှာပါ၊ မင်းနဲ့ရွယ်တူကလေးတစ်ယောက်လည်း ရှိတယ်၊ ဒီအိမ်က ပန်းပဲဆရာကိုထွန်းလူရဲ့အိမ်ပဲ၊ သူ့သားအမည်က ညြရလို့ခေါ်တယ်၊ မင်း ဒီမှာ လိမ်လိမ်မာမာနေရမယ်"

ဟု မှာလေ၏။ ဗဒ္ဒယူက

"ပန်းပဲဆရာဆိုတာ ဘာလဲ"

ဟု မေးမြန်းလေရာ ဖာသာသော်မဆင်က

"သံထည်ပစ္စည်းတွေကို မီးအပူပေးပြီး လိုရာပုံသွင်းတဲ့ လုပ်ငန်းပေါ့၊ မင်းတွေ့ဖူးတဲ့ ဓါးတွေ၊ လှံတွေဟာ ဒီနေရာမျိုးမှာ လုပ်ထားတာပဲ"

ဟု အဖြေပေးလေ၏။ ဗဒ္ဒယူက စိတ်ဝင်စားဟန်ဖြင့်

"ကျုပ်က အဲဒီလက်နက်တွေလုပ်ရမှာလား"

ဟု မေးမြန်းပြန်၏။

ဖာသာသော်မဆင်က ခေါင်းညိတ်ပြီး အဖြေပေးသောကြောင့်





ဗဒ္ဒယူသည် ကျေနပ်ဟန်ဖြင့် နှုတ်ဆိတ်သွားလေ၏။

ပန်းပဲဖိုတဲကြီးအတွင်း မီးခိုးတလူလူထွက်နေကာ သံထည်ပစ္စည်းများအား ထုရိုက်ပုံသွင်းနေသံကို အဝေးမှပင် ကြားရ၏။

ဖာသာသော်မဆင်က တဲအနီးသို့ရောက်လျှင် ဗဒ္ဒယူကိုထပ်၍

"လူကလေး ဒီမှာ လိမ်လိမ်မာမာနေရမယ်"

ဟု မှာပြန်၏။ ဗဒ္ဒယူက ဖာသာသော်မဆင်ကို မော့ကြည့်ပြီး

"လိမ်လိမ်မာမာ ဘယ်လိုနေရမလဲ"

ဟု ပြန်၍မေးမြန်းလေ၏။ ဖာသာသော်မဆင်က ဗဒ္ဒယူ၏ထိပ်ကို ပွတ်သပ်ကာ

"ခိုင်းတဲ့အလုပ်တွေကို ကောင်းကောင်းလုပ်ပါ၊ သူတို့စကားကို နားထောင်ပါ၊ ရန်မဖြစ်ရဘူး"

ဟု ရှင်းပြလေ၏။ ထိုအခါ ဗဒ္ဒယူက လက်သီးဆုပ်၍

"ကျုပ်ကိုထိလာရင်တော့ မခံနိုင်ဘူး"

ဟု အဖြေပေးလေ၏။ ဗဒ္ဒယူ၏အဖြေကြောင့် ဖာသာသော်မဆင်သည် ခေါင်းကို ဖြည်းလေးစွာ ခါယမ်းမိလေ၏။

ထိုအချိန်၌ သူတို့သည် ပန်းပဲဖိုကြီး၏အပေါက်ဝသို့ ရောက်ရှိနေပြီဖြစ်၏။

ဖာသာသော်မဆင်နှင့် ဗဒ္ဒယူတို့သည် ပန်းပဲဖိုကြီး၏အပေါက်



www.burmeseclassic.com

www.burmeseclassic.com



ဝသို့ ရောက်လာကြ၏။ ထိုအခါ ကိုထွန်းလူသည် ရဲရဲနီနေသော သံချောင်းကို သံညှပ်ဖြင့်ညှပ်ကာ ပေပေါ်တင်၍ လက်တစ်ဖက်မှ ဆယ်ပေါင်တူဖြင့် ထုရိုက်နေရင်းမှ ၄င်းတို့ကို မြင်တွေ့သွားလေ၏။

ဖာသာသော်မဆင်က ရှမ်းဘောင်းဘီပွကြီးကို ဝတ်၍ ယောက်ျားပီသလှသော ကိုထွန်းလူကိုကြည့်ကာ

"အလုပ်နဲ့လက်မပြတ်တဲ့သူဟာ စိတ်ညစ်ညူးနေဖို့ အချိန်မရှိဘူး၊ လူကလေးကိုမြင်လိုက်ရတဲ့အချိန်တိုင်း မှာလည်း အမြဲတမ်း တက်ကြွလန်းဆန်းနေတာပါပဲ၊ ဒါကြောင့် ကျုပ်ဟာ လူကလေးရှေ့ကို ရောက်လာ တာနဲ့ ရင်ထဲမှာ အားအင်တွေအပြည့်ရှိလာတယ်လို့ ခံစားလိုက်ရတယ်"

ဟု နှုတ်ဆက်စကားပြောလေ၏။

ကိုထွန်းလူက ဖာသာသော်မဆင်၏စကားဆုံးလျှင် သံချောင်း ကို ရေအင်တုံထဲသို့ ရှဲခနဲထည့်လိုက်ပြီး

"ကျုပ်ရဲ့စိတ်ဟာ အလုပ်အပေါ်မှာပဲ အာရုံဝင်စား နေတဲ့အတွက် တခြားအကြောင်းအရာတွေကို ပူလွင့် မသွားနိုင်တော့ဘူး၊ ပြီးတော့ ဒီအလုပ်က အမာထည် သံပစ္စည်းတွေကို လိုသလိုပုံသွင်းရတဲ့အတွက် အင်အား ကို သုံးရပါတယ်၊ ဒါကြောင့် ရွှံနဲ့ခံနိုင်ရည်ကို





စမ်းသပ်တဲ့အလုပ်လည်း ဖြစ်တယ်၊ ပြီးတော့ ဒီအလုပ် ဟာ စိတ်ခါတ်ခိုင်မာအောင် လေ့ကျင့်ရတဲ့ တရား ဘာဝနာပွားများခြင်းတစ်မျိုးလို့ ကျုပ်က သတ်မှတ် ထားပါတယ်"

ဟုဆိုလေ၏။ ဖာသာသော်မဆင်က တဲကြီးအတွင်းသို့ လှမ်း ဝင်လိုက်ပြီး

"ဒါဟာ အလုပ်အပေါ်မှာ ပိုင်းခြားဝေဖန်နိုင်တဲ့ အတွက် ရရှိလာတဲ့ ဘာဝဒဿနပါပဲ"

ဟုရေရွတ်လေ၏။ ကိုထွန်းလူက ဖာသာသော်မဆင်နှင့် ဗဒ္ဒယူတို့ကို တဲကြီးအတွင်းရှိ ကွပ်ပျစ်တွင် နားနေစေကာ

"ဖာသာကြီး အခုတစ်ခေါက်လည်း ကျုပ်ဆီမှာ တစ်ညတာ အိပ်စက်ဖို့မျှော်လင့်ပါတယ်"

ဟုဆိုလိုက်၏။ ဖာသာသော်မဆင်က ခေါင်းညိတ်ပြီး

"ကျုပ် လူကလေးဆီမှာ တစ်ညတာ တည်းခိုဖို့ ဆုံးဖြတ်ထားပါတယ်၊ ပြီးတော့ လူကလေးကို အကူအညီတစ်ခု တောင်းစရာလည်းရှိပါတယ်၊ ယောဒီ က ဗဒ္ဒယူ ဆိုတဲ့ကလေးကို လူကလေးထံမှာ အပ်နှံချင် လို့ပါ"

ဟုစကားဂျ၍ ဗဒ္ဒယူ၏အကြောင်းကို ပြောဆိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖာသာသော်မဆင်၏ စကားဆုံးလျှင် ဖားဖိုကြီးအနီးမှ ဗဒ္ဒယူကို တစ်ချိန်လုံး အကဲခတ်နေသော ကလေးငယ်က သူတို့အနီးသို့ တိုးကပ်လာပြီး

"ကျုပ်အတွက် အဖော်ရပြီ"

ဟုပြောလေ၏။ ကိုထွန်းလူက ဗဒ္ဒယူကိုကြည့်ပြီး တစ်ပုံတစ်ရာကိုတွေးတောနေဟန်ဖြင့် အတန်ကြာမျှ ငြိမ်သက်နေ၏။ ထိုအခါ ဖာသာသော်မဆင်က ကိုထွန်းလူကို

"လူကလေးတို့အတွက် ဝန်ထုပ်ဝန်ပိုးလိုဖြစ်နေမယ် ဆိုရင်တောင် သူ့ကို တစ်နှစ်လောက် စောင့်ရှောက်ဖို့ ဖာသာကြီး မေတ္တာရပ်ခံပါတယ်၊ ဖာသာကြီး အလုပ်အားလပ်တဲ့အချိန် ကျရင် သူ့ကိုခေါ်ပြီး ခရစ်ယာန် မိဘမဲ့ ကလေးကျောင်းတစ်ခုခုကို ပို့ပေးဖို့ စီစဉ်နိုင်ပါတယ်"

ဟုဆိုလေ၏။

ဖာသာသော်မဆင် ထိုကဲ့သို့ပြောခဲ့သော်လည်း များမကြာမီတွင် ကိုထွန်းလူတို့ထံ လာရောက်နိုင်ခြင်းမရှိတော့ဘဲ ခရစ်တော်၌ ကောင်းစွာအိပ်ပျော်သွားခဲ့ပြီဖြစ်၏။

ကိုထွန်းလူက ဘာမျှမပြောသေးမီ သူတို့အနီးသို့ တိုးကပ်လာသည့် ကလေးငယ်က ၎င်းကို





"အဖေ သူ့ကိုခေါ်ထားလိုက်ပါ"

ဟုတိုက်တွန်းလေ၏။ ကိုထွန်းလူက ခေါင်းညိတ်ပြီး ဖာသာသော်မဆင်ကို

"ကျုပ် ဗဒ္ဒယူကို ပောဒီက ဩရဲ့တန်းတူ သားအရင်းလို မွေးစားဖို့ဆုံးဖြတ်လိုက်ပါပြီ"

ဟုအဖြေပေးလိုက်လေ၏။ ထိုအခါ ဩရက ဗဒ္ဒယူ၏ ပခုံးကိုဖက်ကာ ဝမ်းသာအားရဖြင့်

"ဟား ဟား.. မင်းနဲ့ငါညီအစ်ကို ဖြစ်သွားပြီ ဗဒ္ဒယူ"

ဟုဆိုလိုက်တော့၏။

ဤသို့ဖြင့် ဖာသာသော်မဆင်၏ ခေါ်ဆောင်လာမှုဖြင့် ဗဒ္ဒယူသည် ပန်းပဲဆရာ ကိုထွန်းလူ၏ မွေးစားသား ဖြစ်သွားချေပြီ။

ညနေစောင်းအချိန်တွင် ဩရသည် ဗဒ္ဒယူကိုခေါ်၍ မြစ်ကမ်းပါးသို့ ရောက်ရှိလာ၏။ ထိုနောက် ဩရက

"ဗဒ္ဒယူ မင်းရေကောင်းကောင်း ကူးတတ်တယ် မဟုတ်လား"

ဟုမေးမြန်းလိုက်၏။

ဗဒ္ဒယူက ရေစီးသန်လှသောချောင်းတွင်းမြစ်ရေကို စူးစိုက်ကြည့်ကာ



www.burmeseclassic.com

"နန်းစလီမ်ချောင်းကရေစီးတာ ဒီအတိုင်းပဲ၊ငါက နန်းစလီမ်ချောင်းကိုဖြတ်ပြီး လက်ပစ်ကူးဖူးတယ်"

ဟု အဖြေပေးလေ၏။ ညြရုံက လက်ဖြောက်တီးကာ

"သိပ်ကောင်းတာပေါ့၊ ဒါပေမဲ့ မင်း ဒီချောင်းတွင်းကိုတော့ ဖြတ်ကူးဖို့ မစဉ်းစားပါနဲ့၊ တို့ကမ်းစပ်သောင်ခုံပေါ်မှာ ကစားပြီး အနီးအနားမှာပဲ ကူးကြရအောင်"

ဟုဆိုလိုက်လေ၏။

ညြရသည် အဖော်အပေါင်းတစ်ယောက် ရရှိ၍ လွန်စွာပျော်ရွှင်နေဟန်တူ၏။ သူတို့နှစ်ယောက်သည် မတ်စောက်လှသည့်မြစ်ကမ်းပါးကြီးကို အတတ်အဆင်းလုပ်၍ ပြေးလွှားကြ၏။

သောင်ခုံ၌ တွင် တစ်ဦးနှင့်တစ်ဦး သဲများဖြင့်ပစ်ပေါက်ကာ ဆော့ကစားကြ၏။ အတန်ကြာလျှင် ဗဒူယူက ဆော့ကစားခြင်းကို ရပ်တန့်၍ညြရကို

"ဒီဟာတွေ မဆော့ချင်တော့ဘူး ညြရ၊ ငါတို့ တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်တန်း ကစားကြရအောင်"

ဟု ပြောလေ၏။ ညြရက ခေါင်းညိတ်ပြီး





"ရတယ်လေ၊ ဒါပေမဲ့ တစ်ယောက်နဲ့တစ်ယောက် ထိခိုက်အောင်မလုပ်ဘူး၊ စိတ်မဆိုးရဘူး၊ မြေပေါ်ကို လဲကျရင်အရှုံးပဲ၊ မကျေနပ်ရင် နောက်တစ်ပွဲစမယ်၊ သဘောတူရဲ့လား"

ဟု ဆိုလေရာ ဗဒူယူက

"သဘောတူတယ်၊ မင်းနဲ့ငါ နပန်းကိုင်မယ်"

ဟု ပြောလိုက်လေ၏။

ဗဒူယူသည် စကားဆုံးလျှင်ပင် ညြရထံသို့ ပြေး၍ဝင်လာ၏။ ညြရက သဲခုံပေါ်တွင် မားမားရပ်ကာ ဗဒူယူ၏လှုပ်ရှားမှုကို မျက်ခြေမပြတ် ကြည့်ရှုနေ၏။

မကြာမီတွင် ဗဒူယူသည် သဲပြင်ပေါ်သို့ ဝုန်းခနဲ လဲပြိုသွား၏။ သူ၏စိတ်အတွင်း၌ ညြရသည် ပိန်ပိန်သွယ်သွယ်ဖြင့် သူထက် သူကောင်သေးလေရာ အလွယ်တကူပင် အနိုင်ရမည်ဟု ထင်မှတ်ထား၏။

သို့သော် ညြရကို ချုပ်ကိုင်လိုက်မှပင် သူ၏အထင်နှင့်အမြင် ဘက်တက်စင်အောင် လွဲမှားသွားမှန်း သိလိုက်ရ၏။ ညြရသည် သူ၏ အင်အားကို ကောင်းမွန်စွာလှန်၍ ကြံ့ကြံ့ခံနေနိုင်၏။

ဗဒူယူကချက်ခြင်းပင် လဲကျနေရာမှထ၍ နောက်တစ်ကြိမ် နပန်းကိုင်ရန် တောင်းဆိုပြန်၏။ ယင်းတစ်ကြိမ်၌လည်း ဗဒူယူသည်



www.burmeseclassic.com

www.burmeseclassic.com



သဲခုံပေါ်သို့ လဲကျသွားပြန်၏။ ဗဒူယူသည် ဩရနှင့် သုံးကြိမ်နပမ်းကိုင်ရာ သုံးကြိမ်လုံး ရှုံးနိမ့်လေ၏။ ထိုအခါ ဗဒူယူက အားမလျှော့သေးပဲ ဩရကို

*"ငါတို့ ရေကူးပြိုင်ကြမယ်"*

ဟု နောက်တစ်မျိုး ယှဉ်ပြိုင်ရန် စိန်ခေါ်ပြန်၏။

ဩရကလည်း သဘောကျကာ ကမ်းစပ်တစ်လျှောက် ရေစီးအားပျော့ရာနေရာတွင် ရေဆန်ကိုပြန်၍ ကူးခတ်ယှဉ်ပြိုင်ရန် ပြောလိုက်၏။

သူတို့သည် ထိုသို့ယှဉ်ပြိုင်ကြရာ နှစ်ယောက်စလုံး မည်သူမှ အသာမရဘဲ အပြင်းအထန် ကြိုးစားကူးခတ်နေရာ နောက်ဆုံးတွင် ဩရသည် သိသိသာသာပင် အရှိန်လျော့သွား၏။

ဗဒူယူကမူအား ကုန်ကူးခတ်ရင်း ယှန်းဝင်သွားပြီဖြစ်၏။ ဗဒူယူသည် အနိုင်ရရှိသွားပေ ပြီ။ ထိုအခါမှပင် တစ်ချိန်လုံး မျက်နှာမသာမယာဖြစ်နေသော ဗဒူယူ၏မျက်နှာမှာ ကြည်လင်လာ၏။

ဩရက ဗဒူယူကို

*"မင်းရေကူးတာ သိပ်တော်တာပဲ၊ ကဲ… တို့တစ်တွေ အိမ်ပြန်ကြဖို့ အချိန်တန်ပြီ"*

ဟုဆိုလိုက်လေ၏။

ဗဒူယူသည် တက်ကြွရွှင်လန်းစွာဖြင့် ကမ်းပါးစောက်ကြီးပေါ်သို့ ပြေးတက်သွားလေ၏။ ဩရက ဗဒူယူ၏ကျောပြင်ကို စိုက်ကြည့်ကာ



*"အနိုင်နဲ့အရှုံးဆိုတာ ဘာမှ မကွာခြားဘူးဆိုတာ ဘယ်တော့မှ ဗဒူယူ သဘောပေါက်မလဲမသိဘူး"*

ဟုရေရွတ်လိုက်လေတော့၏။

မိမိက ၄င်းကို အလျှော့ပေးလိုက်သည်ကိုလည်း ဗဒူယူ တစ်ယောက် အနိုင်ရရန်စိတ်က ကြီးစိုးထားသောကြောင့် မည်သို့မျှ ရိပ်မိမည်မဟုတ်ဟု တွေးလိုက်မိလေ၏။

ဖာသာသော်မဆင်မှာ နောက်တစ်နေ့တွင် ခရီးထွက်ခွာတော့မည်ဖြစ်၏။ ထို့ကြောင့် ညစာစားပြီးချိန်၌ ဖာသာကြီးက ဗဒူယူကို

*"ဟောဒီက ကိုထွန်းလူဟာ မင်းရဲ့အဖေဖြစ်သွားပြီ၊ အခု အချိန်ကစပြီး သူ့ကို အဖေလို့ခေါ်ရမယ်၊ ဟောဒီက ဩရကိုလည်း ညီရင်းအစ်ကိုလို့ သတ်မှတ်ရမယ်"*

ဟုပြောလေ၏။ ဗဒူယူသည် ဘာမျှမပြောသေးဘဲ ကိုထွန်းလူကို တွေတွေကလေး စိုက်ကြည့်ကာ အတန်ကြာမှပင် ခေါင်းညိတ်ပြီး

*"အဖေ"*

ဟုခေါ်လေ၏။ ကိုထွန်းလူက ပြုံးရွှင်စွာဖြင့် ဖာသာ

www.burmeseclassic.com

www.burmeseclassic.com



သော်မဆင်ကို

"ဟား ဟား… အခုဆိုရင် ကျုပ်မှာ နေ့ရင်း ထိုင်ရင်း သားတစ် ယောက်တိုးလာပြီ၊ သားတစ် ယောက်ကို ဓားတစ်လက်လို အားကိုးရရင် သားနှစ် ယောက်ဆိုတော့ ဓားနှစ်လက်ပေါ့"

ဟုပြောလိုက်၏။ တစ်ဆက်တည်းမှာပင် ဗဒူယူ၏ ဘက်သို့ လှည့်ကာ

"ဒီမှာ ဗဒူယူ၊ ဟောဒီအိမ်မှာ မင်းဟာ မိသားစု ဝင် တစ်ယောက်ဖြစ်သွားပြီ၊ ဒီအိမ်မှာ အဖေရှယ်၊ ဟောဒီက သြရရယ် နှစ်ယောက်ပဲရှိတယ်၊ သြရရဲ့ အမေကတော့ လွန်ခဲ့တဲ့ (၅)နှစ်လောက်က သေဆုံး သွားခဲ့တယ်၊ မင်းအတွက် ဒီမှာနေထိုင်ဖို့ ဘယ်လို စည်းကမ်းမျိုးကိုမှ သတ်မှတ်မထားဘူး၊ မင်းဟာ အိမ်အလုပ်ကို ကူညီဖြိုးလုပ် သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ မင်းကို အဖေ စောင့်ရှောက်ကျွေးမွေးထားမယ်၊ သြရကိုလည်း အဖေ အဲဒီအတိုင်းမှာထားတယ်၊ ဒါပေမဲ့ ဒီအိမ်မှာနေရင် တစ်ခု သတိထားရမှာက တစ်ယောက်ကိုတစ်ယောက် စိတ် အနှောင့်အယှက်ဖြစ်အောင်မလုပ်ဖို့ပဲ၊ ပြီးတော့





သြရနဲ့ မင်းတို့နှစ်ယောက်စလုံး ညတိုင်း စာတတ် အောင် သင်ကြရမယ်၊ အဖေကိုယ်တိုင် မင်းတို့ကို စာသင်ပေးမယ်"

ဟုဆိုလေတော့၏။

ဗဒူယူအတွက် ဘဝသစ်တစ်ခု စတင်ပေတော့မည်။

ပန်းအိစံ ကွန်ပျူတာ
အမှတ်(၄) မျက်နှာစာလမ်း ကျိုက္ကဆံကွင်း တောင်ဥက္ကလာ



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက်စောစောတွင် ဖာသာသော်မဆင်သည်ခရီးဆက်၍ ထွက်ခွာသွားလေ၏။ မသွားမီ ဗဒ္ဒယူကို

"လူကလေး လိမ်လိမ်မာမာနေရမယ်"

ဟု ထမ်၍မှာသွားပြန်၏။

ထိုအချိန်၌ ကိုထွန်းလူသည် တဲရှေ့တွင် ချိတ်ဆွဲထားသောငါးဖမ်းပိုက်တစ်စုံကိုယူ၍ မြစ်ကမ်းနဘေးသို့ဆင်းသွားပြန်၏။ ဗဒ္ဒယူကသြရကို

"အဖေဘယ်သွားတာလဲ၊ အဖေကငါးဖမ်းပြီး ရောင်းစားမလို့လား"

ဟု မေးမြန်းလေ၏။





သြရက ခေါင်းရမ်းပြီး

" ငါးဖမ်းပြီး ရောင်းစားတာတော့မဟုတ်ပါဘူး။ ဒါပေမဲ့ တို့အတွက်လည်း စားသောက်ဖို့မပူရအောင် လှေကလေးတစ်စင်းနဲ့ ငါးဖမ်းပိုက်ဝယ်ထားတယ်၊ အဖေက မနက်စောစောဆိုရင် ဒီလိုပဲ ငါးဖမ်းထွက်တတ် တယ်၊ ရလာတဲ့ ငါးတွေကို တို့သားအဖစားသောက်ပြီး ပိုလျှံတာကို ရွာထဲက မရှိဆင်းရဲသားတွေကို ခွဲဝေပေး လိုက်တာပါပဲ၊ အိမ်ဘေးမှာလည်း အသီးအရွက်တွေ စိုက်ပျိုးထားတာ မင်းအမြင်ပဲမဟုတ်လား၊ အဲဒါတွေကို လည်း ကြိုက်တဲ့လူလာပြီး ခူးယူစားသောက်ဖို့ ခွင့်ပြုထားတယ် "

ဟု ရှင်းပြလေ၏။ ထို့နောက်သြရသည် နံနက်စာအတွက် ထမင်းအိုးပြင်လေ၏။ ဗဒ္ဒယူက

"ငါက ဘာလုပ်ရမလဲ"

ဟု မေးမြန်း၏။ သြရက ဆန်ကိုရေစင်အောင်ဆေးရင်းမှ

" မင်းဘာလုပ်ရမလဲဆိုတာ ငါလည်းမပြောတတ်ဘူး၊ အဖေ့ကိုသွားမေးရင်လည်း ငါ့လိုပဲပြောမှာပဲ၊ မင်းမှာ လုပ်ချင်စိတ်ရှိတယ်ဆိုရင် ဘာတွေလိုအပ်သလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မင်းသိလာလိမ့်မယ်၊ အဲဒီမေးခွန်းမျိုးကို ငါကိုယ်တိုင် အဖေ့ကိုမေးဖူးလို့ သိနေတာကွ၊ အဖေက ငါ့ကို အခုလိုပဲပြန်ပြောတဲ့အခါ ငါစဉ်းစားကြည့်တယ်၊ ဒီတော့ ငါ့အတွက် လုပ်ချင်ရင် လုပ်စရာအလုပ်တွေ အများကြီးရှိတယ်ဆိုတာ တွေ့လာတယ်"

ဟု ပြောလိုက်လေ၏။

ဗဒူယူက ဩရ၏စကားကို မျက်မှောင်ကြုတ်၍ စူးစိုက်နားထောင်နေလေ၏။ ဩရက ဆက်၍လက်ညှိုးဖြင့်တစ်နေရာပြီး တစ်နေရာညွှန်ပြကာ

"မင်းမျက်လုံးရှေ့မှာမြင်နေရတဲ့ အလုပ်တွေကို ငါ ဥပမာပြောပြမယ်၊ ဟောဟိုက အိမ်ရှေ့မြေကွက်လပ်မှာ သစ်ရွက်ခြောက်တွေ ကြွေကျနေတာ ရှိတယ်၊ အဲဒါတွေကို တံမြက်စည်းနဲ့လှဲကျင်းတာလည်း အလုပ်ပဲ၊ စိုက်ခင်းထဲမှာ ပေါင်းမြက်တွေရှင်းတာလည်း အလုပ်ပဲ၊ ခြံစည်းရိုးက ဝါးတိုင်တစ်ချောင်းယိုင်နေတာကို ပြန်ပြီးတည့်မတ်လိုက်တာလည်း အလုပ်ပဲ၊ ငါဆန်ဆေးနေတုန်း ဟောဟိုက ဖားဖိုကြီးရှိတဲ့မီးဖိုမှာ ပြာတွေကိုသန့်စင်ပြီး မီးမွေးထားတာလည်း အလုပ်ပဲ၊ သောက်ရေအိုးထဲကို ရေတွေဖြည့်တာလည်း အလုပ်ပဲ၊





အဲဒါတွေအားလုံးဟာ အလိုက်သိမှုပဲလို့ အဖေကပြောတယ်"

ဟု ဆိုလိုက်ရာ ဗဒူယူက တစ်စုံတစ်ရာ ပြောမည်ဟန်ပြင်လေ၏။ ဩရက လက်ကာပြပြီးဆက်၍

"မင်းဘာပြောမလဲဆိုတာ ငါသိပါတယ်၊ ဒါတွေဟာ ငွေမရတဲ့ အိမ်မှုကိစ္စအလုပ်တွေလို့ မင်းပြောချင်တာ မဟုတ်လား၊ အလုပ်ဆိုတာကလည်း သူ့အပိုင်းနဲ့သူ ခွဲခြားထားတာပေါ့၊ ငါလည်း အဲဒီလို အဖေကို မေးမိတယ်၊ အဖေက ငွေရတဲ့အလုပ်ကို လုပ်ချင်ရင်လည်း အိမ်မှုကိစ္စတွေ လုပ်သလို ရှာဖွေစဉ်းစားကြည့်ပေါ့ကွာလို့ အဖြေပေးတယ်"

ဟု ပြောလေ၏။

ဗဒူယူက သူမေးမည့်မေးခွန်းကို ဩရက ကြိုတင်သိနေသောကြောင့် အသာပင် မျက်လုံးမှေးကာ နားထောင်နေ၏။ ဩရက ဆက်၍

"ငွေရမဲ့အလုပ်ဆိုရင်လည်း နှစ်မျိုးပဲရှိလိမ့်မယ်လို့ ငါစဉ်းစားမိခဲ့တယ်၊ အဲဒါက အိမ်ထဲမှာတင် ငွေရအောင်ရှာဖွေတာနဲ့ အိမ်ပြင်ထွက်ပြီးရှာဖွေတာ နှစ်မျိုးပဲ၊ ငါတို့အိမ်ထဲမှာမြင်တဲ့အတိုင်း အလုပ်ကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေတဲ့ ပန်းပဲလုပ်ငန်းရှိတယ်၊ ငါဟာ ပန်းပဲလုပ်ငန်းကို မကျွမ်းကျင်ပေမဲ့ အဖေ့အတွက် ဟောဒီက ဖားဖိုကြီးကို တရှူးရှူး ဆွဲပေးရင်း ငွေရမဲ့အလုပ်ကို ကူညီနေတယ်၊ တစ်နည်းအားဖြင့် ငွေရအောင်ရှာဖွေနေတာပဲ မဟုတ်လား၊ အဖေ့အတွက် အမေဟာပြေ အဖန်ရည်တစ်ခွက်ငှဲ့ပေးတာတောင် ငွေရှာတဲ့အလုပ်ထဲမှာပါတယ်လို့ စဉ်းစားမိတယ်၊ ဘာကြောင့်လဲဆိုတော့ အဖေအမောပြေမှ အလုပ်တွင်ကျယ်ပြီး ငွေရမှာမဟုတ်လား၊ ဒါကြောင့် ငွေရဖို့အလုပ်ဆိုရင်လည်း မျက်လုံးရှေ့မှာတင် ရှာဖွေပြီးလုပ်ကိုင်လို့ ရပါတယ်''

ဟု ပြောလိုက်၏။

ထိုအချိန်၌ ဩရသည် စကားပြောဆိုနေရင်းပင် ဆန်နွှေးကာ မီးမွှေး၍ ထမင်းအိုးတည်နေပြီဖြစ်၏။ ဩရ၏စကားဆုံးလျှင် ဗဒ္ဓလူက

''ငါက ငွေပဲလိုချင်တယ်''

ဟု ပြောလေရာ ဩရက

''ဒါဆိုရင်တော့ မင်း အဖေ့ရဲ့ပန်းပဲလုပ်ငန်းကို အလိုက်တသိနဲ့ ကူညီပြီးလုပ်ပေးပေတော့၊ မင်းကို





တစ်ခုပြောချင်တာက အဖေက မင်းကို ဘယ်တော့မှ ဘာလုပ်ပါလို့ ခိုင်းစေမှာမဟုတ်ဘူး၊ ငါ့ကိုလည်း ဒီအတိုင်းပဲ၊ ငါလည်း အလိုက်တသိဆိုတဲ့စကားကို ရင်ထဲမှာ သံမှိုနဲ့စွဲထားသလို စွဲနေအောင်မှတ်ထားတယ်''

ဟု ဆိုလိုက်၏။ ထိုအခါ ဗဒ္ဓယူသည် နှုတ်ဖျားမှ

''အလိုက်တသိနဲ့လုပ်ရမယ်၊ အလိုက်တသိနဲ့ လုပ်ရမယ်''

ဟု အကြိမ်ကြိမ်ရေရွတ်နေလေတော့၏။

အချိန်ကြာလျှင် ကိုထွန်းလူသည် အိမ်သို့ ပြန်လည်ရောက်ရှိလာ၏။ သူသည် ပိုက်ကို ပခုံးပေါ်တင်၍ ငါးတွဲကို လက်မှဆွဲလာ၏။

ထို့နောက် ဩရ၏လက်ထဲသို့ ငါးတွဲအပ်ကာ

''ငါသား ကြည့်လုပ်လိုက်ပေတော့''

ဟု ပြောလေ၏။

ဩရကလည်း သွက်လက်စွာဖြင့် ငါးတွဲ ထဲမှ ငါးကြင်းကြီးနှစ်ကောင်ကို ရွေး၍ထားလိုက်ပြီး ကျန်ငါးများကို ယူဆောင်ကာ ကိုထွန်းလူကို

''အဖေ ဒီနေ့အလှည့်ကျတာက မုဆိုးမအဘွားကြီး



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပဲ၊ ကုန်စုံဆိုင်တရုတ်ကြီးကလည်း ငါးကြင်းသား စားချင်တယ်လို့ပြောတယ်၊ ကျုပ် သူတို့ကို သွားပေးလိုက်မယ်''

ဟု ဆိုကာ ထွက်ခွာသွားပေ၏။ ထိုအခါ ကိုထွန်းလူက ဗဒူယူကို ကြင်နာဟန်ဖြင့်

''ငါသား… မင်း ဒီမှာနေသားမကျသေးခင်တော့ ပျင်းနေလိမ့်မယ်၊ မင်းနေတတ်သလိုနေပါ၊ အဖေ ခွင့်ပြုတယ်''

ဟု ဆိုလေ၏။ ဗဒူယူက ကိုထွန်းလူနှင့် အတန်ငယ်စိမ်းနေသော်လည်း မွေးစားဖခင်က ကောင်းစွာဆက်ဆံသောကြောင့် အားတက်လာပြီး

''အဖေ… ကျုပ် အလုပ်လုပ်ချင်တယ်''

ဟု ပြောလိုက်၏။ ကိုထွန်းလူက ဝါးဆေးတံကို ဆေးမှုန်သိပ်ရင်း

''ဘာလုပ်ချင်တာလဲ''

ဟု မေးမြန်းလေရာ ဗဒူယူက မဆိုင်းမတွင်

''ကျုပ် ပန်းပဲလုပ်ချင်တယ်၊ ပြီးတော့ ငွေလိုချင်တယ်''

ဟု အဖြေပေးလေ၏။





ကိုထွန်းလူသည် သူ၏မွေးစားသားဖြစ်သူ ဗဒူယူ၏အတွင်းသဘောကို ရိပ်မိသွားပြီဖြစ်၏။ ထို့ကြောင့်ပင် ထပ်၍ သွေးတိုးစမ်းသည့်အနေဖြင့်

''မင်းက ဘာကြောင့်ငွေလိုချင်ရတာလဲ ဗဒူယူ၊ ဒါပေမဲ့ အဖေက ဩရကိုလည်း ပန်းပဲလုပ်ငန်းမှာ ကူညီလုပ်ကိုင်တဲ့အတွက် ထိုက်သင့်တဲ့ငွေကို ပေးခဲ့တာပဲ၊ အဲဒါတွေကို ဩရက တစ်နေ့မှာ မြန်မာပြည်အနှံ့ လှည့်လည်သွားဖို့ ခရီးစရိတ်အဖြစ် ဟောဒီက ဝါးကျည်တောက်ကြီးထဲမှာ စုဆောင်းထားတယ်၊ မင်းကရော ဘာရည်ရွယ်ချက်နဲ့ ငွေလိုချင်တာလဲ''

ဟု မေးမြန်းလေရာ ဗဒူယူက

''ကျုပ် တောင်ယာတွေ အများကြီးပိုင်ချင်တယ်၊ မြင်းတွေ၊ လားတွေ အများကြီးမွေးချင်တယ်၊ အိမ်ကောင်းကောင်းနဲ့နေချင်တယ်၊ အဝတ်ကောင်းကောင်းဝတ်ချင်တယ်''

ဟု အဖြေပေးလေ၏။ ကိုထွန်းလူက ဆေးတံကို မီးညှိဖွာရှိုက်

''မင်းက ချမ်းသာချင်တာကိုး၊ လူတိုင်းလူတိုင်း ချမ်းသာချင်တဲ့လူချည်းပဲကွ၊ ငါ့သား ချမ်းသာချင်ရင်



www.burmeseclassic.com

www.burmeseclassic.com



*လူတွေရဲ့အလိုကိုသိပါ၊ တစ်နည်းအားဖြင့် အလိုက်သိရမယ်ပေါ့ကွာ၊ လောလောဆယ် ဒီစကားကို နားမလည်သေးရင်လည်း ရင်ထဲမှာပဲ ကသေချာချာ မှတ်ထားပါကွာ၊ သဘောပေါက်လာတဲ့တစ်နေ့မှာ ငါ့သားဟာ ချမ်းသာတဲ့လူတစ်ယောက် မလွဲမသွေဖြစ်လာရမှာပေါ့၊ လောလောဆယ်တော့ မင်းက ပန်းပဲလုပ်နေးကို စိတ်ဝင်စားတယ်ဆိုတော့ အဖေသင်ပေးမှာပေါ့၊ အဲဒီအတွက် ထိုက်သင့်တဲ့ငွေကြေးကို မင်းရမယ်၊ အဲဒီငွေကို မင်းကြိုက်သလို သုံးစွဲပိုင်ခွင့်ရှိတယ်"*

ဟု ပြောလိုက်လေ၏။ ထိုအခါ ဗဒူယူက ဩရပြန်လာလျှင် ပန်းပဲလုပ်ငန်း၌ ဖခင်ကြီးကို မည်သို့ကူညီလုပ်ကိုင်ပေးရမည်ကို မေးမြန်းလေ၏။

ဩရက သူကိုယ်တိုင်လုပ်ကိုင်ခဲ့သည်များကို ပြန်၍ ပြောပြပြီးနောက်

*"ဒါတွေကို ပုံသေမှတ်မထားပါနဲ့ကွာ၊ မင်းမှာ လုပ်ရင်းနဲ့ ဘာတွေလုပ်ပေးရမလဲဆိုတာ သိလာမှာပါ"*

ဟု ဆိုလေတော့၏။

ထို့နောက် ဗဒူယူသည် တစ်နေ့လုံးပင် ကိုထွန်းလူ၏ ခြံ လုပ်ငန်းတွင် ကူညီလုပ်ကိုင်ပေးလေ၏။





ညသို့ရောက်လျှင် ကိုထွန်းလူက သူ၏သားနှစ်ယောက်ကို စာသင်ပေးရန်အတွက် အောက်လင်းမီးအိမ်ကြီးကို ထိန်နေအောင် ထွန်းညှိလိုက်လေ၏။

ထိုအခါ ဗဒူယူက ဩရကို လေသံတိုးတိုးဖြင့်

*"အဖေက ငါတို့ကို စာသင်ပေးတော့မယ်၊ စာက ဘာလုပ်ဖို့ သင်ရမှာလဲ၊ ငါစိတ်မဝင်စားဘူး"*

ဟု ပြောလေ၏။ ထိုအခါ ဩရက

*"ဘာပဲဖြစ်ဖြစ်၊ မင်း စာတတ်အောင်တော့ သင်ရမယ် ဗဒူယူ၊ မင်းက ချမ်းသာချင်တယ် မဟုတ်လား၊ ချမ်းသာချင်ရင် အလိုက်သိရမယ်လို့ အဖေကပြောတယ် မဟုတ်လား၊ စာတတ်ရင် အလိုသိဖို့ လွယ်သွားပြီလို့ ငါတော့ထင်တာပဲ"*

ဟု ဆိုလိုက်မှပင် ဗဒူယူသည် ငြိမ်သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဗဒ္ဒယူသည် စာသင်ကြားရာတွင် ဧျာက်သင်ပုန်းတစ်ချ
ဖြင့် အရေးလေ့ကျင့်ရသလို တစ်ခါတစ်ရံတွင် ကိုထွန်းလူပြောပြသည်
မြန်မာ့ရာဇဝင်၊ ကမ္ဘာ့ရာဇဝင်များကိုလည်းကောင်း၊ မြန်မာနိုင်
ရေမြေ တောတောင်သဘာဝများဖြစ်သည့် ပထဝီကိုလည်း နားထော
ရတာတ်၏။

ထိုအခါ ဗဒ္ဒယူသည် မူလက နာဂတောင်တန်းတစ်လျော
သာ လူများနေထိုင်သည့်နေရာကမ္ဘာတစ်ခုဟု ထင်ထားရာမှ ထိုထ
ပို၍ ကျယ်ပြော၏။





လူမျိုးစုပေါင်းစုံရှိသည့် မြန်မာနိုင်ငံအကြောင်းကိုသိရ၍ တအံ့
သြဖြစ်နေ၏။ ထိုထက်ပို၍လည်း မြန်မာနိုင်ငံကဲ့သို့ နိုင်ငံပေါင်းစုံ
ပေါင်းထားသည့် ကမ္ဘာကြီး၏အကြောင်းကိုလည်း၊ ကမ္ဘာကြီးပေါ်ရှိ
ကြီးများ၊ ပင်လယ်သမုဒ္ဒရာကြီးများအကြောင်းကို သိရလေရာ
က်လုံးပြူး၍သွားပြီး

*"ဒါဆိုရင် ဒီကမ္ဘာကြီးကလူတွေ တောတောင်*
*တွေနဲ့ လေးလံပြီး ပြုတ်ကျသွားမှာပေါ့"*

ဟု ဖခင်ကို မေးမြန်းမိ၏။

ထိုအခါ ဖခင်က ကောင်းကင်ရှိ ကြယ်များ၊ ဂြိုဟ်များကိုပြ
ကမ္ဘာ၊ လနှင့် နေတို့ပါဝင်သည့် နက္ခတ္တအကြောင်းကို အကြမ်း
င်းပြောပြရ၏။

ထိုမှနေ၍ လဆန်း၊ လဆုတ်နှင့် ပင်လယ်ဒီရေ အတက်အကျ
က်သွယ်နေပုံ၊ လဆန်း၊ လဆုတ်ကိုမှတည်၍ ရက်၊ လ၊ နှစ်တို့
တ်မှတ်ပုံကိုလည်း ပြောပြလေ၏။

ထိုအချိန် ဩရသည် စာကို ကောင်းစွာ ရေးတတ်ဖတ်တတ်
ပြီဖြစ်၏။ ၎င်းသည် ဖခင်၏စကားဝိုင်းပြီးဆုံးလျှင် တစ်နေရာတွင်
တ်၍ လွန်စွာ ဟောင်းနွမ်းသော စာအုပ်ကလေးတစ်အုပ်ကို ကြည့်၍
တိုးရွတ်ဆိုရင်း ဖတ်ရှုနေတတ်၏။

ထိုအခါ ဗဒ္ဒယူက



www.burmeseclassic.com

www.burmeseclassic.com



*"သြရ… မင်းဘာတွေရွတ်နေတာလဲ"*

ဟု မေးမြန်းလေရာ သြရက

*"ဒီစာအုပ်ကို လောကနီတိလို့ခေါ်တယ်၊ လောကနီတိ ဆိုတာ လူတွေလိုက်နာစောင့်ထိန်းပြီး ကျင့်ကြံရမဲ့အရာတွေ ကို ပညာရှိကြီးတွေက ရေးသားထားတာပဲ၊ ငါက ဒါကို အလွတ်ရအောင် ကျက်နေတာ၊ တစ်နည်းအားဖြင့် အလိုက် သိအောင် လေ့ကျင့်နေတာပေါ့ကွာ"*

ဟု အဖြေပေးလေ၏။

ဗဒ္ဒယူသည် ရောက်စကလိုမဟုတ်တော့ဘဲ တက်တက် ကြွကြွဖြစ်လာ၏။

ကိုထွန်းလူနှင့် သြရတို့ သားအဖနှစ်ယောက်စလုံးသည် နေ့စဉ်မနီမကပ်ကြဘဲ တာဝန်ကိုယ်စီဖြင့် လုပ်ကိုင်နေသည်ကို မြင်တွေ့ရသောကြောင့် အတုမြင်အတတ်သင်ဟူသောစကားအတိုင်း ဗဒ္ဒယူသည် ထိုသူများ၏ အမူအကျင့်တို့ ကူးစက်လာပြီဖြစ်၏။

ဖခင် ကိုထွန်းလူမှာ ရွာသားများနှင့် အကြောင်းကိစ္စ ဆက်ဆံသော်လည်း သြရမှာမူ အချိန်အားတိုင်း ရွာထဲသို့ ရောက် တတ်၏။

သြရသည် ထိုသို့သွားလာနေသော်လည်း ရွာစွန်ရှိ မုဆိုး





အိမ်တွင် ရေခပ်၊ ထင်းခွဲ စသည့် လိုအပ်သောအိမ်မှုကိစ္စများကို ဝင်ကိုင်ပေးခြင်းသာဖြစ်၏။

တစ်ခါတစ်ရံ ခြံဝင်းကျယ်ကြီးဖြင့် ဝန်ကင်လားများ၊ မြင်းများ မွေးမြူထားသည့် တရုတ်အဝိန်ထံသို့ ရောက်ရှိတတ်၏။

တစ်ခါတစ်ရံ တရုတ်လူဝကြီး ကုန်စုံဆိုင်တွင် ဈေးကူ၍ ရောင်းချပေးနေပြန်၏။ တစ်ခါတစ်ရံတွင် နာဂလူမျိုး မုဆိုး တစ်ယောက်၏ အိမ်သို့ ရောက်ရှိနေတတ်ပြီး ထိုအိမ်ရှိကလေးများကို ဝိုင်းကျောင်းပေးရင်း ဆော့ကစားနေတတ်၏။

ထို့ကြောင့်ပင် သြရသည် မြန်မာစကားအပြင် နာဂစကားကို လည်း မတောက်တခေါက်ပြောတတ်ကာ တရုတ်စကားကိုလည်း နားရည်ဝနေပေပြီ။

ထို့အပြင် နာဂတို့၏ ရိုးရာဓလေ့ထုံးစံများနှင့် ရင်းနှီးကျွမ်းဝင် သလို တရုတ်ရိုးရာ အတွေးအခေါ်အယူအဆများကိုလည်း ကောင်းစွာ တတ်မိသိရှိနေ၏။

သူတို့ ဆင်သေရွာကလေးတွင် မြန်မာလူမျိုးအချို့နှင့် အခြား တိုင်းရင်းသားများ နေထိုင်ကြသလို လူဦးရေအများစုမှာ တရုတ်လူမျိုး များ ဖြစ်လေ၏။

တစ်နေ့တွင် ဗဒ္ဒယူက သြရကို

*"သြရ… မင်းဘာဖြစ်လို့ တခြားသူတွေရဲ့အလုပ်*



www.burmeseclassic.com

www.burmeseclassic.com



ကို လိုက်လုပ်နေတာလဲ၊ အဲဒီလိုလုပ်တော့ အသားလွတ်ပင်ပန်းတာပဲရှိတာပေါ့၊ ငါဆိုရင် အိမ်အလုပ်အားလပ်တာနဲ့ အိပ်လိုက်တာ သိပ်ပြီးစိမ်ကျတာပဲ"

ဟု ပြောလေရာ ဩရက

"အလုပ်ဆိုတဲ့အထဲမှ ငွေကြေးရဖို့မဟုတ်ဘဲ သူတစ်ပါးအတွက် လုပ်ပေးရတဲ့အလုပ်လည်း ပါတယ်ကွ၊ အဲဒါဟာ အများအကျိုးအတွက် ကူညီတဲ့ ပရဟိတအလုပ်လို့ခေါ်တယ်၊ အလိုက်သိခြင်းထဲမှာ ပရဟိတအလုပ်က အဓိကပါဝင်တယ်ကွ"

ဟု ဆိုလေ၏။

သူတို့၏အိမ်သို့ တရုတ်လူဝကြီး၏ သမီးကလေး ရှုမေသည် မကြာခဏ လာရောက်တတ်လေ၏။ ရှုမေသည် စိုက်ခင်းထဲမှ ဟင်းသီးဟင်းရွက်များကို ခူးယူတတ်သလို၊ ဩရက တောပန်းရောင်စုံတို့ကို ခြံထဲတွင် စမ်းသပ်စိုက်ပျိုး၍ ဖူးပွင့်နေသည့် ပန်းများကိုလည်း တောင်းယူတတ်၏။ ရှုမေသည် ဩရကို အစ်ကိုဟစ်ယောက်လို ခင်တွယ်၏။

ထိုအခါ ဗဒူယူက ဩရကို

"ရှုမေက ငါ့ကိုတွေ့ရင် ဘီလူးသဘက်ကို တွေ့တာကျနေတာပဲ၊ ကြောက်သလိုရွံ့သလိုနဲ့ ဟိုတစ်နေ့က ငါစိုက်ခင်းထဲက ဟင်းသီးဟင်းရွက်တွေ





ကူညီပြီးခူးပေးမယ်ဆိုတာတောင် လက်မခံဘူး"

ဟု ပြောလေရာ ဩရက

"မင်းက စရောက်တဲ့နေ့ကတည်းက ရှုမေကို ကြမ်းကြမ်းတမ်းတမ်းသွားပြီး ဆက်ဆံလိုက်တာကိုးကွ၊ ဒါကြောင့် ရှုမေရင်ထဲမှာ မင်းကိုကြောက်ရွံ့နေတာဖြစ်မှာပေါ့၊ သူ့ကို ကောင်းကောင်းမွန်မွန်ဆက်ဆံရင် မင်းအပေါ် သဘောထားပြောင်းလာမှာပါ"

ဟု ဆိုလိုက်၏။

ဗဒူယူက ခေါင်းယမ်းပြီး

"သူက အပေါင်းအသင်း မလုပ်ချင်တာကို အောက်ကျနောက်ကျ ခံနေစရာမလိုပါဘူးကွာ"

ဟု ပြောဆိုလေ၏။

ဗဒူယူအတွက် ရွာထဲတွင် စိတ်ဝင်စားစရာ တစ်ခုသာရှိ၏။ ထိုအရာမှာ တရုတ်အဝိန်မွေးမြူထားသည့် လားများ၊ မြင်းများ ဖြစ်၏။ တစ်နေ့တွင် ဗဒူယူသည် စားကျက်တွင် လွှတ်ထားသည့် မြင်းတစ်ကောင်ကို တိတ်တဆိတ်တက်၍ စီးနင်းလေ၏။

ထိုအခါ မြင်းကခါချလေရာ ဗဒူယူသည် ညည်သို့ပင်ကုတ်တွယ်ထားစေကာမူ အတန်ကြာလျှင် မြင်းပေါ်မှ ချော်ကျဝက်ကျပြုတ်ကျလေ၏။ ထိုအပြင် အဝိန်ကသိရှိသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဟောကောင်လေး… မင်း ငါ့မြင်းစားကျက်နား ယောင်လို့ တောင်မကပ်နဲ့၊ ဟောဒီက ဒူးလေးစာမိသွားမယ်"

ဟု မာန်မဲကာ မောင်းထုတ်လေ၏။

ဗဒူယူသည် မကျေမနပ်ဖြင့် ဒေါပွကာအိမ်သို့ ရောက်လျှင် ဩရကို

"အဝိန်ကိုတော့ ဒီတစ်သက် ငါ ဘယ်တော့မှ မကျေနပ်ဘူး၊ သူ့မြင်းကိုစီးတာနဲ့ ငါ့ကိုမောင်းထုတ်တယ်၊ မင်းကိုတော့ ကြိုက်သလောက် စီးခွင့်ပြုတယ် မဟုတ်လား"

ဟု ပြောလေ၏။ ဩရက

"အဝိန်က သဘောကောင်းပါတယ်၊ အကြောင်းမဲ့ တော့ အဲဒီလိုပြောမှာ မဟုတ်ဘူး၊ တချို့မြင်းရိုင်း တွေဟာ အစီးကောင်းကောင်း မကျင့်ရသေးခင်မှာ လူစိမ်းတွေ သူတို့ကျောပေါ်တက်တာ ဘယ်လိုမှ လက်မခံဘူး၊ အဲဒီလို တက်မိရင်လည်း စီးနင်းသူက မြင်းရိုင်းကို နိုင်နိုင်နင်းနင်း ကိုင်တွယ်တတ်မှ မြင်းရိုင်းဟာ ဦးကျိုးသွားတတ်တယ်၊ မနိုင်မနင်းသွားပြီး လုပ်လို့ကတော့ သူ့ရဲ့အကျင့်ဆိုးကို ပိုပြီးခိုင်မာ





သွားအောင် လုပ်သလိုဖြစ်ပြီး မြင်းကိုင်တဲ့အခါ ပိုပြီးခက်ခဲတတ်တယ်၊ ဒါကြောင့် မင်းကိုနောက်အဲဒီလို မလုပ်ရဲအောင် ပြောဆိုလွှတ်လိုက်တာ ဖြစ်မှာပဲ၊ မင်းအတွက်လည်း အန္တရာယ်ရှိတယ် မဟုတ်လား၊ မြင်းစီးချင်တယ်ဆိုရင် ငါလိုက်ပို့ပါ့မယ်"

ဟု ဆိုလိုက်လေ၏။

ဩရသည် သူ့စကားအတိုင်းပင် နောက်တစ်နေ့၌ ဗဒူယူကို အဝိန်ထံသို့ ခေါ်ဆောင်သွားပြီး

"ဗဒူယူက အဝိန်ရဲ့မြင်းတွေ၊ လားတွေကို သဘောကျနေတယ်"

ဟု ပြောလိုက်ရာ အဝိန်က အစီခံမပါသည့် စီးကရက်ကို ...တာ မျက်လုံးမှေး၍

"သဘောကျရင် မြင်းတွေ၊ လားတွေအကြောင်း အရင်သိအောင် ကြိုးစားရတယ်ကွ၊ စိတ်ထင်သလို လျှောက်လုပ်လို့မရဘူး"

ဟု ဆိုလေ၏။

ထိုအခါ ဩရက ဗဒူယူ၏ ပခုံးကိုပုတ်၍

"ဗဒူယူ မင်းအားတဲ့အချိန်တွေမှာ ဒီခြံထဲက အလုပ်တွေလာပြီးကူညီလုပ်ပေးပေါ့ကွာ၊ ကြာလာရင်



www.burmeseclassic.com

www.burmeseclassic.com



*မြင်းတွေ၊ လားတွေနဲ့ ရင်းနှီးသွားမှာပါ"*

ဟု ပြောလေရာ အဝိန်က ခေါင်းညိတ်ပြီး

*"ဒါပေါ့ကွ၊ လှေကားထစ်ရဲ့ အပေါ်ဆုံးကို ရောက်အောင် တစ်ခါထဲ ခုန်တက်လို့မရဘူးကွ၊ ခွေးကျကျတတ်တယ်၊ ပထမအထစ်ကစပြီး တစ်ထစ်ခြင်း မှန်မှန်တက်ရတယ်၊ ခရီးမိုင်တစ်သောင်းကို ခြေတစ်လှမ်းက စရတယ်ဆိုတဲ့ တရုတ်စကားပုံရှိတယ်"*

ဟု ဆိုလေတော့၏။

ဤသို့ဖြင့် ဗဒူယူသည် အားလပ်ချိန်များတွင် အဝိန်၏မြင်းခြံသို့ ရောက်ရှိကာ အချိန်ကုန်နေတတ်ရာ ရက်အတန်ကြာတွင် မြင်းများလားများနှင့် အကျွမ်းတဝင် ဖြစ်သွား၏။ ထိုတိရစ္ဆာန်များ၏ အထာကိုလည်း ကောင်းစွာသိရှိသွား၏။

ထို့အတူ အဝိန်၏ ညာလက်ရုံးကဲ့သို့ အားကိုးကာ လက်ငှဖြစ်သည့် ရှောက်ယီဟူသော လူကြီးနှင့်လည်း လွန်စွာခင်မင်ရင်းနှီးသွားတော့၏။

ရှောက်ယီသည် မြင်းရိုင်းများကို ယဉ်ပါးအောင် ပြုလုပ်ရာတွင် လွန်စွာကျွမ်းကျင်၏။ သူ၏ ကိုယ်ခန္ဓာကလည်း အခြားလူများထက် တစ်ဆစ်ခွဲခန့်ကြီးမားကာ ဆံပင်ရှည်နီကြောင်ကြောင်တို့ကို မိန်းကလေးများကဲ့သို့ ကျစ်ဆံမြီးကျစ်ထားတတ်၏။





ဗဒူယူသည် ကြမ်းကြမ်းတမ်းတမ်းနေထိုင်တတ်သော ရှောက်ယီကို လွန်စွာအထင်ကြီး၏။ ရှောက်ယီမှာ အသတ်အပုတ် အတိုက်အခိုက်တွင်လည်း သူမတူအောင် အစွမ်းထက်လှ၏။

တစ်ခါက ဗဒူယူ၏ မျက်စိရှေ့တွင်ပင် ကညင်ပင်တစ်ပင်ကို နာဂလုံ့ရှည်ဖြင့် ထုတ်ခြင်းပေါက်အောင် ပစ်ခတ်ပြခဲ့ဖူး၏။

ရှောက်ယီ၏ ခါးတွင် တောင်ဆိတ်သားရေဖြင့် ပြုလုပ်ထားသော အိတ်တစ်လုံးက အမြဲလို ချိတ်လျက်ရှိ၏။

ထိုသားရေအိတ်တွင်း၌ ကိုယ်တိုင်ချက်လုပ်ထားသည့် တိုင်းရင်းသားရိုးရာ ဆန်အရက်ပါရှိ၏။

ရှောက်ယီသည် မိုးလင်းမှမိုးချုပ် ထိုသားရေအိတ်ကလေးဆီသို့ လက်က မကြာခဏ ရောက်နေလေ့ရှိ၏။ ဗဒူယူသည် နေ့စဉ် ရှောက်ယီနှင့်တွေ့ဆုံပြီးပြန်လာတိုင်း ထိုအကြောင်းများကို တစ်ခုမဟုတ်တစ်ခု ဩရအား ပြန်၍ ဖောက်သည်ချတတ်၏။ နောက်ဆုံးတွင် ဩရက

*"ဗဒူယူ၊ မင်းအနေနဲ့ ရှောက်ယီရဲ့အစွမ်းအစကို မြင်ပြီး အထင်ကြီးလေးစားနေတာ ငါမပြောလိုပါဘူး၊ ဒါပေမဲ့ လူတစ်ယောက်နဲ့ပေါင်းသင်းနေပြီဆိုရင် အဲဒီလူဆီက ကောင်းကွက်ကိုပဲယူပြီး ဆိုးကွက်တွေကို မေ့ပျောက်ပစ်ရ မယ်၊ ရှောက်ယီဟာ အစွမ်းအစရှိပေမဲ့*



www.burmeseclassic.com

www.burmeseclassic.com



ဆိုးသွမ်းတဲ့လူငယ်တစ်ယောက်ဆိုတာ မင်းကို သတိပေးပါရစေ”

ဟုပြောလေ၏။ ဗဒ္ဒယူက

“အခုဆိုရင် ရှောက်ယီက ငါ့ကို အတိုက်အခိုက် အသတ်အပုတ်တွေ ကျွမ်းကျင်အောင် သင်ပေးနေတယ်၊ ရှောက်ယီဟာ ငါ့အပေါင်းအသင်းမဟုတ်တော့ဘူး၊ ဆရာ တစ်ယောက်ဖြစ်သွားပြီ”

ဟုဆိုပြန်၏။ ထိုအခါ ဩရက လေးလေးနက်နက်ပင်

“အဲဒါဆိုရင် ပိုပြီး သတိထားရတော့မယ်၊ ဆရာဆိုတာ အဆိပ်နဲ့တူတယ်၊ အဆိပ်ကို အဆိပ်နဲ့ပဲဖြေနိုင်တဲ့ ကောင်းကျိုးမျိုးရှိနိုင်သလို အဆိပ်ကြောင့်ပဲ ဘေးဒုက္ခအန္တရာယ်ဖြစ်နိုင်တယ်၊ မင်းရဲ့ဆရာဟာ ဘေးဒုက္ခအန္တရာယ် ဖြစ်စေမဲ့ အဆိပ်မျိုးဟုတ်မဟုတ် သေသေချာချာ လေ့လာပါကွာ”

ဟုပြောလိုက်လေတော့၏။





တစ်နေ့တွင် ဗဒ္ဒယူသည် ကိုထွန်းလူထံတွင် ရှောက်ယီနှင့်အတူ နာဂတောင်တန်းတစ်လျှောက် ဝန်တင်လားအငှားလိုက်ရင်း ခရီးထွက်ရန် ခွင့်တောင်းလေ၏။

စွန့်စား၍ ကုန်ကူးသန်းလိုသော တရုတ်လူမျိုးကုန်သည်တစ်ယောက်က အာသံနယ်ဘက်သို့ သွားရောက်၍ ကုန်ရောင်းကုန်ဝယ်ပြုလုပ်ရန် အဝိန်၏လားများကို ငှားရမ်းလေ၏။

ထိုအခါအဝိန်က ပုံမှန်အတိုင်းပင် ရှောက်ယီကို လားများအား ကြီးကြပ်အုပ်ချုပ်စေ၍ အခြားလားထိန်းများနှင့်အတူ စေလွှတ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုခရီးတွင် ဗဒ္ဒယူက လိုက်ပါရန် ရောက်ယီအား ပြောဆိုခဲ့ပြီးဖြစ်၏။ ဗဒ္ဒယူအတွက်လည်း ဝန်တင်လားများကို ထိန်းကျောင်းရင်း လိုက်ပါ၍ အခကြေးငွေရရှိမည်ဖြစ်၏။

ထိုသို့ ခွင့်တောင်းလေရာ ကိုထွန်းလူက

"ယောကျ်ားတစ်ယောက်အတွက် ခရီးသွားလာတဲ့ အတွေ့အကြုံလိုအပ်တာပဲ၊ စွန့်စားသွားလာခြင်းဟာ လူရဲ့ အရည်အသွေးကို ပိုပြီးတောက်ပြောင်စေတယ်"

ဟုဆိုကာ ဗဒ္ဒယူကို ခရီးထွက်ခွင့်ပြုလေ၏။ ဗဒ္ဒယူတို့ ခရီးထွက်ခွာသွားလျှင် ဩရက ဖခင်ကို

"အဖေ ရောက်ယီဟာ ဘယ်လိုလူမျိုးလဲဆိုတာ အဖေသိပါတယ်၊ ဗဒ္ဒယူကို ရောက်ယီနဲ့ပေါင်းသင်းနေတာ ကျွပ်သဘောကျဘူး"

ဟုပြောလိုက်၏။ ထိုအခါ ကိုထွန်းလူက ဆေးတံကိုဖွာ၍

"ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်တရား ကိုယ်စီရင်ကြတာပဲကွာ၊ မင်းကိုတောင် ဗဒ္ဒယူရောက်မလာခင်တစ်နှစ်က နာဂမုဆိုးတွေနဲ့ စာရာမေတိဘက်ကိုတောင် အဖေထည့်လိုက်သေးတာပဲ၊ ဗဒ္ဒယူကို ရောက်ယီနဲ့ သွားခွင့်မပြုရင် သူ့စိတ်ကောင်းမှာမဟုတ်ဘူး၊ ဗဒ္ဒယူဟာ အဖေရဲ့ သားဖြစ်နေပြီ၊ သူ့ရဲ့ကောင်းမွေ





ဆိုးမွေကို အဖေတို့ ရှောင်လွှဲလို့မရဘူး"

ဟုပြောလေ၏။

ဗဒ္ဒယူတို့၏ ခရီးသည် အသွားအပြန်ဆိုလျှင် နှစ်လခန့်ကြာမြင့်ပေလိမ့်မည်။ ဗဒ္ဒယူ ခရီးထွက်သွားပြီး နောက်တစ်နေ့တွင်ပင် သူတို့ထံသို့ ထူးဆန်းသော ဧည့်သည်တစ်ယောက် ရောက်ရှိလာ၏။

ထိုသူ၏အသားမှာ လွန်စွာမည်းနက်ပြီး လူကောင်ကလည်း လွန်စွာသေးကွေး၏။

လွန်စွာ တောက်ပြောင်သည့်အင်္ကျီနှင့်ဘောင်းဘီပွကြီးများကိုလည်း ဝတ်ဆင်ထား၏။ ၎င်းသည် ခရီးဆောင်ကျောပိုးအိတ်ကြီးတစ်လုံးကိုလည်း လွယ်ပိုးထားသေးရာ ခရီးဆောင်အိတ်က လူထက်ပင်ပို၍ ကြီးမားနေသယောင် ထင်ရ၏။

သူ၏မျက်နှာမှာမူ ခရီးလမ်းကြမ်းတမ်းမှုကြောင့် မောပန်းနွမ်းနယ်နေဟန်ဖြင့် ရှုံ့မဲ့နေလေ၏။

ကိုထွန်းလူက ထိုသူကိုမြင်လျှင်

"ဖျောက်ဆိပ်"

ဟုဝမ်းသာအားရ အော်ဟစ်လိုက်လေ၏။ ဩရသည် ဖခင်ကို တစ်ခါမျှ ထိုကဲ့သို့ ဝမ်းသာရွှင်လန်းနေသည်ကို မမြင်ဖူးခဲ့ချေ။ ခရီးသွားဧည့်သည်သည် ဖခင်နှင့် လွန်စွာရင်းနှီးသူသာဖြစ်ရပေမည်ဟု တွေးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖျောက်ဆိပ်ဟူသည့် ခရီးသွားဧည့်သည်က တဲကြီးအတွင်းသို့ရောက်လျှင် ခရီးဆောင်အိတ်ကို ကွပ်ပျစ်ပေါ်သို့ ဗုန်းခနဲပစ်ချပြီး ဗိုက်ကိုပွတ်၍

"ကိုထွန်းလူ၊ ကျုပ်ကို ရှိတာကျွေး ချကျွေးစမ်းပါဗျာ၊ ကျုပ်ဗိုက်ထဲကို အစာမရောက်တာ နှစ်ရက်ရှိပြီ"

ဟုပြောလေ၏။

ဩရလည်း ဖခင်၏အမိန့်အတိုင်း ထိုသူကို ထမင်းပွဲပြင်ကာ ကျွေးမွေးရ၏။ ထိုသူသည် ထမင်းကို အငမ်းမရ စားသောက်ပြီးနောက် ရေကို တစ်ခွက်ပြီးတစ်ခွက်သောက်ကာ

"ကိုထွန်းလူ ကျုပ်အတွက် ကျောတစ်နေရာစာကလေးချဖို့ စီစဉ်ပေးပါဦး၊ ကျုပ် (၇) ရက်လောက်နှစ်နှစ်ခြိုက်ခြိုက် မအိပ်ခဲ့ရလို့ အိပ်မက်ထဲမှာ နတ်သမီးကလေးတွေနဲ့ မတွေ့ရတာကြာပြီ၊ အခု နတ်သမီးကလေးတွေနဲ့ တွေ့လိုက်ဦးမယ်ဗျာ"

ဟု ပြောပြန်၏။

ထိုအခါ ဩရလည်းထိုသူအတွက် အိပ်ရာပြင်ပေးရ၏။ ထိုသူသည် အိပ်ရာထက်တွင် လဲလျောင်းလိုက်သည်နှင့် တုံးခနဲအိပ်ပျော်သွားလေ၏။





ကိုထွန်းလူသည် သူ၏ဧည့်သည် အိပ်ပျက်မည်စိုး၍ ပန်းပဲအလုပ်ကို ရပ်တန့်ထား၏။ ဩရက ဖခင်ကို

"အဖေ ဖျောက်ဆိပ်ဆိုတာ မိုးပေါ်က ကြက်သားပေါက်ကလေးတွေလို စုနေတဲ့ကြယ်စုကလေးကို ခေါ်တာမဟုတ်လား၊ ကြတ္တိကာနက္ခတ်လို့လည်း ခေါ်တယ်လေ၊ ပြီးတော့တစ်မိုးလုံး ဖျောက်ဆိပ်ဆိုတဲ့စကားကိုလည်း ကျုပ်ကြားဖူးတယ်"

ဟု ပြောလေရာ ဖခင်ကရယ်မော၍

"မှန်တာပေါ့ကွာ ဟိုနေရာစပ်စပ်၊ ဒီနေရာစပ်စပ် ပါတတ်တဲ့လူတွေကို တစ်မိုးလုံးဖျောက်ဆိပ်ချည်းပဲလို့ နှိုင်းယှဉ်ပြောတတ်တယ်၊ ညအခါကောင်းကင်ကို ကြည့်လိုက်ရင်လည်း နေရာတကာမှာ မှိတ်တုတ်မှိတ်တုတ်နဲ့ ဖျောက်ဆိပ်ကြယ်စုကလေးတွေချည်းရှိနေတယ်လို့ ထင်ရတယ်မဟုတ်လား၊ ဟောဟိုက တုံးလုံးပက်လက်အိပ်နေတဲ့ ဖျောက်ဆိပ်ဟာလည်း နေရာတကာမှာ ပါဝင်တတ်တယ်ကွ၊ မြန်မာပြည်အနှံ့အပြားသူမရောက်တဲ့ဒေသမရှိမလို အိန္ဒိယတို့၊ တရုတ်ပြည်တို့အထိ ခြေဆန့်ပြီး သွားလာနေတဲ့သူပဲ"

ဟု ဆိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖျောက်ဆိပ်မှာမူ ကောင်းကင်မှ နတ်သမီးကလေးများနှင့် တွေ့ဆုံနေပြီလားမသိ၊ တခူး ခူးတခေါခေါနှင့် အသံမျိုးစုံပေးလျက် ရှိ၏။ ထိုအခိုက်ဩရက

"သူက ဘာဖြစ်လို့ အဲဒီလို သွားလာနေတာလဲ"

ဟု ဖခင်ကိုမေးမြန်းလေ၏။

ကိုထွန်းလူက

"စွန့်စားသွားလာချင်တဲ့စိတ်က သူ့ရဲ့ အသွေး အသားထဲမှာစိမ့်ဝင်နေလို့တဲ့ကွဲ၊ သူက အဖေ့ကို အဲဒီလို ပြောဖူးတယ်၊ အဲဒီသွေးတွေအကုန်လုံး ဖောက်ထုတ်ပစ် လိုက်မှ သူ့ရဲ့ခြေထောက်တွေ ငြိမ်သက်သွား မယ်တဲ့၊ သူ့ရဲ့ စွန့်စားသွားလာခြင်းဟာ သေမှပဲ ရပ်တန့်မယ်လို့ ဆိုတာပေါ့ကွာ၊ အခုလည်း ဘယ်လို ခရီးကြမ်းမျိုးကို သွားလာခဲ့သလဲမသိဘူး၊ တော်တော် ပင်ပန်းနွမ်းနယ်နေ ပုံရတယ်၊ တကယ်တော့ ဖျောက်ဆိပ်ဟာ အဖေရဲ့ အသက်သခင်ကျေးဇူးရှင်ပါ"

ဟု ပြောလေရာ ဩရက မျက်လုံးအဝိုင်းသားဖြင့် ရှိနေ၏။ ကိုထွန်းလူက ဝါးဆေးတံကို မီးရိုးတထောင်းထောင်း ထအောင် ဖွာပြီး

"မိုးတွေသဲသဲမဲမဲ ရွာတဲ့ညတစ်ညမှာ ငါ့သား





ရေချိုးနေကြ မြစ်ဆိပ်အနီးမှာ ဖျောက်ဆိပ်နဲ့အဖေတို့ မထင်မှတ်ပဲ တွေ့ခဲ့ကြတယ်၊ အဲဒီအချိန်က လူပျို လူလွတ်တစ်ယောက်ဖြစ်တဲ့ အဖေဟာ ဓာတ်မီးရှော့နဲ့ ဘက်ကနေပြီး ချောင်းတွင်းမြစ်ရိုးတစ်လျှောက် အစုန် အဆန်ကုန်ကူးနေတဲ့ ကုန်သည်တစ်ယောက်ပေါ့၊ တစ်နေ့မှာ အဖေစီးနင်းလာတဲ့ လှေကြီးဟာ ဆင်ကလိန်းချောင်းအထက်ဘက်မှာ လေပြင်း မုန်တိုင်း မိပြီး တိမ်းမှောက်သွားခဲ့တယ်၊ အဖေဟာ ရေကူး ကျွမ်းကျင် ပေမဲ့ လှေတိမ်းမှောက်တဲ့ အချိန်ကတည်း က ခေါင်းကိုထိခိုက်မိပြီး သတိကင်းလွတ်သွားခဲ့တယ်၊ အဖေဟာ ရေထဲမှာမျောပါလာရင်း အကြောင်းကိုစွ တစ်ခုနဲ့ မိုးလေကြားထဲမှ ဆင်ကလိန်းချောင်းဘက်ကနေ လှေနဲ့ဖြတ်ပြီး ဒီဆင်သေရွာဘက်ကို ကူးလာတဲ့ ဖျောက်ဆိပ်က အဖေ့ကို တွေ့ပြီး ကယ်တင်ခဲ့တာပဲ၊ ပြီးတော့ သတိကင်းလွတ်နေတဲ့ အဖေကို အခု အဖေတို့နေတဲ့ တဲကြီးကိုခေါ်လာခဲ့တယ်၊ ဒီတဲကြီးဟာ အရင်ကလည်း ယန်းပဲဖိုတဲကြီးပဲ"

ဟု ဆိုလေရာ ဩရက

"ကျူပ်အဘိုးကလည်း ယန်းပဲဆရာကြီးလို့ အဖေ



www.burmeseclassic.com

www.burmeseclassic.com



ပြောဖူးတယ် မဟုတ်လား၊ ဒါဆိုရင် အဲဖေကဦးလေး ဖျောက်ဆိပ်ကယ်တင်ခဲ့လို့ အဘိုးရဲ့ ယန်းပဲဖိုတဲကြီးကို ရောက်တယ်၊ ပြီးတော့ အဘိုးရဲ့သမီးနဲ့တွေ့တယ်၊ နောက်တော့ ဒီမှာပဲ အခြေချလိုက်တယ် မဟုတ်လား၊ ဒါဆိုရင် ဦးလေးဖျောက်ဆိပ်ဟာ ကျုပ်အတွက်လည်း ကျေးဇူးရှင်ပဲပေါ့၊ သူကူညီခဲ့လို့ အဖေနဲ့အမေဆုံတွေ့ခဲ့ကြတာမဟုတ်လား၊ အဖေနဲ့အမေမဆုံတွေ့ခဲ့ရင် ကျုပ်လည်း လူ့လောကကြီးထဲကို ဘယ်ရောက်လာလိမ့်မလဲ”

ဟု ပြောလိုက်၏။

ထိုအခါ ကိုထွန်းလူက ခေါင်းတဆတ်ဆတ်ညိတ်၍ ရယ်မောကာ ဩရ၏စကားကို ထောက်ခံလေတော့၏။ ကိုထွန်းလူသည် ညနေစောင်းလျှင် ဖျောက်ဆိပ်ကို ခေါင်းရည်နှင့် တွဲ၍ပြေ့ခံရန် အဲ ဟင်းလျာများ ဝယ်ယူရန် ရွာထဲရှိ နာဂမုဆိုးများ၏ တဲစုတ်ကလေးသို့ ထွက်ခွာသွားလေ၏။

ထိုအချိန်၌ပင် ဖျောက်ဆိပ်သည် အိပ်ရာမှနိုးထလာ၏ ထို့နောက် ဖျောက်ဆိပ်က ဩရကိုခေါ်၍ မြစ်ကမ်းပါးထက်တွင် လမ်းလျှောက်လေ၏။ ထိုအခါ ဩရက သူ၏ရင်ထဲတွင် ဖြစ်ပေါ် လာသော မေးခွန်းတစ်ခုကို ဖျောက်ဆိပ်အား မေးမြန်းလိုက်၏။





“ဦးလေး ဖျောက်ဆိပ်က ဒီလိုပဲစွန့်စားသွားလာပြီး တစ်သက်လုံးနေတော့မှာလား”

ဖျောက်ဆိပ်က ဩရ၏မေးခွန်းကြောင့် ခေါင်းကုတ်ပြီး

“ငါတောင်အဲဒီလို တစ်ခါမှမစဉ်းစားမိသေးဘူး၊ ဟုတ်ပြီလေ၊ တစ်ခါတည်းစဉ်းစားကြည့်ရအောင် ငါဟာ တစ်ချိန်ချိန်မှာ ငါ့ကိုယူမဲ့ မိန်းမတစ်ယောက်ယောက်နဲ့ မတော်တဆဖူးစာဆုံခဲ့ရင်လည်း ခြေငြိမ်သွားနိုင်တယ်ကွ၊ ဒါမှမဟုတ် (၉၆)ပါးရောဂါ တစ်မျိုးမျိုးနဲ့ အိပ်ရာထဲလဲနေရင်လည်း ခြေငြိမ်နေရမှာပဲ၊ ဒီလိုမှမဟုတ်ရင်တော့ ငါ့ကို တိုင်းပြည်အုပ်ချုပ်တဲ့ ဘုရင်လုပ်ခိုင်းရင်တောင် ရာဇပလ္လင်မှာ တစ်ရက်တောင် ဖင်မြဲအောင်ထိုင်နိုင်မှာ မဟုတ်ပါဘူးကွာ၊ ခရီးလှည့်လည်သွားလာခြင်းဟာ ငါ့အတွက်မဆုံးနိုင်တဲ့ စာအုပ်ထူကြီးတစ်အုပ်ကို ဖတ်ရှုနေရသလိုပဲ၊ လူတိုင်း လူတိုင်းဟာလည်း မမြင်မသိနိုင်တဲ့ ကံကြမ္မာအလှည့်အပြောင်းတွေအများကြီးပါတဲ့ ကိုယ်ပိုင် စာအုပ်ထူကြီးတွေကို ဖတ်ရှုနေကြတာပါပဲ၊ လူ့ဘဝဆိုတာကို ငါကြားဖူးတဲ့ပုံပြင်ကလေးတစ်ပုဒ်နဲ့ နှိုင်းယှဉ်ပြီး ပြောပြမယ်ကွ”



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုလေ၏။

ဩရလည်းဖျောက်ဆိပ်၏စကားကို စိတ်ဝင်တစား နားစွင့်နေမိ၏။ ဖျောက်ဆိပ်ကဆက်၍

"တစ်ခါက အစာရေစာပြတ်လတ်ပြီး၊ ပိန်လှီချည့်နဲ့နေတဲ့ မြေခွေးတစ်ကောင်ဟာ သိုးခြံတစ်ခြံအနားကို ရောက်လာခဲ့တယ်ကွ၊ သိုးတွေရဲ့အသံကို ကြားရတာနဲ့ မြေခွေးရဲ့ဗိုက်ဟာ ပိုပြီးဆာလောင်လာတော့တာပဲ၊ မြေခွေးဟာ ခိုင်ခိုင်ခံ့ခံ့ကာရံထားတဲ့ သိုးခြံကိုလှည့်ပတ်ပြီး ချောင်းမြောင်းတဲ့အခါ၊ ခြံဝင်းတစ်နေရာမှာ အပေါက်သေး သေးလေးတစ်ပေါက်ကို တွေ့လိုက်ရတဲ့အတွက် တော်တော်ကလေး ဝမ်းသာသွားခဲ့တယ်၊ သူဟာ အစာရေစာ ပြတ်လတ်နေတဲ့အတွက် ပိန်လှီနေကော့ အဲဒီအပေါက်က သူဝင်ဖို့ အနေတော်ဖြစ်နေတယ်၊ ဒီလိုနဲ့ မြေခွေးဟာ သိုးခြံထဲကို ရောက်သွားပါလေရော ဆာလောင်နေတဲ့သူဟာ နတ်သုဒ္ဓါအိုးကြီးထဲ ခေါက်ထိုးကျသွားသလိုပေါ့ကွ၊ မြေခွေး ကသိုးတွေကို တစ်ကောင်ပြီးတစ်ကောင် ဖမ်းယူသတ်ဖြတ်ပြီး ပွဲတော်တည်တော့တာပဲ၊ အဲဒီလို အစာအာဟာရအပြည့်ရရှိနေတော့၊ မြေခွေးလည်း တစ်နေ့တစ်ခြား ကြီးမား





ထွားကြိုင်းလာတော့တာပေါ့၊ တစ်နေ့မှာ မြေခွေးဟာ သိုးခြံပိုင်ရှင်ရောက်လာရင် သူဒီကပြန်ပြီးထွက်ပြေးရမယ်ဆိုတာတွေးမိပြီး ထိတ်လန့်သွားတယ်၊ ဘာကြောင့်လဲဆိုတော့ သူရဲ့ အဆမတန်ထွားကျိုင်းနေတဲ့ ခန္ဓာကိုယ်ကြီးအတွက် သူဝင်လာတဲ့အပေါက်ကဘယ်လိုမှထွက်လို့ မရအောင် ကျဉ်းမြောင်းနေတာကိုး၊ ဒါကြောင့်မြေခွေးဟာ သူရဲ့ကိုယ်ခန္ဓာကို ပြန်ပြီးပိန်လှီသွားအောင် အစာငတ်ခံပြီး နေရတော့တယ်၊ အဲဒီလိုနေလိုက်တော့မှ အပေါက်ကလည်း သူ့ရဲ့ခန္ဓာကိုယ်နဲ့ အတော်ဖြစ်သွားတော့တယ်၊ လူတွေလည်း ဘဝတစ်ခုကို ရလာလို့ အသာငမ်းငမ်းနဲ့ လောဘတွေတက်ပြီး ရှာဖွေစုဆောင်းကြရတယ်၊ ဘဝထဲက ထွက်သွားတော့လည်း ဘာမှပါမသွားပါဘူးကွာ"

ဟု ပြောလေ၏။ ထိုအခါ ဩရက မျက်မှောင်ကြုတ်ပြီး

"ဒီလိုဆို လူ့ဘဝက ဘာအဓိပ္ပာယ်ရှိမှာလဲ"

ဟု ဆိုလေရာ ဖျောက်ဆိပ်က တဟဲဟဲ ရယ်၍

"ဟဲ ဟဲ... မင်းကိုငါပြောတာက လူ့ဘဝက ထွက်သွားရင် ဘာမှယူသွားလို့မရဘူးလို့ပြောတာကွ၊ ဘာမှယူသွားလို့မရပေမဲ့ တို့တွေဟာ လူ့လောကကြီး



www.burmeseclassic.com

www.burmeseclassic.com



အတွက် အများကြီးချန်ထားခဲ့လို့ရတယ်ဆိုတာ မင်း မစဉ်းစားမိဘူးလား၊ လူ့အမျိုးမျိုးဟာ အကောင်း အဆိုး၊ လှပ်ရပ်အမျိုးမျိုးကို ချန်ထားခဲ့ကြတာပါပဲ''

ဟုပြောလေ၏။

ဩရသည် အတန်ကြာမျှ ငြိမ်သက်သွားပြီး နောက်နှုတ်များမှ

''ဟုတ်တယ်၊ ယူသွားလို့တော့မရဘူး၊ ချန်ထား လို့တော့ရတယ်''

ဟုရေရွတ်လေ၏။

ကိုထွန်းလူသည် ဖျောက်ဆိပ်အတွက် ခေါင်းရည်နှင့် အသားငါးများကို ကိုယ်တိုင်ချက်ပြုတ်ပြင်ဆင်လေ၏။ ထို့နောက် သူတို့နှစ်ဦးသည် ခေါင်းရည်အိုးကို အလယ်တွင်ထား၍ စားလိုက်၊ သောက်လိုက်ဖြင့်ညဉ့်နက်သည်အထိ လက်စမသတ်သေးပေ။ ဩရသည်ဖင်အိပ်စက်သွားပြီဖြစ်၏။

ထိုအခါ ဖျောက်ဆိပ်က

''ကိုထွန်းလူ ကျုပ်အခုတစ်ခေါက် ခင်ဗျားဆီကို ရောက်လာတာ ခရီးကြုံသက်သက် လှည့်ဝင်လာတာ မဟုတ်ဘူးဗျ၊ အကူအညီတစ်ခုတောင်းရအောင် ရောက်လာတာပါ''

ဟု စကားစလေ၏။



ကိုထွန်းလူက ဖျောက်ဆိပ်ကိုကြည့်၍

''ခင်ဗျားမှာ အရေးတကြီးကိစ္စကြုံလာမှန်း ရောက်စကတည်းက ကျုပ်ရိပ်မိပါတယ်၊ ခင်ဗျား အတွက်ဆိုရင် ကျုပ်ဘက်က အဆင်သင့်ပါပဲ''

ဟုပြောလိုက်၏။

ဖျောက်ဆိပ်ကလည်း ယုန်သားဟင်းချိုကို တရှူးရှူးမှုတ်၍ သောက်ပြီး

''ကျုပ် ဒီကိုရောက်လာတဲ့အထိ လူတစ်စုရဲ့ လက်ထဲကနေ အသက်လုပြီးပြေးခဲ့ရတယ်ဗျ၊ ဘာကြောင့်လဲဆိုတော့ ကျုပ်က သူတို့ငမ်းငမ်းတက် လိုချင်နေတဲ့ပစ္စည်းတွေကို အလစ်သုတ်လာခဲ့တာကိုး၊ ဒါပေမဲ့ပစ္စည်းအားလုံးပေါင်းက (၉)မျိုးရှိတယ်၊ တချို့ ပစ္စည်းတွေက ကျုပ်လက်ထဲမရောက်သေးဘူး၊ ကျန်တာတွေကို ဆက်ပြီး ရှာဖွေရဦးမယ်၊ အဲဒီလို ရှာဖွေနေတဲ့အချိန်မှာ ကျုပ် လက်ထဲမှာရှိတဲ့ပစ္စည်း တချို့ကို ခင်ဗျားဆီမှာ စိတ်ချလက်ချ အပ်နှံထား ချင်တယ်''

ဟုဆိုလေရာ ကိုထွန်းလူက မျက်မှောင်ကြုတ်၍

''ခင်ဗျားဒီလောက် အရေးတကြီးဟန်ဖြစ်နေပုံ

www.burmeseclassic.com

www.burmeseclassic.com



သောက်ရင် ပစ္စည်းတွေက အဖိုးထိုက်၊ အဖိုးတန် ရတနာတွေ ဖြစ်လိမ့်မယ်ထင်တယ်''

ဟုပြောလေ၏။

ဖျောက်ဆိပ်က ခေါင်းရည်ထည့်ထားသည့် ဝါးဆစ်ပိုင်းခွက်ကိုငွပ်ခနဲ မော့ချပြီး ခေါင်းယမ်းကာ

''တိုင်းရင်းသားမျိုးနွယ်စုရဲ့ မျိုးရိုးစဉ်ဆက် အမြတ်တနိုးတန်ဖိုးထားပြီး စောင့်ရှောက်ခဲ့တဲ့ ပစ္စည်းတွေဗျ။ ကျုပ်တို့အတွက် အဖိုးထိုက်တန်ချင်မှတန်လိမ့်မယ်၊ သူတို့အတွက်တော့ အသက်သောက်ကို အဖိုးထိုက်တန်တာပေါ့ဗျာ၊ ဒီအကြောင်းကိုပြောရရင် ဘိုးတော်ဘုရားဆိုတဲ့ စစ်ကိုင်းမင်းလက်ထက်က စပြီး ပြောရလိမ့်မယ်''

ဟု ဆိုကာခေါင်းရည်ကိုမော့လိုက်ပြန်၏။

ကိုထွန်းလူက စိတ်ဝင်တစားနားစွင့်နေလေရာ ဖျောက်ဆိပ်ကဆက်၍

''ခရစ်နှစ် (၁၈၂၁)ခုနှစ်က အာသံဘုရင်ခံ စန္ဒကန္တရိုန်ဟာ ဗြိတိသျှနယ်ချဲ့တွေရဲ့ ကြေးစားစစ်တပ်အကူအညီနဲ့ အင်းဝနေပြည်တော်ကို သောင်းကျန်ခြားနားခဲ့တယ်ဗျ။ ဒါကြောင့် ဘကြီးတော်





မင်းတရားကြီးရဲ့ အမိန့်တော်နဲ့ စစ်သူကြီးမဟာဗန္ဓုလဟာ စစ်သည် ဗိုလ်ပါ(၇၀၀၀)ကို အုပ်ချုပ်ပြီး၊ အာသံကို စစ်ချီတက်ခဲ့တယ်၊ အဲ စစ်ကြောင်းကြီးဟာ အင်းဝနေပြည်တော်ကနေ ဗန်းမော်၊ ဗန်းမော်က နေ မိုးကောင်း၊ အဲဒီကမှ အာသံကိုချီတက်ခဲ့တယ်၊ အဲဒီအချိန်မှာ အခုဟူးကောင်းဒေသမှာရှိတဲ့၊ မိုင်းခွန်းနယ်က၊ ရှမ်း၊ ကချင်၊ ဂျိန်းဖော့ အကြီးအကဲတွေဖြစ်ကြတဲ့ ငွမ်လောင်မစော်ဖျိုး၊ မကျောင်ကာဒန်၊ ဓလောဘွမ်တူးနဲ့ ရှရော့လတို့ဟာ စစ်သူကြီးမဟာဗန္ဓုလရဲ့ မြန်မာစစ်တပ်နဲ့ အတူ အာသံကို ချီတက်ခဲ့ကြတယ်၊ အဲဒီတုန်းက အဲဒီပုဂ္ဂိုလ်တွေအားလုံးကို ဘကြီးတော်မင်းက ထိုက်တန်ရာ ဂုဏ်ထူးဘွဲ့ထူးတွေ ချီးမြှင့်ခဲ့တယ်၊ အဲဒီဘွဲ့ထူးတံဆိပ်တွေကတော့ စစ်ခမောက်၊ တောင်ရှည် အင်္ကျီ၊ ခြေနင်း၊ ရွှေစလွယ်တစ်စုံ၊ ပိုးကန့်လန့်ကာ၊ ရွှေထီး၊ ရွှေတုတ်နဲ့ ရွှေပြားဘွဲ့တံဆိပ် ဆိုပြီး စုစုပေါင်း (၉)မျိုးရှိတယ်''

ဟုပြောလေရာ ကိုထွန်းလူက ခေါင်းတဆတ်ဆတ်ညိတ်ကာ

''ဒါဆိုရင် ခင်ဗျားအခုလိုက်ပြီး စုဆောင်းနေတာ နေမျိုးသိပရာဇဘွဲ့ခံတဲ့ ဟဒ္ဒဝါဒိုင်ဖာဂမ်ရဲ့ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



တွေပေါ့"

ဟု မေးမြန်းလေ၏။ ဖျောက်ဆိပ်က ခေါင်းရမ်းပြီး

"ဒွဝါဒိုင်ဖာဂမ်ရဲ့ပစ္စည်းတွေ မဟုတ်ဘူးဗျ၊ သူ့ကိုလည်း ဘွဲ့တံဆိပ်ချီးမြှင့်ခံရတဲ့ ပုဂ္ဂိုလ်တစ်ယောက်လို့ပဲ မှတ်ထားပါဗျာ၊ အမည်ကို ဖော်ပြီး မပြောနိုင်တာ ကျုပ်ကိုခွင့်လွှတ်ပါ၊ အဲဒီပစ္စည်းကို မျိုးရိုးစဉ်ဆက်လွှဲပြောင်းထားရတာပါ၊ အဲဒီပစ္စည်းတွေကို နောက်ဆုံးထိန်းသိမ်းထားရတဲ့သူဟာ တစ်ကောင်ကြွက်တစ်ယောက်ဖြစ်နေတဲ့ အလွန်ပဲငယ်ရွယ်တဲ့ မိန်းကလေးတစ်ယောက်ဆိုရင် ခင်ဗျားအံ့သြသွားလိမ့်မယ်၊ အသက်ကလည်းခင်ဗျားရဲ့သား ဩရလောက်ပဲရှိဦးမယ်၊ သူ့အမည်က 'နန်းမြအေး' လို့ခေါ်တယ်၊ နန်းမြအေးဟာ တစ်ကောင်ကြွက်ဖြစ်ပြီး မိဘတွေမရှိရှာတော့ပေမဲ့၊ စည်းစိမ်ဥစ္စာအပြည့် အခြွေအရံတွေအများကြီးနဲ့ နေထိုင်နိုင်တဲ့ မိန်းကလေးပါ၊ ကျုပ်ကို နန်းမြအေးက သူ့ရဲ့အခက်အခဲအကျပ်အတည်းတွေကို ယုံယုံကြည်ကြည် နဲ့ဖွင့်ပြောပြီး အကူအညီတောင်းခဲ့လို့ ဒီဇာတ်လမ်းထဲမှာ၊ ကျုပ်ပါဝင်ပြီး ကပြနေရတာပါဗျာ"





ဟုပြောလေ၏။

ကိုထွန်းလူက ဖျောက်ဆိပ်၏ခေါင်းရည်ခွက်ထဲသို့ခေါင်းရည်ငှဲ့ထည့်ပေးလိုက်ပြီး၊ သူကိုယ်တိုင်ကမူဝါးဆေးတံကြီးကို မီးညှိဖွာရှိုက်ကာ

"ခင်ဗျားနဲ့တွေ့လိုက်ရရင်၊ ဒီလိုစိတ်လှုပ်ရှားစရာအကြောင်းတွေ အများကြီးကြားရတယ်၊ နန်းမြအေးဆိုတဲ့ မိန်းကလေးအကြောင်းကိုတော့ ကျုပ် တော်တော်စိတ်ဝင်စားနေမိပြီ"

ဟုစကားလမ်းကြောင်းလိုက်ရာ ဖျောက်ဆိပ်ကခေါင်းညိတ်ပြီး

"သူနဲ့ပတ်သက်တဲ့အကြောင်းတွေတော့ ကျုပ်ပြောပြနိုင်ပါတယ်၊ နန်းမြအေးဟာ ဟူးကောင်းဒေသတစ်နေရာက လူသူအရောက်အပေါက်နည်းပါးတဲ့ ရွာကလေးတစ်ရွာမှာ သူ့ရဲ့သားချင်းဆွေမျိုးတွေ ဝိုင်းဝန်းစောက်ရှောက်မှုနဲ့ နေထိုင်ရတဲ့မိန်းကလေးတစ်ယောက်ပါပဲ၊ သူတို့ရဲ့ရိုးရာဓလေ့ထုံးစံအရ မျိုးနွယ်တူထဲက ယောကျာ်းလေးတစ်ယောက်နဲ့ အသက် (၁၈)နှစ် ပြည့်တာနဲ့ လက်ထပ်ရမယ်လို့ မိဘတွေရှိစဉ်ကတည်းက စီမံထားခဲ့တယ်၊ အဲဒီယောကျာ်းဟာလည်း နန်းမြအေးတို့ မျိုးရိုး



www.burmeseclassic.com

www.burmeseclassic.com



စဉ်ဆက်ပိုင်ဆိုင်ခဲ့တဲ့အမွေတွေကို ဆက်ခံထိန်းသိမ်းရမဲ့သူဖြစ်တယ်၊ ဒါကြောင့်နန်းမြအေးအနေနဲ့ အသက် (၁၈)နှစ်ပြည့်တာနဲ့ အဲဒီပစ္စည်းတွေကိုထုတ်ပြီး သူရဲ့ ခင်ပွန်းလောင်းလက်ထဲကိုအပ်တဲ့ပွဲနဲ့ တစ်ခါတည်း မင်္ဂလာအခမ်းအနား ကျင်းပရမှာဖြစ်တယ်၊ ဒါပေမဲ့ လွန်ခဲ့တဲ့ နှစ်အနည်းငယ်ကပဲ၊ အဲဒီပစ္စည်း(၉)မျိုးဟာ နန်းမြအေးလက်ထဲကနေ မသမာသူတစ်ဦးက ခိုးယူခဲ့တဲ့အတွက် ပျောက်ဆုံးသွားခဲ့တယ်''

ဟု ပြောလေ၏။

ကိုထွန်းလူက မျက်ခုံးနှစ်ဖက်မြင့်တက်သွားပြီး

''ဒါဆိုရင် မိန်းကလေးရဲ့ လက်ထက်ပွဲကိစ္စက အခက်အခဲ ဖြစ်နိုင်တာပေါ့''

ဟုဆိုသေရာ ဖျောက်ဆိပ်က ဆတ်သားခြောက်ကို တမြုံမြုံ ဝါးရင်းမှ

''ကတိစကားတစ်ခုကို အသက်ထက်ပိုပြီး တန်ဖိုးထားတဲ့ သူတို့မျိုးနွယ်စုရဲ့ထုံးစံကြောင့် မိန်းကလေးဟာ အရှက်တကွဲအကျိုး နည်းဖြစ်ရတော့မဲ့ အပြင်၊ ဆွေမျိုးစုတွေရဲ့ ဝိုင်းပယ်ခြင်းကိုတောင် ခံရနိုင်တယ်''





ဟု ပြောလိုက်လေ၏။

ကိုထွန်းလူက

''ဒီပစ္စည်း (၉)မျိုးကို ဘယ်လိုလူမျိုးတွေက ခိုးယူသွားခဲ့ကာလဲ၊ ဘာ ကြောင့်ယ်တော့ ဒီလိုပစ္စည်းမျိုးတွေဟာ လိုအပ်တဲ့သူဆီမှာ သာတန်ဖိုးရှိတာမဟုတ်လား''

ဟုပြောဆိုလေ်ရာ ဖျောက်ဆိပ်က သက်ပြင်းချပြီး

''ဟုတ်တယ်ဗျ၊ နန်းမြအေးဟာဒီကိစ္စကို ဘယ်သူ့မှ ဖွင့်မပြောဘဲ တစ်ယောက်တည်းကြိတ်ပြီး စုံစမ်းနေခဲ့ရတယ်၊ ဒီသတင်းသာပေါက်ကြားသွားရင် သူရဲ့ ဆွေမျိုးတွေအလယ်မှာ မျက်နှာမပြရဲအောင်ရှိနေလိမ့်မယ်၊ နောက်ဆုံးတော့ နန်းမြအေးဟာ ဒီပစ္စည်းတွေကို ခိုးယူသွားခဲ့တဲ့လက်သည်တရားခံကို ခြေရာခံနိုင်ခဲ့တယ်၊ အဲဒီပစ္စည်းကို သူရဲ့အိမ်က အခိုင်းအစေ မိန်းမတစ်ယောက်က ခိုးယူပြီး လူရှုပ်လူပွေ တစ်ယောက်ရဲ့လက်ထဲကို အပ်လိုက်တာဗျ၊ အဲဒီအခိုင်းအစေမိန်းမဟာ ပစ္စည်းတွေအတွက် ငွေရလို့မှန့်ခိုးယူခဲ့တာမဟုတ်ဘူး၊ နန်းမြအေးကို ချစ်လွန်းအားကြီးလို့တဲ့ဗျ၊ ပြီးသူတို့နဲ့ခွဲသွားမှာစိုးပြီး၊ လက်ထပ်မင်္ဂလာပွဲကို ပျက်အောင်လုပ်လိုက်တာပေါ့ဗျာ၊ သူ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် စဉ်းစားဆင်ခြင်ဉာဏ်မဲ့ပြီးလုပ်လိုက်တဲ့ အလုပ်တစ်ခုဟာ နန်းမြဲအေးရဲ့ ဘဝတစ်ခုလုံး ကမောက်ကမဖြစ်စေလိမ့်မယ်လို့တော့ ရည်ရွယ်ခဲ့ဟန် မရှိဘူး၊ နောက်ဆုံးမှာသူဟာ နန်းမြဲအေးကို သူ့ရဲ့ ကျူးလွန်ခဲ့တဲ့ပြစ်မှုတွေကို ဝန်ခံခဲ့တယ်၊ ဒါပေမဲ့ ပစ္စည်းတွေက လူရှုပ်လူပွေရဲ့ လက်ထဲရောက်ပြီး အစ ပျောက်သွားခဲ့တယ်ဗျ၊ ဒါကြောင့် နန်းမြဲအေးဟာ သူ့ရဲ့ လူယုံမိန်းကလေးနှစ်ဦးနဲ့ မြန်မာပြည်အနှံ့လှည့်လည်ပြီး ဘုရားဖူးထွက်ဖို့အကြောင်းပြရင်း လူရှုပ်လူပွေကို ရှာဖွေနေတော့တာပဲ၊ မိန်းကလေးတစ်ယောက်အဖို့ ဒီကိစ္စဟာ ထင်သလောက် ဘယ်မှာလွယ်ကူမှာလဲဗျာ၊ နောက်ဆုံးမှာ လက်လျှော့ပြီး၊ ဇာတိကိုအပြန် လမ်းခရီး မှာ ငှက်ဖျားဝေဒနာကို အပြင်းအထန်ခံစားနေရတဲ့ လူရှုပ်လူပွေနဲ့ မထင်မှတ်ပဲ ဆုံတွေ့လိုက်ရတော့တယ်၊ အဲဒီလူဟာ သေလုမျောပါးဖြစ်နေပြီဗျ၊ ပစ္စည်းတွေကို လည်း သူကတစ်ဝက်စီခွဲပြီး လူနှစ်ဦးရဲ့လက်ထဲကို ဈေးပေါပေါနဲ့ ရောင်းစားခဲ့ပြီးပြီဆိုတာသိရတယ်''

ဟု ပြောကာ မောပန်းသွားဟန်ဖြင့် ခေါင်းရည်ခွက်ကို ကောက်၍ ကိုင်လေ၏။



ကိုထွန်းလူက မီးဖိုမှမီးခဲများကို ထိုးဆွရင်း

''ဇာတ်လမ်းက အဆင်ပြေမလိုနဲ့ ပိုပြီးခက်ခဲ ပါလား၊ ဒါဆိုရင် ပစ္စည်းတွေက လူနှစ်ယောက်ရဲ့ လက်ထဲကို ပါသွားတာပေါ့''

ဟု ဆိုလိုက်၏။ ဖျောက်ဆိပ်က ခေါင်းညိတ်ပြီး

''ဟုတ်တယ်၊ လူရှုပ်လူပွေက အဲဒီလူနှစ်ယောက် အကြောင်းကို မသေခင်ပြောပြသွားခဲ့လို့ နန်းမြဲအေးက သိရှိခဲ့ပြီး ဒီပစ္စည်းတွေကို သူ့တစ်သက် ဘယ်လိုမှ ပြန်မရတော့ဘူးလို့ တွေးလိုက်မိပြီး စိတ်နှလုံးပြေးနွမ်း နေတော့ တာပေါ့၊ ဘာကြောင့်လဲဆိုရင် ပစ္စည်းတချို့ ကိုရသွားတဲ့သူက တမူးနဲ့ အိန္ဒိယနယ်စပ်က ဒုစရိုက် ကုန်သည်ကြီးတစ်ယောက်ဗျ၊ ကျန်တစ်ယောက်က လည်း အင်္ဂလိပ်စစ်တပ်က မေဂျာအဆင့်ရှိတဲ့ အရာရှိ တစ်ယောက်ဗျ၊ နန်းမြဲအေးအတွက် အဲဒီလူတွေဆီက ပစ္စည်းကို ဘယ်လိုမှ ပြန်ရအောင် စွမ်းဆောင်နိုင်မှာ မဟုတ်ဘူးဆိုတော့ သူ့အတွက် အကောင်းဆုံး နည်းလမ်းတစ်လမ်းကို ရွေးချယ်တော့တာပဲဗျို့၊ မိန်းကလေးက ငယ်သေးတဲ့အရွယ်ဆိုတော့လည်း မကြံ ကောင်းမစည်ရာ ကိုယ့်ကိုယ်ကို သေကြော:

www.burmeseclassic.com

www.burmeseclassic.com



ကြံစည်ဖို့ကြိုးစားတာဗျ၊ နန်းမြအေးဟာ ညဘက် လူခြေတိတ်ချိန်မှာ သူ့ရဲ့အဖော်မိန်းမနှစ်ယောက် အိပ်မောကျချိန်ကို ရွေးချယ်ပြီး သူတို့တည်းခိုနေတဲ့ အိမ်ရှေ့က သစ်ပင်တစ်ပင်မှာ ကြိုးတစ်ချောင်းနဲ့ ဆွဲကြိုးချပြီးသေကြောင်းကြံဖို့ပြင်နေတုန်းမှာ ကျုပ်နဲ့ တွေ့လိုက်ရတာပဲ"

ဟု ပြောလိုက်ရာ ကိုထွန်းလူက ဝင်၍

"တစ်မိုးလုံးဖျောက်ဆိပ်ဆိုတဲ့အမည်အတိုင်းပဲ နေရာတကာ ခင်ဗျားရောက်သွားတာချည်းပါပဲလား"

ဟု နောက်ပြောင်ဟန်ဖြင့်ပြောလေ၏။ ဖျောက်ဆိပ်က ရယ်မောပြီး

"ဟဲ ဟဲ... ဟုတ်ပါရဲ့ဗျာ၊ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ၊ ဒါနဲ့ ကျုပ်လည်း မိန်းကလေးကို တရားချရတော့တာပေါ့၊ အာပေါက်အောင် တော်တော်ကလေး ပြောပြီးတော့မှ မိန်းကလေးက တရှုံ့ရှုံ့နဲ့ငိုပြီး သူ့ရဲ့ဇာတ်ကြောင်းကို လှန်တော့တာပဲ၊ ဒါနဲ့ ကျုပ်လည်း ချက်ချင်းဆုံးဖြတ်ပြီး ကဲ... မိန်းကလေး၊ အခုအချိန်ကစပြီး မင်းကိစ္စကို ငါတာဝန်ယူလိုက်ပြီ၊ မင်းရဲ့ဇာတိကိုသာပြန်ပြီး စိတ်ချမ်းသာ ကိုယ်





ချမ်းသာနေပေတော့၊ မင်းရဲ့မင်္ဂလာပွဲမတိုင်မီ အဲဒီ ပစ္စည်းတွေ ငါအရယူပြီးလာပို့မယ်လို့ အာမခံလိုက်တော့တယ်၊ မိန်းကလေးရဲ့ သေရေးရှင်ရေးဖြစ်နေပြီဆိုတော့ အဲဒီလိုမှမလုပ်ရင်လည်း မရတော့ဘူးလေ"

ဟု ပြောလေ၏။ ထို့နောက် ဖျောက်ဆိပ်က သူ၏ခရီးဆောင်အိတ်ကြီးအတွင်းမှ သားရေအိတ်တစ်အိတ်ကို ဆွဲထုတ်ကာ ကိုထွန်းလူ

"အဲဒီအထဲမှာ မိန်းကလေးရှာဖွေနေတဲ့ ပစ္စည်းကိုးမျိုးထဲက ငါးမျိုးတော့ရခဲ့ပြီ၊ ဒီသားရေအိတ်ထဲမှာ ရွှေစလွယ်တစ်စုံပါတယ်၊ စစ်ခမောက်၊ တောင်ရှည် အင်္ကျီ၊ ခြေနင်းနဲ့ ရွှေပြားတံဆိပ်တွေလည်း ပါတယ်၊ ကျုပ်ရဲ့အလုပ်က တစ်ဝက်တော့အောင်မြင်သွားပြီလို့ ပြောလို့ရတာပေါ့ဗျာ၊ ဒါတွေကို အိန္ဒိယနယ်စပ်မှာနေတဲ့ လူဆိုးရာဇာကြီးဆီက ခက်ခက်ခဲခဲခိုးယူခဲ့ရတယ်ဗျ၊ ကျုပ်လမ်းတစ်လျှောက်လုံး သူ့လူတွေရဲ့လက်က လွတ်အောင် ခွေးပြေးဝက်ပြေး ပြေးခဲ့ရတယ်၊ ဒီမှာလည်း ကြာကြာနေလို့မဖြစ်ဘူး၊ ကျုပ်ကို ခြေရာခံမိသွားရင် ခင်ဗျားတို့ပါ အန္တရာယ်ရှိတယ်၊ နောက်တစ်နေ့မှာ ဟိုလူတွေရဲ့ရန်ကလွတ်ဖို့နဲ့ ပစ္စည်းတချို့တစ်ဝက်ရှိတဲ့



www.burmeseclassic.com

အင်္ဂလိပ်စစ်တပ်က အရာရှိကြီးရဲ့သတင်းကို စုံစမ်းဖို့ တစ်ချက်ခုတ်နှစ်ချက်ပြတ်အနေနဲ့ ကျုပ်ဒီကို ပြေးရှီးမယ်ဗျို့''

ဟုဆိုကာ သူ၏စကားရှည်ကြီးကို အဆုံးသတ်လိုက်

တော့၏။ ထိုအခါ ကိုထွန်းလူက ဖျောက်ဆိပ်ကို

''ကျုပ် ခင်ဗျားစိတ်ဓာတ်ကို လေးစားပါတယ် ကိုယ်ကျိုးမကြည့်ဘဲ ဒီလိုအန္တရာယ်လမ်းကို လျှောက်လှမ်းဝံ့တာ တစ်ထောင်မှာ တစ်ယောက် မရှိပါဘူးဗျာ၊ ပေါ်ဒီပစ္စည်းတွေကို ကျုပ်အသက်နဲ့ လဲပြီး ကာကွယ်စောင့်ရှောက်ပေးပါ့မယ်လို့ ကတိပေး ပါတယ်''

ဟုလေးလေးနက်နက်ပြောလိုက်လေတော့၏။ အချိန် ပင်လင်းလုနေလေပြီ။ မှောက်မိုက်ခြင်းအဆုံး၌ အရှေ့ဦးက ပေးရန် အသင့်ဖြစ်နေလေ၏။

⁂





နောက်တစ်နေ့နံနက်တွင် ဖျောက်ဆိပ်သည် ခရီးထွက်ခွာ ပြီဖြစ်၏။ ၎င်းက ခရီးမထွက်ခွာမီ ကိုထွန်းလူကိုနှုတ်ဆက်ကာ

''ဒီမှာကိုထွန်းလူ၊ နန်းမြအေးက သူ့ရဲ့အခက်အခဲ တွေ အကူအညီတောင်းစဉ်ကတည်းက ကျုပ်ကို ငွေကြေးမလုံမလောက်နဲ့ သူ့ရဲ့လည်တိုင်မှာ ဆွဲထားတဲ့ ပတ္တမြားဘယက်နဲ့ လက်စွပ်ရတနာတွေကို ချွတ်ပေး တယ်ဗျ၊ ဒီကိစ္စအောင်မြင်ရင်လည်း ထပ်ပြီး ကျေးဇူး ဆပ်ပါရစေလို့လည်း ပြောတယ်၊ ကျုပ်က အတန်တန် ငြင်းပယ်ခဲ့တာ နန်းမြအေးကလက်မခံပါဘူး၊ ဒါနဲ့ပဲ ကျုပ်က မိန်းကလေးရဲ့ပစ္စည်းတွေကို ကျုပ်လိမ်လည်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ထွက်ပြေးရင် ဘယ်လို့လုပ်မလဲလို့ မေးမြန်းလိုက်တော့ နန်းမြအေးက ခေါင်းခါပြီး ကျွန်မ ဦးလေး ဖျောက်ဆိပ်ကို ယုံကြည်ပါတယ်လို့ ပြန်ပြီးပြောတော့တာပဲ၊ ဟောဒီက ကတ္တီပါအိတ်ရှဲ့ကလေးထဲမှာ နန်းမြအေးရဲ့ ပတ္တမြားဘယက်နဲ့ လက်ဝတ်ရတနာတွေပါတယ်၊ ခင်ဗျားကို ကျွပ်ပေးခဲ့ပါတယ် ကိုထွန်းလူ၊ ဒါတွေကို ခင်ဗျားကြိုက်သလို သုံးစွဲခွင့်ရှိပါတယ်၊ ကျုပ်စကားကို ငြင်းဆန်ဖို့မကြိုးစားပါနဲ့ဗျာ၊ ခင်ဗျားတို့ သားအဖရဲ့ရှေ့ရေးကရှိသေးတယ် မဟုတ်လား''

ဟု ပြောကာ လှည့်ထွက်သွားတော့၏။

ကိုထွန်းလူသည် ဖျောက်ဆိပ်၏စိတ်ကို သိရှိနေလေ... ထို့ကြောင့် ရတနာပစ္စည်းများကို ငြင်းဆန်ခြင်းမပြုဘဲ ယူထား... လေ၏။

ထိုပစ္စည်းများကို့ သေချာစွာ သိမ်းဆည်း၍ တစ်နေ့... ဖျောက်ဆိပ်၏ လက်ထဲသို့ ပြန်အပ်ရပေမည်။ ကျေးဇူးတရား... ငွေကြေးဖြင့် အရောင်အစွန်းအထင်းမရှိအပ်ပေ။

ဩရသည်အိပ်ရာမှနိုးလျှင် ဖျောက်ဆိပ်ကို မတွေ့သော... ဖခင်ကို မေးမြန်းလိုက်၏။ ကိုထွန်းလူသည် ဝါးကုလားထိုင်... ထစ်စုံတစ်ရာကို လေးလေးနက်နက်စဉ်းစားနေရာမှ ဩရ...





ကြောင့်

''တစ်မိုးလုံးဖျောက်ဆိပ်တော့ နောက်တစ်နေရာမှာ ထွန်းလင်းဖို့ ခရီးထွက်သွားပြီ''

ဟုအဖြေပေးလိုက်လေ၏။ ထို့နောက် ကိုထွန်းလူကဆက်၍

''ငါ့သား ဒီနေ့စကပြီး ယောက်ျားတို့ တပ်အပ်တဲ့ ကိုယ်ခံပညာသင်ရမယ်၊ ဆင်ကလိန်း ခနီးဘက်မှာ အဖေ့မိတ်ဆွေ ရှမ်းသိုင်းဆရာကြီး ဦးစိုင်းလုံရှိတယ်''

ဟုပြောလေရာ ဩရက ဝမ်းသာအားရဖြင့်

''ဖျောက်ဆိပ်ကို ရောက်ယီက ကိုယ်ခံပညာသင်ပေးနေကတည်းက ကျွပ်သင်ချင်နေတာပါ၊ ဒါပေမဲ့ ရောက်ယီကို ဆရာမတင်ချင်တာနဲ့ စိတ်လျှော့လိုက်ရတယ်''

ဟုဆိုလေ၏။ ကိုထွန်းလူက ဩရကိုကြည့်ပြီး

''ငါ့သားက ဉာဏ်လည်းကောင်းတာပဲ၊ ပေါ့ပေါ့ပါးပါး ဖျတ်ဖျတ်လတ်လတ်လည်း ရှိတာပဲ၊ ဦးစိုင်းလုံက ပညာကောင်းပေမဲ့ မထင်မရှားနေတတ်တဲ့ ရှက်ပုံးသီး သိုင်းဆရာကြီးပါကွာ၊ သူဟာ ပင်းအတွက် ဆရာကောင်းတစ်ယောက်ဆိုတာ မကြာခင်သိလာမှာပါ၊ သူဟာ မဟာမြိုင်ဘက်သွားပြီး မကြာခဏ တော



www.burmeseclassic.com

www.burmeseclassic.com



*လိုက်တတ်တော့ မင်းအတွက် အတွေ့အကြုံတွေ အများကြီးရမှာပါ"*

ဟုပြောလိုက်လေ၏။

ညနေစောင်းအချိန်၌ ကိုထွန်းလူက သြရကိုခေါ်၍ ဆင်ကုလိန်းခန္တီးဘက်သို့လှေကလေးဖြင့် ကူးလာခဲ့၏။

ရှမ်းသိုင်းဆရာကြီး ဦးစိုင်းလုံသည် သစ်ပင်များ အုပ်ဆိုင်းနေသည့် ခြံဝင်းကျယ်ကြီးထဲတွင် တပည့်တစ်ယောက်ကို အဖော်ပြု၍ နေထိုင်လေ၏။

ခြံဝင်းကျယ်ကြီးထဲတွင် စိုက်ပျိုးထားသည့် ငှက်ပျောခြံက ဆရာကြီးအတွက် ဝမ်းရေးကို မပူမပင်ရအောင် ကောင်းစွာဖြစ်ထွန်းလေ၏။

သြရတို့သားအဖ ဆရာကြီးထံရောက်လျှင် ကိုထွန်းလူက

*"ဆရာကြီးရဲ့ပညာအမွေကို ဆက်ခံဖို့ သြရကို ဆရာကြီးလက်ထဲကို အပ်ပါတယ်"*

ဟု ပြောလေ၏။

ဆရာကြီးနှင့် သြရတို့မှာ မူလကတည်းက မစိမ်းလှချေ။ သြရသည် ဆရာကြီးထံသို့ မကြာခဏ ရောက်ရှိခဲ့ဖူး၏။

ဆရာကြီးအိမ်တွင် ချိတ်ဆွဲထားသည့် ဒူးလေးကြီးနှင့် တောတိရစ္ဆာန်မျိုးစုံတို့၏ ဦးခေါင်းများကို ဘာမေ့တမောကြည့်ရှုခဲ့ဖူး၏။





နူးညံ့အိစက်လှသည့် ကျားရေအခင်းပေါ်တွင် ဇိမ်ကျကျထိုင်ဖူး၏။ ဆရာကြီးက သြရကို ကောင်းစွာလက်ခံပြီး

*"ငါ ဘယ်သူ့ကိုမှ သိုင်းပညာသင်မပေးတော့ဘူး သြရ၊ ဒါပေမဲ့ မင်းကိုတော့ လက်ခံလိုက်မယ်၊ မင်းဟာ ငါရဲ့နောက်ဆုံး တပည့်ဖြစ်သွားပြီ"*

ဟု ပြောလေ၏။

ထို့နောက် သြရသည် ဖခင်၏ပန်းပဲလုပ်ငန်းနှင့် အိမ်မှုကိစ္စများကို ကူညီလုပ်ကိုင်ပြီးနောက် ညနေစောင်းအချိန်များ၌ သိုင်းဆရာကြီး ဦးစိုင်းလုံထံသို့ ရောက်ရှိနေလေတော့၏။

တစ်ခါတစ်ရံ ဆရာကြီး၏အိမ်၌ပင် အိပ်စက်ကာ နောက်တစ်နေ့မှ ပြန်ရောက်တတ်၏။ ကိုထွန်းလူသည် တစ်နေ့တခြား ကျော ကြွံခိုင်လာဟန်ရှိသော သြရကိုကြည့်ကာ ကျေနပ်၍ သက်နေလေ၏။

ဤသို့ဖြင့် နေလာကြရင်း တစ်နေ့တွင် ဗဒူယူသည် ခရီးထွက်မှ ပြန်လည်ရောက်ရှိလာ၏။ ၎င်းသည် ခရီးကြမ်းကို နှင်လာရသော်လည်း ရွှင်လန်းတက်ကြွနေ၏။

ဗဒူယူက ရောက်လျှင်ရောက်ခြင်းပင်

*"အဖေ သြရက သိုင်းဆရာကြီး ဦးစိုင်းလုံဆီမှာ ကိုယ်ခံပညာသင်နေတယ်ဆို၊ ကျုပ်ကို ဘာစိန်က*



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်တယ်၊ သိပ်ကောင်းတာပေါ့၊ ဩရပြန်လာမှ တစ်ပွဲတစ်လမ်းတော့ ဆက်ရှယ်စမ်းဦးမယ်''

ဟု ပြောလေ၏။ ဗဒ္ဒယူက အထုပ်အပိုးများကိုချပြီးနောက် သူ၏အိတ်ကပ်ထဲမှ ငွေဒင်္ဂါးများကို တချွင်ချွင်လှုပ်ခါပြရင်း

''အခုဆိုရင် ကျုပ်အတွက် အခကြေးငွေအပြင် ရောက်ယီက ထပ်ပြီးဘောက်ဆူးချလိုက်သေးတယ်၊ ဒီတစ်ခေါက် ငွေမြိုးမြိုးမြက်မြက်ရလိုက်တယ်အဖေ''

ဟု ပြောပြန်၏။ ထိုအခါ ကိုထွန်းလူက

''ငါ့သား ဒီအတိုင်းဆိုရင် မင်း ဒီလိုခရီးသွားတဲ့ အလုပ်ကို တော်တော်စိတ်ဝင်စားပုံရတယ်၊ မင်း ကိုယ်ပိုင် လားတွေမွေးနိုင်အောင် ကြိုးစားရမယ်၊ ပြီးရင် ကိုယ့်ကုန် ပစ္စည်းတွေကို သယ်ယူရောင်းချနိုင်အောင် ထပ်ပြီးကြိုးစားရမယ်၊ အဝိန်တို့လည်း တစ်ချိန်က လား အငှားလိုက်သမား ဘဝကနေ အခုအခြေအနေထိ ဖြစ်လာတာပဲကွ''

ဟု ဆိုလိုက်ရာ ဗဒ္ဒယူက ရင်ကိုကော့၍

''ကျုပ်ကလည်း အဲဒီလိုဖြစ်အောင်လုပ်မှာဗျ''

ဟု ပြောလေတော့၏။

ထို့နောက် ကိုထွန်းလူက ဗဒ္ဒယူကို သေချာ[illegible]





လေသံအေးအေးဖြင့်

''ငါ့သား မင်းဆီက အရက်နံ့တစ်မျိုးရှေ့ဘယ်၊ မင်း ဒါမျိုးတွေ လုပ်တတ်နေပြီလား၊ မင်း အသက် ငယ်သေးတယ်''

ဟု ပြောဆိုလေရာ ဗဒ္ဒယူက

''ကျုပ်လုပ်နေတဲ့အလုပ်နဲ့ ဒါမျိုးတွေက ကင်းကွာ လို့မရဘူး အဖေ၊ ကျုပ်ဆရာ ရောက်ယီကဆိုရင် အရက်ဟာ သူ့အတွက် ကျန်းမာကြံ့ခိုင်ဖို့အတွက် အားဆေးလို့ပြောတယ်''

ဟု ပြန်၍ပြောလေ၏။ ကိုထွန်းလူက ခေါင်းယမ်းပြီး

''ဘာပဲဖြစ်ဖြစ် ဒီအရွယ်မှာတော့ ရှောင်စေချင် တယ်၊ မင်းနဲ့ ဩရတို့နှစ်ယောက်စလုံး အရွယ် ရောက်လာရင် ဘာပဲလုပ်လုပ် အဖေ ခွင့်ပြုတယ် လို့ပြောခဲ့ဖူးတာပဲ၊ ကိုယ့်ကိုယ်ကို ကောင်းကောင်း မထိန်းသိမ်းနိုင်တဲ့ အရွယ်မှာ ဒါမျိုးတွေဟာ ပိုပြီးဒုက္ခရောက်စေတတ်တယ်''

ဟု ဆုံးမလေ၏။ ဗဒ္ဒယူသည် ကလေးသာသာအရွယ်သာ ရှိသေး၏။

ကိုထွန်းလူသည် ဗဒ္ဒယူအတွက် ရင်မောသွားမိ၏။ ဗဒ္ဒယူ



www.burmeseclassic.com

www.burmeseclassic.com



သည် အိမ်တွင် ကောင်းစွာအနားယူပြီးချိန်၌ ဩရသည် ပြန်လည်ရောက်ရှိလာ၏။ ဗဒ္ဒယူက ဩရ၏ပခုံးကိုခပ်ကြမ်းကြမ်းပုတ်ကာ

*"ဩရ မင်းနဲ့ငါ မြစ်ဆိပ်သွားပြီး လက်ရည်စမ်းကြရအောင်၊ လသာနေတာပဲ"*

ဟု ပြောလေ၏။ ဩရက

*"ဗဒ္ဒယူ မင်း လက်ရည်စမ်းချင်ရင် နောက်နေ့တွေ အများကြီးရှိပါသေးတယ်၊ မင်းအတွက် ခရီးဝေးကြီးက ပြန်လာတော့ ခရီးပမ်းလာတယ် မဟုတ်လား"*

ဟု ဆိုလေရာ ဗဒ္ဒယူက ရယ်မော၍

*"ငါ့အတွက် ဒီလိုခရီးကြမ်းမျိုးကို ဂရုမစိုက်ပါဘူး၊ ဘာလဲ၊ မင်းက ငါ့ကို တစ်ချိန်လုံးအနိုင်ယူနေပြီ ငါက ဆရာရှောက်ယီဆီမှာ ကိုယ်ခံပညာသင်နေတယ်ဆိုတော့ လန့်ပြီးသွေးကြောင်သွားပြီလား"*

ဟု ပြောလေ၏။ ဩရက ဟက်ခနဲရယ်မော၍

*"မင်းက ဒီလောက်တောင် စိတ်အားထက်သန်နေမှတော့ ငါ့ဘက်က အဆင်သင့်ပါပဲ"*

ဟု ဆိုလိုက်တော့၏။

မကြာမီ သူတို့နှစ်ဦးသည် မြစ်ဆိပ်ရှိ သောင်ခုံပေါ်သို့ရောက်ရှိလာကြ၏။





ထိုအချိန်၌ ကိုထွန်းလူသည် မြစ်ကမ်းပါးထက်မှ သူတို့ကိုလှမ်းကြည့်လေနေ၏။ အချိန်အတန်ကြာလျှင် ဗဒ္ဒယူသည် ခေါင်းငိုက်စိုက်နှင့် ကမ်းပါးထက်သို့တက်လာ၏။

ဩရသည် မြစ်ထဲတွင် ကိုယ်လက်သန့်စင်ရင် ကျန်ရစ်ခဲ့၏။ ဗဒ္ဒယူက ကိုထွန်းလူအနီးသို့ရောက်လျှင်

*"အဖေ ဒီလိုတိုက်ခိုက်ယှဉ်ပြိုင်တိုင်း ကျွန်ဩရကို အမြဲရှုံးနိမ့်နေတာပဲ၊ အဲဒါဘာကြောင့်လဲ"*

ဟု မေးမြန်းလေ၏။ ကိုထွန်းလူက ဗဒ္ဒယူ၏ခေါင်းကို ပွတ်သပ်၍

*"ဒီမှာငါ့သား၊ မင်းမှာ အနိုင်ယူလိုစိတ်တွေ များနေတယ်၊ ဒေါသကိုလည်း မထိန်းသိမ်းနိုင်ဘူး၊ မင်းစိတ်ဟာ အဲဒီအတွက် ဘယ်လိုမှတည်ငြိမ်မှာမဟုတ်ဘူး၊ လက်ရည်ချင်းတူနေရင်တောင် စိတ်မတည်ငြိမ်ဘူးဆိုရင် ကိုယ့်ဘက်က အနိုင်ယူဖို့ အခွင့်အလမ်းနည်းပါးလာတော့တာပဲ"*

ဟု ပြောဆိုလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အချိန်တို့ တရွေ့ရွေ့ကုန်ဆုံးလာသည်နှင့်အတူ ဗဒူယူတို့လည်း လူပျိုပေါက်အရွယ်သို့ ရောက်ရှိလာကြပြီဖြစ်၏။

ဩရသည် ပို၍တည်ငြိမ်အေးဆေးလာသလောက် ဗဒူယူမှာ တစ်စထက်တစ်စ ပို၍ဆိုးသွမ်းလာခဲ့၏။ ရွာထဲမှ ဆိုးသွမ်းသည်ဟု အမည်ထွက်နေသူမှန်သမျှ ဗဒူယူ၏ အပေါင်းအသင်းများချည်း ဖြစ်လေ၏။

ထို့ကြောင့်ပင် ကိုထွန်းလူသည် ဗဒူယူ၏ပြဿနာများကို နေ့စဉ် ဒိုင်ခံ၍ရှင်းပေးနေရသည့်အလုပ်တစ်ခု ပိုလာ၏။





ကုန်စုံဆိုင် ပိုင်ရှင် တရုတ်လူဝကြီးက ကိုထွန်းလူကို

"ဒီမှာ ကိုထွန်းလူ၊ ဗဒူယူကို သေသေချာချာ ဆုံးမစမ်းပါဗျာ၊ ကျုပ်သမီး ရွှေမေကို ဒီကောင်လေး နောက်လားပြောင်လားလုပ်လို့ အရှက်တကွဲ အကျိုးနည်း ဖြစ်ရပေါင်းများပြီ၊ ဒီတစ်ခါဆို ကျုပ် သည်းမခံနိုင် တော့ဘူး"

ဟု တိုင်တန်းလေ၏။ ဆိတ်ကုလားမူတူးကလည်း အမော တကောဖြင့်ရောက်လာပြီး

"မူတူးဆိတ်တွေနော် မကြာခဏပျောက်တယ်၊ အခုသိပြီ၊ မနေ့က ဆိတ်တွေ စားကျက်ထဲလွှတ်ထား တုန်း ကောင်ကလေးတွေ ဆိတ်တစ်ကောင်ဖမ်းသွား တာကို မြင်တဲ့လူတွေကနော် မူတူးကို သတင်းပေး တယ်၊ ကောင်ကလေးတွေထဲမှာ ဗဒူယူပါတယ်၊ မူတူး ဒီတစ်ခါတော့ ရွာလူကြီးကိုတိုင်ရမှာပဲ"

ဟု ဆိုလေရာ ကိုထွန်းလူသည် မူတူးကို ချော့မော့ပြီး ဆိတ် ဖိုးကို အလျှော်ပေးကာ ပြန်လွှတ်လိုက်ရ၏။ ဗဒူယူသည် ရွယ်တူ ငယ်တူများနှင့်သာမက လူကြီးများနှင့်ပါ မကြာခဏ ခိုက်ရန်ဖြစ်ပွား [illegible]တတ်၏။

ဗဒူယူကမူ ကိုထွန်းလူကို



www.burmeseclassic.com

www.burmeseclassic.com



*"အဖေ လူတွေက ကျုပ်ကို အထင်သေးတဲ့ပုံနဲ့ ကြည့်တာ မခံနိုင်ဘူး၊ ဒါကြောင့် ကျုပ်အကြောင်း သိအောင် ပြလိုက်တာဗျ"*

ဟု ဆင်ခြေပေးတတ်၏။

ဗဒူယူနှင့်ဩရမှာ တစ်အိမ်ထဲတွင် နေထိုင်သော်လည်း တွေ့ကြသည့်အချိန်က နည်းပါးလှ၏။ ဩရသည် ဆရာကြီး ဦးစိုင်း ထဲတွင် သိုင်းပညာသင်ကြားရင်း မကြာခဏပင် ဆရာကြီးနှင့်အ အမဲပစ်ထွက်ရာတွင် လိုက်နေရဘတ်၏။

ဗဒူယူသည်လည်း ရောက်ယီနှင့်အတူ လားအငှားလိုက် ခရီးကြမ်းများကို နှင်နေရတတ်၏။

သူတို့နှစ်ဦး အတူလက်တွဲ၍သွားလာသည့်ခရီးတစ်ခု ပျားရည်နှင့်ပျားဖယောင်းရရှိရန် တစ်နှစ်လျှင် တစ်ကြိမ်၊ နှစ်ကြိမ် ပျားကမ်းပါးသို့ သွားသည့်ခရီးသာရှိလေ၏။

ပျားကမ်းပါးမှ ပျားအုံများတည်ရှိရာ ကျောက်လိုဏ်ဂူ မှာ ကိုယ်ပိုင်မျိုးရိုးစဉ်ဆက်ရှာဖွေတွေ့ရှိကာ နေရာသတ်မှတ် သော လိုဏ်ဂူများသာဖြစ်၏။

အခြားသူများ ထိုနေရာသို့ လာရောက်၍ ပျားဖွတ် မရှိကြချေ။ တိုင်းရင်းသား လူမျိုးစုများကလည်း မျိုးရိုးစဉ် ရှာဖွေတွေ့ရှိထားသည့်နေရာတွင် အမှတ်သားပြုလုပ်ထားသည်ကို





တွေ့လျှင် မည်သူမျှ ထိုနေရာ၌ ပျားဖွတ်ခြင်းမပြုဘဲ လက်ရှောင်သွားကြ၏။

ကိုထွန်းလူသည် ရွာတွင်းမှ ယန်းပဲဝါသနာပါသည့် လူငယ် တစ်ဦးကိုခေါ်ယူ၍ ယန်းပဲလုပ်ငန်းအတွက် အခစားဖြင့် ငှားရမ်းထားလေ၏။

ဗဒူယူနှင့် ဩရတို့က ယန်းပဲလုပ်ငန်းတွင် ကူညီ၍လုပ်ကိုင် ပေးခြင်း မရှိတော့ချေ။ ကိုထွန်းလူသည် သားနှစ်ယောက် အရွယ် ရောက်လာ၍ ၎င်းတို့၏ရှေ့ရေးအတွက် ပူပန်နေရသလို ဖျောက်ဆိပ် ကိုလည်း နေ့စဉ်မျှော်နေတတ်၏။

ဖျောက်ဆိပ်သည် နန်းမြအေးဟူသော မိန်းကလေး၏ ပစ္စည်း တချို့ကို လိုက်လံရှာဖွေရင်း မည်သို့ဖြစ်နေပြီမသိ။

နန်းမြအေးသည် ဩရတို့နှင့် ရွယ်တူလောက်သာရှိလိမ့်မည် ဟု ဖျောက်ဆိပ်က ပြောခဲ့ဖူး၏။ ထိုသို့ဆိုလျှင် သူမ၏မင်္ဂလာပွဲ ကျင်းပရန် နှစ်အနည်းငယ်သာလိုတော့၏။

ကိုထွန်းလူထံ၌လည်း သူမ၏ပစ္စည်းအချို့ကို တာဝန်ယူ၍ သိန်းသိမ်းထားရ၏။ ထိုကိစ္စအား သားနှစ်ယောက်ကို အသိမပေးဘဲ လျှို့ဝှက်ထားခဲ့၏။

တစ်နေ့တွင် ဩရသည် ဆရာကြီးစိုင်းလုံ အမဲပစ်ထွက်ခွာ သွားရာသို့မလိုက်ဘဲ အိမ်တွင်းအောင်းကာ တစ်စုံတစ်ရာကို ပြုလုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

ထိုအရာကား သံထည်ဒူးလေးတစ်လက်ဖြစ်၏။ ထိုအခါ ဗဒူယူကလည်း အားကျမခံပင် ပုံသဏ္ဍာန်ဆန်းပြားသည့် ဓါးကြီး တစ်လက်ကို ပြုလုပ်လေ၏။

နှစ်ယောက်စလုံး ပန်းပဲပညာအခြေခံကို တတ်ကျွမ်းနေ ရာ သူတို့စိတ်ကြိုက် အားကြိုးမာန်တက် လုပ်ကိုင်နေကြလေ၏။

တစ်လခန့်ကြာလျှင် သူတို့အလုပ်ပြီးစီးသွားပြီဖြစ်၏။ ထိုအခါ ဗဒူယူက ကောင်းစွာမွမ်းမံထားသည့် ဓါးကြီးကို ဓါးအိမ်တွင်ထည့် ကာ လွယ်ပိုးလိုက်ပြီး

*"ဆရာ့ရှောက်ယီကို ဒီဓါးသွားပြရမယ်"*

ဟု ပြောကာ ထွက်သွားလေ၏။ အချိန်အတန်ကြာလျှင် ရွာသားတစ်ယောက်ရောက်ရှိလာပြီး

*"ကိုထွန်းလူ၊ ရွာထဲက ကာလသားလူငယ်တွေနဲ့ ရှောက်ယီတို့ ဆရာတပည့် ပြဿနာတက်နေကြပြီ"*

ဟု သတင်းပေးလေ၏။ ထိုအခါ ဩရက ကိုထွန်းလူကို

*"အဲဒီ သူတို့ဒီလိုပဲ ကြောင်တော ကျော်ဖြစ်နေကြပဲ၊ ပြီးတော့လည်း ပြီးသွားတာပါပဲ၊ ကျုပ်လိုက်သွားမယ်"*

ဟု ပြောကာ ထွက်လာခဲ့၏။

သူတို့၏ တစ်ဖက်ရွာစွန်ရှိ မြစ်ကမ်းပါးသို့ရောက်လျှင်





များ ဝိုင်းအုံနေသည်ကို တွေ့ရ၏။ ဩရသည် ဗဒူယူအတွက် စိုးရိမ်စိတ်ဝင်ကာ လူအုပ်ကြားထဲသို့ တိုးဝင်လိုက်လေ၏။

လူအုပ်အလယ်မြေကွက်လပ်တွင် ဗဒူယူသည် ဓါးကြီးဝင့် လျက်

*"ဆင်သေရွာသားတွေ သွေးမနည်းဘူးဆိုရင် ဟောဒီစည်းဝိုင်းထဲကို ကြိုက်ရာလက်နက်ဆွဲပြီး ဝင်လာခဲ့ပေတော့"*

ဟု စိန်ခေါ်လျက်ရှိ၏။ သူ၏အနီးတွင် လက်ပိုက်လျက် ခြကိုကားကာ တောင့်တောင့်ကြီးရှိနေသော ရှောက်ယီကလည်း သံဝါကြီးဖြင့်

*"လာကြလေကွာ၊ မင်းတို့ ယောကျ်ားတွေ မဟုတ်ဘူးလား"*

ဟု အော်ဟစ်လိုက်ပြန်၏။

ဆရာနှင့်တပည့် အတွဲညီနေကြချေပြီ။ နှစ်ဦးစလုံးလည်း သံချေးရည်တန်ခိုးဖြင့် မူးယစ်နေကြဟန်တူ၏။ ရွာသားတစ်ယောက် က ဩရကို မြင်တွေ့သွားပြီး

*"ရွာထဲက မိန်းမပျိုလေးတစ်ယောက်ကို ရှောက်ယီက နှောင့်ယှက်တာကို လူငယ်တချို့က တားဆီးရင်း ဒီလို ဖြစ်ကြတာပဲ"*



www.burmeseclassic.com

www.burmeseclassic.com



ဟု ရှင်းပြလေ၏။

ထိုအခိုက်တွင် နာဂလူငယ်တစ်ယောက်သည် လှံရှည် ကိုင်ဆွဲကာ စည်းဝိုင်းအတွင်းသို့ လွှားခနဲခုန်ဝင်လိုက်ပြီး

"ဗဒ္ဒယူ တို့တစ်ရွာလုံးကို စော်ကားတဲ့မင်းရဲ့လျှာကို ငါကိုယ်တိုင်ဖြတ်ပစ်မယ်"

ဟု ကြိမ်းဝါးလေ၏။

ထိုလူငယ်သည် လှံရှည်ကို ကျွမ်းကျင်စွာ ကိုင်တွယ် လေထဲတွင် တဝှီးဝှီးဝှေ့ယမ်း၍ တိုက်ခိုက်လေ၏။

ဗဒ္ဒယူကလည်း လှံရှည်နှင့်အပြိုင် သူ၏ဓါးကြီးကို ဝှေ့ယမ်း လိုက်လေ၏။ ဗဒ္ဒယူသည် လှံရှည်တိုက်ကွက်ကို ရှောင်တိမ်းခြင်း ဘဲ မိုက်မိုက်ကန်းကန်းပင် တိုးဝင်ကာ တိုက်ခိုက်လေ၏။

တစ်ချီတွင် ဓါးနှင့်လှံရှည်တို့ ပြင်းထန်စွာ ထိခိုက်မိသွား နာဂလူငယ်၏လက်ထဲမှ လှံရှည်သည် အဝေးသို့ လွင့်စင်သွား လူကလည်း ဗဒ္ဒယူ၏ခြေကန်ချက်ကြောင့် နောက်သို့လန်ကာ လ သွားတော့၏။

ဗဒ္ဒယူသည် မျက်နှာကြီးနီရဲလျက် လဲပြိုနေသူထံသို့ လျှ ရောက်ရှိသွားပြီး

"ဟေ့ကောင်၊ ငါ့ရဲ့လျှာကိုဖြတ်မယ်ဆို၊ အခု ငါကလည်း မင်းရဲ့မျက်လုံးကို ထိုးဖောက်ပြီး





တစ်သက်လုံး မှတ်လောက်သားလောက် ဖြစ်သွားအောင် လုပ်ရသေးတာပေါ့ကွာ"

ဟု အော်ဟစ်ကာ သူ၏ဓါးကြီးကို ကိုင်မြှောက်လိုက်၏။

"ဗဒ္ဒယူ ရပ်လိုက်စမ်း"

ဗဒ္ဒယူသည် မီးဝင်းဝင်းတောက်မတတ်မျက်လုံးတို့ဖြင့် အသံ ထွက်ပေါ်လာရာသို့ ဆတ်ခနဲ လှည့်ကြည့်လေ၏။ လူအုပ်ကြားမှတိုး၍ ဩရက ခြေလှမ်းမှန်မှန်ဖြင့် သူ့ထံသို့ လှမ်းလာနေသည်ကို တွေ့လိုက်ရ၏။ ဩရက

"ဗဒ္ဒယူ လဲကျပြီး ရှုံးနိမ့်သွားတဲ့သူကို မင်း ထပ်ပြီး မတိုက်ခိုက်သင့်တော့ဘူး"

ဟု ပြောလေရာ ရှောက်ယီသည် လှုပ်လှုပ်ရှားရှားဖြစ်ကာ ဩရကို

"ဟေ့ကောင်လေး... ဒီပွဲကို မင်း ဝင်ပါလာစရာ မလိုဘူး"

ဟု ဟန့်တားလေ၏။ ဩရက ရှောက်ယီဘက်သို့လှည့်၍ ရင်ဆိုင်လိုက်ကာ

"ဒီမှာ ရှောက်ယီ၊ ဗဒ္ဒယူ မှားယွင်းနေတယ် ဆိုရင် ခင်ဗျားကတားသင့်တယ်၊ အခုတော့ ခင်ဗျားတို့ ဆရာတပည့်က အပြန်အလှန်မြှောက်ပင့်ပေးပြီး

*မိုက်ဂုဏ်ကို ဖော်နေကြတယ်”*

ဟု ပြောလိုက်ရာ ရှောက်ယီသည် တရှူးရှူးဖြစ်သွား၏။ ထိုအခိုက် ဗဒ္ဒယူက

*“ဩရ မင်းထွက်သွားစမ်း၊ မင်းကို ညီအစ်ကိုချင်း ဆိုပြီး ငါသက်ညှာမှာမဟုတ်ဘူး”*

ဟု ပြောလေ၏။ ရှောက်ယီကလည်း

*“ဒီနေရာမှာ မင်းဆက်ပြီးရှုပ်နေမယ်ဆိုရင် ငါ့ကို အဆိုးမဆိုနဲ့”*

ဟု ဆိုလေရာ ဩရက ခေါင်းယမ်းပြီး

*“ကျုပ် ဒီက ခြေတစ်လှမ်းမှ မရွေ့နိုင်ဘူး”*

ဟု ပြတ်ပြတ်သားသား ပြောလိုက်၏။

ဗဒ္ဒယူက ခါးကိုဖွဲ့ယမ်းပြီး အော်ဟစ်ကာ

*“ဩရ မင်းကြိုက်တဲ့လက်နက်ကို ရွေးပေတော့”*

ဟု စိန်ခေါ်လေ၏။

ဗဒ္ဒယူ၏စိတ်အတွင်းမှ သူနှင့်ဩရသည် မကြာခဏ လက်နက်မဲ့ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ဖူး၏။ လက်နက်ခြင်း ယှဉ်ပြိုင် တိုက်ခိုက်ပါမူ ဩရအနေနှင့် မိမိကို မည်သို့မျှ မယှဉ်နိုင်ဟု ထင်မြင် မိ၏။

ထိုသို့တိုက်ခိုက်ရန်လည်း သူ၏စိတ်အတွင်းမှ ပြင်းပြသော





ဆန္ဒက ဖြစ်ပေါ်လာ၏။ ထို့ကြောင့် ဗဒ္ဒယူက ဆက်၍

*“ဩရ မင်းကိုအနိုင်တိုက်ခိုက်ပြီးမှ ဒီပွဲကို ငါ သိမ်းမယ်”*

ဟု အော်ဟစ်လိုက်ပြန်၏။

ထိုအခိုက်တွင် လူအုပ်ထဲမှ တစ်ယောက်က ဩရအမည်ကို အော်ဟစ်ပြီး သုံးခွမိုန်းတစ်ချောင်းကို ပစ်၍ပေးလေ၏။ ဩရက သုံးခွ မိုန်းကို ဖမ်းဆုပ်ယူလိုက်ကာ

*“ဗဒ္ဒယူ ငါ့ကိုရှုံးနိမ့်အောင်လုပ်ပြီးမှ ဒီပွဲကို သိမ်းမယ်ဆိုတဲ့ မင်းရဲ့စကားကို တည်ပါစေ”*

ဟု ပြောလိုက်၏။

လူစုထဲမှ ဩရ၏အမည်ကို အော်ဟစ်၍ အားပေးသံများဆူ ညံစွာထွက်ပေါ်လာ၏။ ဩရက သုံးခွမိုန်းကို လက်တစ်ဘက်ဖြင့် ကြော့ပုံသဏ္ဌာန်ဖွဲ့ရမ်းလိုက်၏။

ဗဒ္ဒယူကလည်း ဓားပြားကြီးကို ရင်ညွှန့်တွင်ကပ်ကာ ဓားကွက်ခင်းလိုက်၏။ သူတို့တိုက်ခိုက်ကြတော့မည်။

ရွာသားများ၏အော်ဟစ်အားပေးသံများက တိုက်ပွဲစတင်တော့ မည်ဟူသော အသိကြောင့် ရုတ်ချည်းတိတ်ဆိတ်သွား၏။ ထိုအခိုက် ဩရက သုံးခွမိုန်းကို ဖွဲ့ရမ်းနေရာမှ မြေတွင်ပစ်စိုက်လိုက်ပြီး လေသံ အေးအေးဖြင့်

www.burmeseclassic.com



"ဗဒ္ဒယူ… မင်းကိုငါ အရှုံးပေးပါတယ်၊ ဒီဓါးကို ရယူလိုက်ပေတော့"

ဟုပြောကာ ထိုနေရာမှ လှည့်ထွက်သွားတော့၏။

ဗဒ္ဒယူသည် လူအုပ်ကြားမှ တိုး၍ဖြည်းညှင်းစွာထွက်ခွာသွားသောသြရ၏ကျောပြင်ကို တွေတွေကြီး စိုက်ကြည့်လျက်ရှိ၏။

သြရသည် အရှုံးပေးကာ မိမိကိုအနိုင်ယူသွားချေပြီ။ အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားခဲ့သော်လည်း သြရနှင့်ဗဒ္ဒယူတို့၏ညီအစ်ကို ဆက်ဆံရေးများ ပျက်ပြားသွားခြင်းမရှိချေ။ ကိုထွန်းလူကသူတို့နှစ်ယောက်ကို

"မင်းတို့နှစ်ယောက် လက်ရည်စမ်းရင်း ယှဉ်ပြိုင်ကြတာကို အဖေမတားဘူး၊ ဒါပေမဲ့ တစ်ယောက်နဲ့တစ်ယောက် ထိခိုက်နစ်နာအောင်မလုပ်ပါနဲ့လို့ အဖေသတိပေးချင်တယ်"

ဟုဆုံးမလေ၏။ သြရက ဗဒ္ဒယူကို

"ဗဒ္ဒယူမင်းအရက်သိပ်မသောက်ပါနဲ့ မူးယစ်နေတဲ့ လူတစ်ယောက်ဟာ ဘယ်လိုမှအမှားအမှန်ကို ဆင်ခြင်နိုင်မှာမဟုတ်ဘူး၊ မင်းအပေါ်ငါ့ဘက်က ညီရင်းအစ်ကိုလို မေတ္တာစေတနာ အမြဲထားနေမှာပါ"

ဟု ပြောခဲ့လေ၏။





ထို့နောက်တွင် ဗဒ္ဒယူသည် မအားလပ်ရအောင် ခရီးထွက်နေတတ်၏။ ရွာတွင်ရှိသော အချိန်များ၌လည်း ကိုထွန်းလူ၏ရှေ့တွင် အရက်သေစာသောက်စားခြင်းမပြုတော့ပေ။ သို့သော် မကြာမီတွင် သြရနှင့် ဗဒ္ဒယူတို့ ထိပ်တိုက်ရင်ဆိုင်ရန်ကြုံတွေ့ကြရပြန်၏။

ထိုနေ့က သြရသည် သူ၏ဒူးလေးကို စမ်းသပ်ရန် ရွာအနီးအပါးတွင် လှည့်လည်ပြီး အမဲသားကောင်ငယ်ကလေးများ ပစ်ခတ်ကာရွာသို့ မှောင်ရီပျိုးမှ ပြန်၍ရောက်ရှိလာ၏။

ထိုအခါ ရွာအဝင်လမ်းဆင်ခြေလျောတစ်နေရာရှိ မြက်ခင်းအစပ်တွင် ဗဒ္ဒယူသည် မိန်းကလေးတစ်ဦးကို အဓမ္မအနိုင်ကျင့်ရန်ကြိုးစားနေသည်နှင့် ဆုံလိုက်ရ၏။

သြရအနေနှင့် ထိုကိစ္စကို မည်သို့မျှ လက်ပိုက်ကြည့်နေရန်မဖြစ်နိုင်တော့ပေ။ ဗဒ္ဒယူသည် မူးယစ်ရီဝေသောအရှိန်နှင့် မိန်းကလေး၏အပေါ်မှ အုပ်မိုးထားရင်း မျက်နှာတွင်ပြင်းထန်စွာနာကျင်မှု နှင့်အတူနောက်သို့လန့်ကျသွား၏။

ဗဒ္ဒယူသည် နှုတ်ခမ်းမှသွေးစများကိုသုတ်၍ မော့ကြည့်လိုက်ရာ မားမားကြီးရပ်နေသည့် သြရကိုတွေ့လိုက်ရ၏။

သြရ၏မျက်နှာတွင် တစ်ခါမျှမမြင်ဖူးခဲ့သော တင်းမာခက်ထန်မှုကို အတိုင်းသားတွေ့လိုက်ရ၏။ ထိုအချိန်၌ မိန်းကလေးသည် မြက်ခင်းမှလူးလဲ၍ထပြီး သူမ၏အဝတ်အစားများကို လုံခြုံအောင်



www.burmeseclassic.com

www.burmeseclassic.com



ပြုပြင်ရင်း အင့်ခနဲငိုရှိုက်တော

"သြရရယ်… နင်ရောက်လာပေလို့ပေါ့"

ဟုဆိုလေရာ သြရက

"ရှုမေပါလား၊ နင်ညကြီးမိုးချုပ် ဒီကိုဘာလာလုပ်တာလဲ"

ဟုမေးမြန်းလိုက်၏။ ရှုမေက

"ငါ ကုန်ကြေးတွေသွားတောင်းရင်း အပြန်လမ်းမှာ ဗဒူယူနဲ့တွေ့တော့ ငါ့ရဲ့ပါပါး ဒီနေရာမှာ ဘာကြောင့်မှန်းမသိဘူး၊ လဲကျနေတာတွေ့တယ် ပြောလို့ ငါလိုက်လာတာ ဒီရောက်မှ ငါ့ကိုလှည့်ဖျားပြီးခေါ်လာတယ်ဆိုတာ သိရတယ်၊ ငါသိပ်ရှက်တာပဲ"

ဟုဆိုကာငိုရှိုက်ပြန်၏။ သြရက ခေါင်းယမ်းပြီး

"ကဲ… ပါနိုင်ပြန်ပေတော့ နောက်ဒီလိုမဖြစ်စေရတော့ပါဘူး၊ သူ့ကိုယ်စား ငါတောင်းပန်ပါတယ်ဟာ"

ဟုပြော၍ ရှုမေကို ပြန်လွှတ်လိုက်လေ၏။

ဗဒူယူသည် လဲကျသောနေရာ၌ပင်ရှိနေ၏။ သြရကဗဒူယူ၏အနီးသို့ တိုးကပ်သွားပြီး

"ဗဒူယူမင်းမှာ ရှောက်ယီနဲ့ပေါင်းပြီး မိုက်စိတ်





ဝင်နေတာကို ငါဘာမှမပြောချင်ဘူး၊ မင်း လူမိုက်လုပ်ရင်လုပ်ပါ၊ ဒါပေမဲ့ လူယုတ်မာတော့ မဖြစ်ပါစေနဲ့"

ဟု ပြောလေရာ ဗဒူယူက အမူးပြေသွားဟန်ဖြင့်

"ငါမှားသွားတယ်၊ ငါ့မှာ ဒီလိုအကြံအစည် မရှိပါဘူး၊ ရှောက်ယီနဲ့အရက်သောက်နေရင်း ရှုမေကို အိမ်ရှေ့က ဖြတ်သွားတာတွေ့လိုက်ရတယ်၊ အဲဒီမှာ ရှောက်ယီက ဒီအချိန်မှာ ရှုမေကို ကြံစည်ဖို့ အခွင့်ကောင်းပဲလို့ ပြောတယ်၊ ငါစိတ်တွေလွတ်သွားတယ်"

ဟု ဆိုလေ၏။ သြရက သက်ပြင်းချကာ ဗဒူယူထံသို့ လက်လှမ်းပြီး

"မင်းအဲဒီလို ဆရာမျိုးကို ဝေးဝေးက ရှောင်သင့်နေပြီ"

ဟု ပြောလိုက်ရာ ဗဒူယူက သြရ၏လက်ကိုဆွဲ၍ အားယူသကာ

"ငါရှောင်စရာမလိုတော့ဘူး၊ ရှောက်ယီကို အစိန်က ဒီနေ့ပဲ အလုပ်ကထုတ်လိုက်တယ်၊ သူဒီရွာက မကြာခင်ထွက်သွားတော့မှာမို့ ငါ့ကို နှုတ်ဆက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဂိုင်းဖွဲ့နေကြတာ”

ဟု အဖြေပေးလေ၏။ဩရက ခေါင်းညိတ်ကာ

“သိပ်ကောင်းတာပေါ့ကွာ၊ အရင်ရက်တွေကတည်းက အဝိန်ပြောလို့ ငါသိပြီးပါပြီ၊ အဝိန်အနေနဲ့ ရောက်ယီဟာ ရွာထဲမှာ ပြဿနာတွေအများကြီးလုပ်နေလို့ အလုပ်က ထုတ်ပစ်ချင်နေတာ ကြာပြီတဲ့၊ လားထိန်းသမားတွေကို ကောင်းကောင်းအုပ်ချုပ်နိုင်တဲ့သူ မတွေ့သေးလို့ လက်ခံထားရတာတဲ့၊ အခုတော့ ရောက်ယီနေရာမှာ အစားထိုးဖို့ တရုတ်လူမျိုးတစ်ယောက် သူရှာတွေ့သွားပြီလေ”

ဟု ပြောလိုက်လေ၏။

သူတို့နှစ်ဦး ဗျားကမ်းပါးသို့သွား၍ ဗျားဖွတ်ရန် အချိန်ကျရောက်လာပြီ ဖြစ်၏။ ထို့ကြောင့် ဩရသည်ဖခင်ထံ၌ ခရီးထွက်ရန်အတွက် ခွင့်တောင်းလေ၏။ ထိုအခါ ကိုထွန်းလူက ဩရကို

“ဒီမှာ ငါ့သား၊ အခုတလော ဗဒ္ဒယူခြေလှမ်းတွေ ပျက်နေတယ် သတိထားပါ”

ဟု မှာစဖူးမှာလေ၏။ ဩရက ဖခင်ကိုကြည့်၍

“အဖေ့ စကားက ထူးခြားနေပါလား”

ဟု ရေရွတ်လေရာ ဖခင်က





“ဒါဟာ မပြောမဖြစ်လို့ ပြောရမှာပဲ၊ ဗဒ္ဒယူဟာ ငယ်စဉ်ကတည်းက အဖေကျွေးမွေး စောင့်ရှောက်ခဲ့ရတဲ့ မွေးစားသားဆိုပေမဲ့ မင်းနဲ့အတူ သားအရင်းလို ချစ်ခင်ခဲ့ရတာပဲ၊ ဒါပေမဲ့ အတွေးအခေါ် ဆင်ခြင်ဉာဏ်ကင်းမဲ့တဲ့ ဗဒ္ဒယူဟာ မကြာခင် အဖေတို့သားအဖကို ကောင်းကောင်းကြီး ဒုက္ခပေးတော့မယ်”

ဟု ပြောလေ၏။ ဩရက မျက်မှောင်ကြုတ်ပြီး

“ဗဒ္ဒယူဟာ ငယ်စဉ်ကတည်းက ဆိုးသွမ်းခဲ့တယ်ဆိုတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျုပ်တို့ကို ဒုက္ခပေးမယ်ဆိုတာတော့ ဘယ်လိုမှ နားမလည်ဘူး”

ဟု ဆိုလိုက်လေ၏။

ဖခင်က သက်ပြင်းချ၍

“ဒါက ငါ့သားစိတ်ထဲမှာ ဗဒ္ဒယူလို ညီအရင်းအစ်ကိုလို သတ်မှတ်ထားလို့ပါ၊ ဒါပေမဲ့ ဗဒ္ဒယူကတော့ တို့ကို ဘယ်တုန်းကမှ သွေးရင်းသားရင်းလို သတ်မှတ်ခဲ့တာမှ မဟုတ်ဘဲ၊ အဖေက မင်းတို့ကို အရိပ်ပဲ့ကြည့်ကြည့် စောင့်ကြည့်နေခဲ့တာပဲ၊ မင်းဟာ အခုထိ ဗဒ္ဒယူဆိုးသွမ်းသမျှကို ညီရင်းအစ်ကိုစိတ်ထားနဲ့ သည်းခံခွင့်လွှတ်ခဲ့တယ်၊ အဖေကလည်း မိဘတာဝန်



www.burmeseclassic.com

www.burmeseclassic.com



မပျက်ကွက်အောင် စောင့်ရှောက်ပြီး ဗဒ္ဒယူကို ဆုံးမ သွန်သင်ခဲ့တယ်၊ ဒါပေမဲ့ ဗဒ္ဒယူရဲ့ စိတ်ထဲမှာတော့ တို့သားအဖဟာ သူ့ကို လွှမ်းမိုးပြီး ချုပ်ချယ်အမိန့်ပေး နေတယ်လို့ မှားယွင်းတဲ့ အတွေးတွေ ပေါ်ပေါက်နေခဲ့ တယ်''

ဟု ပြောလေရာ ဩရကာ

''အဲဒါတွေက ဟုတ်ပါပြီအဖေ၊ ဗဒ္ဒယူက ကျုပ် တို့ သားအဖကို ကောင်းကောင်းကြီး ဒုက္ခပေးနိုင်တယ် လို့ အဖေ ဘာကြောင့်ပြောနိုင်တာလဲ၊ ဗဒ္ဒယူနဲ့ ပတ်သက်ပြီး အဖေတစ်ခုခု သိထားပြီထင်တယ်''

ဟု မေးမြန်းလိုက်၏။

ထိုအခါ ဖခင်က ဖျောက်ဆိပ်၏အကြောင်းကို ပြောပြလေ၏။ လျှို့ဝှက်ချက်အဖြစ် ဖျောက်ဆိပ်အပ်နှံခဲ့သည့် ပစ္စည်းများနှင့် နန်းမြအေးဟူသော မိန်းကလေး၏ ဇာတ်ကြောင်းကိုပါ ဩရသည် ကြားလိုက်ရ၏။

ထို့နောက် ဖခင်ကဆက်၍

''လွန်ခဲ့တဲ့ တည်းက ဗဒ္ဒယူဟာ အဖေ့ဆီမှာ ဖျောက်ဆိပ်အကြောင်းတွေ မကြာခဏမေးမြန်းတတ် တယ်၊ အဖေက ဗဒ္ဒယူ မရှိခင်မှာ အဖေရဲ့မိတ်ဆွေ





ဖြစ်တဲ့ ဖျောက်ဆိပ်ဟာ ဒီမှာတစ်ညတာတည်းခိုသွား ခဲ့တာကလွဲပြီး ဘာမှပြောမပြခဲ့ဘူး၊ အဲဒါကို ဗဒ္ဒယူက သိပ်ပြီးကျေနပ်ဟန်မတူဘူး၊ အဲဒီနောက် ဗဒ္ဒယူဟာ အဖေမရှိခင်အချိန်တွေမှာ တို့ပန်းပဲပိုကြီးတစ်ခုလုံးကို မြေလှန်မတတ် တစ်စုံတစ်ခုကို ရှာဖွေနေတော့တာပဲ၊ သူဟာ အဖေ့ဆီမှာ ဖျောက်ဆိပ်ကပစ္စည်းတွေ အပ်နှံထားခဲ့မှန်း ရိပ်မိနေပုံရတယ်၊ အဖေ့ပစ္စည်းတွေ ခြေရာလက်ရာပျက်နေတာကို အဖေကောင်းကောင်း သိတာပေါ့၊ ဗဒ္ဒယူ ဒီကိစ္စကို ဘာကြောင့်သိသွားသလဲ ဆိုတာကို အဖေပြန်ပြီး စုံစမ်းကြည့်တော့ တရုတ်ခက ရှောက်ယီဖြစ်နေတယ်၊ အဝိန့်ကို အကူအညီတောင်းပြီး သူတို့ အရိပ်အခြေကို စောင့်ကြည့်ခိုင်း ရင်း သိရတာပဲ၊ ရှောက်ယီဆီကို မကြာခဏ ရောက်လာတတ်တဲ့ ခရီးသွားဧည့်သည်တွေဟာ ဖျောက်ဆိပ်ကို လိုက်လံ ရှာဖွေနေတဲ့သူတွေပဲ၊ သူတို့ဟာ အိန္ဒိနယ်စပ်က လူဆိုးရာဇာကြီးရဲ့တပည့်တွေဆိုတော့ ဖျောက်ဆိပ် အဖေ့ဆီမှာ တစ်ညတာ တည်းခိုသွားတာသိပြီး အဖေ့ ကို သင်္ကာမကင်းဖြစ်နေကြတယ်၊ ဖျောက်ဆိပ်ဟာ အကြောင်းမဲ့ အဖေ့ဆီကိုလှည့်ပြီး ဝင်ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာနိုင်စရာ အကြောင်းမရှိဘူးလို့ တွေးကြတယ်၊ အဖေ့ဆီမှာ ဖျောက်ဆိပ်က ပစ္စည်းတွေထားခဲ့နိုင်တယ်လို့ ယူဆကြတယ်၊ နောက်ဆုံးမှာ ရှောက်ယီနဲ့ တိုင်ပင်ပြီး ဗဒ္ဒယူကို အသုံးချဖို့ ကြံစည်ကြတယ်၊ ဒီကိစ္စတွေကို အဝိန်က သူတို့ပြောစကားတွေ တိတ်တဆိတ်နားထောင်ပြီး သိခဲ့ရတာပဲ"

ဟု ဆိုလေ၏။

ထိုအခါ ဩရက

"ရှောက်ယီက အလုပ်ထွက်သွားပြီဆိုပေမဲ့ လက်လျှော့မှာမဟုတ်ဘူး၊ ဗဒ္ဒယူကို သူတို့ ဒီပစ္စည်းတွေ ရရင် ချမ်းသာပြီဆိုပြီး မက်လုံးပေးထားပုံရတယ်"

ဟု ရေရွတ်လေရာ ဖခင်က

"ဒါကြောင့် ပြောတာပေါ့၊ ပစ္စည်းတွေကို အလွယ်တကူမရရင် တို့ကိုအန္တရာယ်ပေးဖို့ပဲ ကျန်တော့တယ်"

ဟု ပြောလေ၏။

ဩရက ခေါင်းကို ဖြည်းလေးစွာခါယမ်းကာ

"ဗဒ္ဒယူက ဒီလောက်မိုက်မဲလိမ့်မယ် မထင်ဘူး၊ ကျုပ်တို့ သူ့အပေါ်ထားတဲ့ မေတ္တာစေတနာတွေဟာ



နည်းနည်းလောက်ဖြစ်ဖြစ် ရောင်ပြန်ဟပ်မှာပါ"

ဟု ဆိုလိုက်တော့၏။

သူတို့နှစ်ယောက် ခရီးမထွက်ခွာမီပင် ဗဒ္ဒယူသည် ကိုထွန်းလူကို

"အဖေ ကျုပ်တို့ခရီးအတွက် အကြမ်းမတမ်းခံနိုင်အောင် အရက်ချက်ပြီးယူသွားရမယ်"

ဟု ပြောကာ အိမ်တွင်ပင် ဆန်အရက်ကို ကိုယ်တိုင်ချက်လေ၏။

ပြီးလျှင် အလုံပိတ်ရန် အဆို့ပါသည့် ဝါးကျည်တောက်များဖြင့် အရက်ကို ထည့်လေ၏။

ထိုအခါ ကိုထွန်းလူက ဗဒ္ဒယူကို

"အရက်က ငါ့သားရဲ့ ဆင်ခြင်တုံတရားကို အနိုင်ယူမသွားအောင် သတိထားပါကွာ"

ဟု မှာလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယပိုင်း

ဩရသည်ပျားကမ်းပါးထက်တွင်ရပ်တန့်လျက်ရှိ၏။ သူ၏စိတ်ကမူ အတိတ်ဆီသို့ လွင့်ပါးနေ၏။ အချိန်မည်မျှကြာသွားသည် မသိချေ။

ဩရသည် သူ၏နောက်ဘက်မှ လှုပ်ရှားမှုတစ်စုံတစ်ရာကြောင့် စိတ်ကပစ္စုပ္ပန်သို့ရောက်ရှိလာပြီး နောက်သို့ဆတ်ခနဲလှည့်ကြည့်မိ၏။ ဗဒ္ဒယူသည် ခေါင်းငိုက်စိုက်ချလျက် သူ့ဆီသို့တရွေ့ရွေ့ လှမ်းလာနေ သည်ကို လရောင်အလင်းဖြင့် ထင်ရှားစွာမြင်လိုက်ရ၏။





ဗဒ္ဒယူကဩရ၏အနီးသို့ ရောက်လျှင်လက်ထဲမှ ကျည်တောင့်ကို နှုတ်ခမ်းတွင်တေ့လိုက်ပြီးနောက်

*"ဩရ ငါရှုံးနိမ့်လာပြန်ပြီ၊ ငါ့ဘဝမှာ ဘာကြောင့် ဒီလိုခဏခဏရှုံးနိမ့်မှုတွေ ကြုံတွေ့နေရတာလဲ"*

ဟု ဆိုလေ၏။

ဩရက ဗဒ္ဒယူနှင့် မျက်နှာချင်းဆိုင်ကာ

*"မင်းဘာဖြစ်လာတာလဲ ဗဒ္ဒယူ"*

ဟုမေးမြန်းလေ၏။

ဗဒ္ဒယူသည် ဂျူရန်ကိုမည်မျှအထိ နှစ်သက်စွဲလမ်းနေမှန်း ဩရသိလေ၏။

အရိုင်တစ်ကြိမ် ပျားဖွတ်ရန် ရောက်ရှိစဉ်ကတည်းက ဗဒ္ဒယူထံမှဂျူရန်ကို မည်မျှချစ်ခင်နှစ်သက်သည်ကို ဩရ၏နားနှင့် ဆုံအောင်ကြားခဲ့ရ၏။

ဂျူရန်က စိတ်ကြမ်းလူကြမ်းဖြစ်နေသည့် ဗဒ္ဒယူ၏အချစ်ကို ယုံကြည်ဘဲ ငြင်းပယ်လိုက်သည်သာ ဖြစ်မည်။ ထို့ကြောင့် ဩရက ဗဒ္ဒယူကို

*"တစ်ချိန်ချိန်မှာ မင်းရင်ထဲက တကယ်နှစ်သက်ရမဲ့ မိန်းကလေးတစ်ယောက် တွေ့လာဦးမှာပါကွာ"*

ဟုနှစ်သိမ့်လေရာ ဗဒ္ဒယူက ကျည်တောက်ကိုအဝေးသို့



www.burmeseclassic.com

www.burmeseclassic.com



လွှင့်ပစ်လိုက်ပြီး

"ငါ့ရင်ထဲမှာ ဂျူရှန်ကဏ္ဍပြီး ဘယ်မိန်းကလေးမှ အစားထိုးလို့မရဘူး၊ ငါသိတယ်၊ ဂျူရှန်ဟာ ငါ့မှာ မပြည့်စုံလို့ ဆင်းရဲနေလို့လက်မခံတာဘဲ၊ ဘာပဲဖြစ်ဖြစ် ဂျူရှန်ကို ငါရအောင်ယူမယ်လို့ ဆုံးဖြတ်ပြီးပြီ"

ဟုပြောလေ၏။

ဩရကခေါင်းယမ်းပြီး

"အဲဒီလိုဆိုရင် မင်းသူ့ရဲ့ခန္ဓာကိုယ်ကိုပဲရမှာပေါ့၊ မိန်းမတစ်ယောက်ရဲ့အချစ်ကို အကြမ်းနည်းနဲ့ဘယ်လိုမှ ရယူနိုင်မှာမဟုတ်ဘူး"

ဟုဆိုလိုက်ရာ ဗဒူယူက ရူးသွပ်နေသူကဲ့သို့ ကျယ်လော
စွာရယ်မောကာ

"ဟား ဟား ဟား . . . အဲဒီအတွက် ငါက ဂျူရှန်ကို သူတစ်ပါးလက်ထဲ ကြည်ကြည်ဖြူဖြူနဲ့ ထည့်လိုက်ရတော့မှာလား၊ ငါ့မှာပြည့်စုံလာရင် ဂျူရှန် စိတ်ပြောင်းသွားမှာပါ၊ ဗဒူယူရဲ့ဘဝမှာ ဒီတစ်ခါတော့ ဘယ်လိုမှမရှုံးနိမ့်စေရဘူး၊ ငါသေသေချာချာစီစဉ်ပြီး ဆုံးဖြတ်ပြီးပြီ၊ နောက်တစ်နေ့ရောက်ရင် ဗဒူယူဟာ ဘယ်လိုလူမျိုးလဲဆိုတာ အားလုံးသိရမှာပေါ့ကွာ"





ဟုကြုံးဝါးကာ ထွက်ခွာသွားလေ၏။

နောက်တစ်နေ့သို့ရောက်လျှင် ဩရသည် အိပ်ရာမှနိုးလေ
ဗဒူယူကိုလင့်စင်၏အခြေရှိ မြေကွက်လပ်တွင်တွေ့ရ၏။

ထို့အပြင် ကျည်တောက်ထဲမှ ယစ်ရှေရည်ဖြင့် မျက်နှာသစ်
ားဟန်ရှိ၏။ ဩရ ကဗဒူယူကို

"ဒီနေ့လုပ်လို့ဖြစ်ပါ့မလား ဗဒူယူ၊ မင်းမှာ ဂျူရှန် အတွက် စိတ်ထိခိုက်နေမယ်ဆိုတာ ငါသိပါတယ်၊ ဒီအလုပ်ကိုရပ်ထားလိုက်လို့ ငါတို့အတွက်ဘာမှ မထိခိုက်ပါဘူး"

ဟုပြောလိုက်၏။

ဗဒူယူက ရီဝေဝေမျက်လုံးအစုံဖြင့်ဩရကို ကြည့်ပြီး

"ပျားဖွတ်တဲ့အလုပ်ကိုမလုပ်လို့ ဘယ်ဖြစ်မလဲ ကွာ၊ လုပ်ရမှာပေါ့၊ ငါကတော့ အဆင်သင့်ပဲ"

ဟုဆိုကာ ကြိမ်ကြိုးခွေများကို ပြင်ဆင်နေလေ၏။

အချိန် အတန်ကြာလျှင် ဩရနှင့်ဗဒူယူတို့သည် ပျားဖွတ်ရန်
ည်းကိရိယာ အစုံအလင်ဖြင့် ပျားကမ်းပါးထိပ်သို့ ရောက်ရှိလာ၏။

ထို့နောက် ဩရသည် ကြိမ်ကြိုး၏ထိပ်တွင် ခိုတွယ်ရင်း
ကမ်းပါးနံရံကို တဖြည်းဖြည်းဆင်းသက်ခဲ့၏။ ထို့နောက် ဩရ
အပေါ်သို့မော့၍အော်ဟစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဗဒူယူ ကြိုးကို လျှော့ချလေ ကျောက်ပါးစပ်တွေဆီ ရောက်ဖို့လိုသေးတာပဲ"

ဟုပြောလိုက်၏။

သူတို့နှစ်ယောက်၏အကွာအဝေးမှာ ဝါးတစ်ပြန်စာလောက်သာသာမျှသာရှိ၏။ ဩရသည် ဗဒူယူ၏မျက်နှာမှာ တစ်မျိုးတစ်ဖုံဖြစ်နေသည်ဟု တွေးမိပြီး တစ်ဆက်ထဲပင် ရင်ထဲ၌ ထိတ်ခနဲဖြစ်သွား၏။

သူ၏တွေးထင်ချက်အတိုင်းပင် ဗဒူယူက ဩရ၏စကားဆုံးလျှင် ခေါင်းယမ်းပြီး လက်တွင်းမှ ကြိုးစကို တိုင်ငုတ်တွင်ချည်နှောင်ကာ

"မင်းကို အောက်ကိုလျှော့ချပေးဖို့ မဖြစ်နိုင်သလို အပေါ်ကိုပြန်ဆွဲတင်ဖို့လည်း ငါမစဉ်းစားတော့ဘူး၊ ဩရ"

ဟုပြောလေ၏။

ဩရက မျက်မှောင်ကြုတ်၍

"မင်းဘာလုပ်တာလဲ ဗဒူယူ"

ဟုအော်ဟစ်လိုက်လေရာ ဗဒူယူက ပျားကမ်းပါးထိပ်တွင် သက်တောင့်သက်သာ ထိုင်ချလိုက်ကာ

"ငါဘာလုပ်တာလဲဆိုတာ မင်းမရိပ်မိဘူးလား





ဩရ၊ မင်းကိုလူ့လောကကြီးထဲက ပျောက်ကွယ်သွားအောင် အဆုံးစီရင်ပစ်မလို့လေ"

ဟုအံ့ဖြေပေးလေ၏။

ဩရက ကြိုးကိုခပ်တင်းတင်း ဆုပ်ကိုင်လိုက်ပြီး

"မင်းရူးနေလား ဗဒူယူ၊ မင်းနဲ့ငါကြားမှာ ဘယ်လိုပြဿနာမှရှိမယ်မထင်ဘူး"

ဟုဆိုလေရာ ဗဒူယူက အံကြိတ်ပြီး

"မင်းငါ့အပေါ်သိပ်ကောင်းလွန်းလို့ ခက်နေတာပေါ့၊ ရယ်စရာတော့အကောင်းသားပဲကွ၊ မင်းကိုတစ်သက်လုံး အနိုင်မရခဲ့တဲ့ငါဟာ အခု အနိုင်ရတော့မယ်လေ၊ ဂျူရှန်က ငါ့ကို ဘာပြောလိုက်တယ်ထင်သလဲ၊ ဟား ဟား... ဗဒူယူ နင်ဟာ ဩရခြေဖျားတောင် မမှီဘူးတဲ့၊ ဩရသာ ငါ့ကို ချစ်ခွင့်ပန်မယ်ဆိုရင်ငါအချိန်မရွေးလက်ခံပါတယ်တဲ့၊ မင်းဟာ မယှဉ်ပြိုင်ဘဲနဲ့တောင် ငါ့ကိုအနိုင်ရတယ်ဩရ၊ ဒါကြောင့်ငါလုပ်ရမဲ့အလုပ်ကိုလည်း ပိုပြီးဆုံးဖြတ်ချက်နိုင်နိုင်မာမာချလိုက်နိုင်တာပေါ့"

ဟုပြောလေ၏။ ဩရသည်သက်ပြင်းချကာ

"ဂျူရှန်နဲ့ပတ်သက်ပြီးတော့ မင်း ဒီလိုလုပ်လို့မယ်



www.burmeseclassic.com

www.burmeseclassic.com



*လို့မထင်ဘူး၊ မင်းမှာတစ်ခြားအကြောင်း နိုင်နိုင်မာမာ ရှိလိမ့်မယ်''*

ဟုဆိုလိုက်ရာ

ဗဒ္ဒယူက အနီးရှိကျည်ဘောက်ကို တရှိန်ထိုးမော့ချလိုက်ပြီး နှုတ်ခမ်းကိုလက်ဖြင့်သပ်ကာ

*''သိပ်မှန်တာပေါ့၊ ဒီကိစ္စကို အချိန်တော်တော်ကြာအောင် ငါစဉ်းစားခဲ့ရတယ်၊ နောက်ဆုံးအဖြေထွက်လာတာက ငါ့အတွက် ဒီလောကကြီးထဲမှာ မင်းမရှိမှဖြစ်မယ်ဆိုတဲ့အဖြေပဲရတယ်၊ ငါတို့အိမ်ကို တစ်ညလာတည်းခိုသွားတဲ့ ဖျောက်ဆိပ်ဆိုတဲ့လူကြီးအကြောင်း ငါ့ကိုပြောစမ်း ဩရ၊ သူ့အပ်ထားခဲ့တဲ့ ပစ္စည်းတွေကို မင်းတို့ဘယ်နေရာ မှာဖွက်ထားသလဲ ဆိုတာလည်း သိချင်တယ်''*

ဟုမေးမြန်းလေ၏။ ဩရက ခေါင်းယမ်းပြီး

*''ဒီပစ္စည်းတွေဟာ တို့နဲ့ဘာမှမဆိုင်ဘူး ဗဒ္ဒယူ၊ မင်း ရှောက်ယီမြှောက်ပေးတိုင်းလောဘတွေ တက်မနေနဲ့၊ ပြီးတော့ အဲဒီပစ္စည်းတွေကို ဘယ်မှာထားသလဲဆိုတာ အဖေတစ်ယောက်ပဲသိတယ်၊ မင်း မိုက်ရူးရဲမလုပ်ချင်စမ်းပါနဲ့ကွာ''*





ဟုပြောလိုက်၏။

ဩရသည် ဗဒ္ဒယူကို ဖျောင်းဖျပြောဆိုရင်း ကြိုးကိုခိုတွယ်ကာ ကမ်းပါးထိပ်သို့ တက်ရန်ကြိုးစားလေ၏။ ဗဒ္ဒယူက ရုတ်တရက် ပင်လက်ထဲမှ ကြိုးစကိုလွှပ်ရမ်းပြီး

*''ဩရ မင်းအပေါ်ကိုရောက်ဖို့ မကြိုးစားချင်စမ်းပါနဲ့ကွာ၊ ငါ့လက်ကလေးတစ်ချက်လွှပ်လိုက်တာနဲ့ မင်းတစ်ကိုယ်လုံး အရိုးအသား ရှာမတွေ့အောင်ဖြစ်သွားလိမ့်မယ်''*

ဟုပြောလေ၏။

ဩရသည် မလှုပ်ရှားတော့ဘဲ စိတ်ကိုတည်ငြိမ်အောင် ထိန်းလိုက်၏။

သူရောက်ရှိနေရာကျောက်နံရံကြီးက ကုတ်ကပ်စရာ ဘဲ ပြောင်ချောနေ၏။ အမှန်ပင် သူ၏အသက်မှာ ဗဒ္ဒယူ၏လက်ထဲ တွင် ရောက်ရှိနေချေပြီ ဗဒ္ဒယူမှာ သွေးအေးအေးဖြင့် ရက်စက်ချင်ဟန် ရှိကာ

*''ငါက ရှောက်ယီတို့နဲ့သေသေချာချာ တိုင်ပင်ပြီးမှ ဒီခရီးကိုထွက်လာတာကွ၊ ဒီလောကကြီးထဲမှာ မင်းမရှိတော့ရင်လည်း ကိစ္စမရှိပါဘူးကွာ၊ ပစ္စည်းတွေကို ရှောက်ယီတို့က အဖေဆီမှာ ရအောင်ယူကြလိမ့်မယ်၊*



www.burmeseclassic.com

www.burmeseclassic.com



*အဲဒီအတွက် ငါတို့ရမဲ့ငွေကလည်းမနည်းဘူး၊ ဒါပေမဲ့ မင်းရှိခဲ့ဖူးတဲ့ သံယောဇဉ်ကလေးတွေထောက်ထားပြီး ငါ့လက်နဲ့ ကိုယ်တိုင်မသတ်ပါဘူးကွာ၊ ဒါပေမဲ့ မင်း အဲဒီနေရာမှာ ငြိမ်ငြိမ်ကလေးနေပြီး၊ သေမင်းကိုသာ စောင့်မျှော်နေပေတော့"*

ဟုပြောလေ၏။

တစ်ဆက်တည်းပင် ဗဒ္ဒယူ၏လက်တွင်းသို့ ကိုင်ဆောင်နေကျ ဓားကြီးက ရောက်ရှိလာ၏။

ဗဒ္ဒယူကဓားကြီးကို ဩရအားဆိုင်းထားသည့် ကြိမ်ကြိုး ပေါ်တွင်တင်လိုက်ပြီး

*"ဩရ… ဟောဒီကြိမ်ကြိုးကို တစ်ဝက်တိတိ ငါလှီးပစ်ခဲ့မယ်၊ ကျန်တာတော့ မင်းဓာတ်လမ်းကို မင်းဘာသာဆက်ပြီးကပေတော့"*

ဟုပြောကာ ဓားကိုလှုပ်ရှားလိုက်၏။

ထို့ကြောင့် ဗဒ္ဒယူသည်လည်း ကမ်းပါးထက်မှ ပျောက်ကွယ်သွားတော့၏။ ဗဒ္ဒယူ၏ရှယ်မောသံသဲ့သဲ့ကို ဩရ၏နားထဲတွင် ကြားနေရဆဲသာရှိ၏။

ဩရအတွက် မည်သို့မျှလှုပ်ရှားခွင့်မရအောင် ဖြစ်သွား၏။ လေပြေကလေးတစ်ချက်အဝှေ့ခွင်ပင် ကြိုးကပြတ်၍သွားနိုင်၏။



ထိုအခါဩရသည် သိုင်းဆရာကြီးဦးစိုင်းလုံ၏စကားကို ဖျတ်ခနဲကြားယောင်မိ၏။

*"ဒီမှာ ဩရ၊ လူဆိုတာ တစ်သက်မှာတစ်ခါပဲ သေရမှာကွ၊ သေပုံသေနည်းဘယ်လိုဘဲကွဲကွဲ လူတိုင်း တစ်ခါပဲ သေရတာပါကွာ၊ အဲဒီတော့ သေဘေးနဲ့ကြုံလာရင် စိတ်ကိုတည်ငြိမ်အောင်ထိမ်းပြီး အဲဒီ သေခြင်းကို ရဲရဲကြီး ရင်ဆိုင်ပစ်လိုက်စမ်းပါ၊ သေဘေးနဲ့ကြုံပြီး စိုးရိမ်ထိတ်လန့်နေတာဟာ နှစ်ခါ သေတာဘဲကွ၊ သေမင်းကလူကို တစ်ခါဘဲသေစေနိုင်ပေမဲ့၊ စိုးရိမ်ထိတ်လန့်ခြင်းက အကြိမ်ကြိမ်သေစေ တော့တာပါပဲကွာ"*

ထို့ကြောင့်ပင် ဩရသည် လေထဲတွင်ကြိုးတန်းလန်း ငှဲ့ဖြစ်နေလေရာ ဗဒ္ဒယူ၏ ဓားချက်ဖြင့် ပြတ်ရှသွားသော ကြိုးမှ လုံးဝပြတ်တောက်သွားမည့်အချိန်ကိုစောင့်ဆိုင်းနေရ၏။

တစ်နည်းအားဖြင့် ဩရ သည်စိတ်ကိုအတတ်နိုင်ဆုံး တည်ငြိမ်အောင် စုစည်းထိန်းသိမ်းကာ မရဏမင်း၏ခေါ်သံကို နားစွင့်နေလေတော့၏။

ဩရသည် သူ့ကိုယ်သူသေလူဟုသတ်မှတ်ပြီးဖြစ်၏။ သူသည် ချက်လုံးအစုံကို မှိတ်၍စိုးရိမ်ထိတ်လန့်စိတ်တို့ကို အပြင်းအထန်

www.burmeseclassic.com

www.burmeseclassic.com



တွန်းလှန်နေရ၏။

တစ်ဝက်မျှလိုးဖြတ်ထားခြင်းခံရသော ကြိုးက သူ၏ကိုယ်ခန္ဓာအလေးချိန်ကို မည်မျှကြာကြာ ထိန်းသိမ်းထားနိုင်ပါမည်နည်း။ ထိုအခိုက်တွင် ကြိုးစက တင်းခနဲဖြစ်ကာ လျှပ်ရမ်းသွား၏။

ညြရသည် ဒီတစ်ချီတော့သွားပြီဟု မှတ်လိုတ်စဉ်မှာပင် သူ၏ကိုယ်ခန္ဓာမှာ အထက်သို့တရွေ့ရွေ့မြင့်တက်လာသည်ကို သတိပြုမိလေတော့၏။

ထိုအခါ ညြရ၏မျက်လုံးအစုံက ဖျတ်ခနဲဖွင့်၍ ကျောက်ကမ်းပါးရံထိပ်သို့ လှမ်းမျှော်ကြည့်မိ၏။ လူတစ်ယောက်က ကြိုးစကို ဆွဲ၍တင်နေခြင်းဖြစ်၏။

ထိုသူ၏မျက်နှာမှာ သားမွေးခေါင်းစွပ်ကြီးထဲတွင် ပျောက်ကွယ်နေ၏။ မည်သို့ပင်ဖြစ်စေ ညြရအတွက် ကယ်တင်ရှင် ရောက်လာချေပြီ။

ညြရသည် ကျောက်ကမ်းပါးရံထိပ်သို့ခြေချမိလျှင် သူ၏အသက်ကိုကယ်တင်လိုက်သူအား သေချာစွာကြည့်ရှုပြီး ဝမ်းသာအားရဖြင့်

*"ဦးလေးဖျောက်ဆိပ်၊ တစ်မိုးလုံးဖျောက်ဆိပ်၊ နေရာတကာ အရေးကြုံရင်ရောက်ရောက်လာတတ်တဲ့ ဦးလေးဖျောက်ဆိပ်"*





ဟုအော်ဟစ်မိလေ၏။

ဖျောက်ဆိပ်က ညြရကိုစူးစိုက်ကြည့်ပြီး

*"သေဆားနဲ့ကြုံနေတာတောင် တည်တည်ငြိမ်ငြိမ်နေနိုင်တဲ့ မင်းရဲ့သတ္တိကိုတော့ သဘောကျသွားပြီ၊ တကယ်တော့ အဲဒီလိုမနေနိုင်ဘဲ ကြောက်လန့်ပြီး ပျာယာခတ်နေမယ်ဆိုရင် ငါတောင် မင်းရဲ့အသက်ကို ကယ်ဖို့အချိန်မီမှာမဟုတ်ဘူး၊ အစောကြီးကတည်းက ကြိုးပြတ်ကျပြီး ဘဝပြောင်းနေလောက်ပြီ"*

ဟုပြောလေ၏။

ထိုအခါ ညြရက ဖျောက်ဆိပ်ကို

*"ဦးလေးက ဒီကိုဘယ်လိုလုပ်ပြီးရောက်လာတာလဲ"*

ဟုမေးမြန်းလေ၏။

ဖျောက်ဆိပ်က

*"ကိုထွန်းလှက လမ်းညွှန်လိုက်တာပဲ၊ မင်းတို့ ပျားဖွတ်တဲ့နေရာကိုပါပြောပြလိုက်လို့ ဒီနေရာကို တန်းတန်းမတ်မတ်ရောက်လာတာပေါ့၊ ငါ့မှာ အရေးတကြီး ကိစ္စပေါ်လာလို့၊ မင်းတို့ဆီကိုလိုက်လာတာပဲ"*

ဟုအဖြေပေးလေရာ ညြရက သူနှင့်ဗဒူယူတို့၏အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို အတိုချုပ်၍ ရှင်းပြလိုက်၏။ ဖျောက်ဆိပ်က မျက်လုံးပြူးကျယ်ပြီး

"မင်းကို ဗဒ္ဒယူမကောင်းကြံလိမ့်မယ်လို့ ကိုထွန်းလူ သံသယဖြစ်နေတာ မှန်သွားပြီပေါ့၊ ငါ ဟောဒီတောင်ဆင်းလမ်းမှာ လူတစ်ယောက်ကို တွေ့ခဲ့တယ်၊ သူဟာ ဗဒ္ဒယူပဲဖြစ်ရမယ်၊ သူ့လက်ထဲမှာ ပုံသဏ္ဌာန်ခပ်ဆန်းဆန်း ဓားကြီးတစ်လက်ကိုင်ထားတယ်"

ဟုပြောလေ၏။

သြရက တစ်စုံတစ်ရာကို စဉ်းစားမိဟန်ဖြင့်

"ဗဒ္ဒယူဟာ သူပြောပုံအတိုင်းဆိုရင် အဲဒီလမ်းက သွားစရာအကြောင်းမရှိဘူး၊ သူဟာဂျရုန်ကို အခမ္မ ခေါ်ဖို့ ကြံစည်ထားတဲ့သူပဲ၊ ဒါဆိုရင် ရှောက်ယီရဲ့ လူတွေနဲ့ သွားပြီးပူးပေါင်းတာဖြစ်ရမယ်၊ ကျုပ်အထင် မမှားနိုင်ဘူး၊ ရှောက်ယီနဲ့ဗဒ္ဒယူတို့ဟာ ဒီကိစ္စတွေကို အစောကြီးကတည်းက ကြံစည်နေပုံရတယ်၊ ကျုပ်နဲ့ ဗဒ္ဒယူ ပျားကမ်းပါးကို အလာခရီးမှာ လှိုဏ်တစ်ခုထဲက မသင်္ကာစရာ မီးခိုးတွေတွေ့လို့ ကျုပ်သွားပြီး လေ့လာခဲ့သေးတယ်၊ အဲဒီလှိုဏ်ထဲမှာ ရှောက်ယီနဲ့ အဆက်အသွယ်ရှိတဲ့ လူစိမ်းတချို့ စခန်းချနေတာတွေ့ခဲ့ရတယ်၊





ရှောက်ယီကတော့ ရှိမနေပါဘူး၊ ဗဒ္ဒယူဟာ အဲဒီ လူတွေ လှိုဏ်ထဲမှာ စခန်းချနေတယ်ဆိုတာသိလိမ့်မယ်၊ သူတို့ကြိုပြီး စီစဉ်ထားခဲ့တာဖြစ်မှာပေါ့"

ဟုဆိုလိုက်ရာ ဖျောက်ဆိပ်သည် လှုပ်လှုပ်ရှားရှားဖြစ်ကာ

"ရှောက်ယီဆီကို ရောက်လာတဲ့လူစိမ်းတွေ ဟုတ်လား၊ ငါ အဲဒီလူတွေကိုလိုက်ရှာနေတာပဲ၊ ဟိုးအရင်က သူတို့အနေနဲ့ ငါ့ကို အသေရရ အရှင်ရရ လိုချင်နေကြပေမဲ့ အခုအခြေအနေက ပြောင်းပြန်ဖြစ်သွားပြီ၊ အခြေအနေက အတော်ရှုပ်ထွေးနေတယ်၊ ဗဒ္ဒယူက သူတို့နဲ့ပေါင်းနေပြီဆိုတော့၊ ပိုပြီးရှုပ်ထွေးကုန်ပြီပေါ့ကွာ"

ဟုပြောလေ၏။ သြရက

"ဘယ်လောက်ရှုပ်ရှုပ် အစရှာပြီး ရှင်းပစ်ရမှာပဲ၊ ဦးလေးဖျောက်ဆိပ်ရဲ့အရှုပ်တွေကို ခဏထားလိုက်ပါ၊ ကျုပ်သေသေချာချာ သိထားတာတစ်ခုရှိတယ်၊ အဲဒီအရှုပ်ကိုအရင်ရှင်းရမယ်၊ ပထမအရှုပ်က ဗဒ္ဒယူဟာ ကြောခင်မှာ ဂျရုန်ဆိုတဲ့မိန်းကလေးကို အလိုမတူဘဲ အကြမ်းနည်းနဲ့ ခေါ်ဆောင်လိမ့်မယ်၊ ဒုတိယအရှုပ် ကတော့ ကျုပ်တို့ရွာက အပိန်သတင်းပေးလိုက်တာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



*ရှောက်ယီနဲ့ အပေါင်းအပါကုန်သည်တွေဟာ ကုန်သည်လားတန်းတွေကို လမ်းကပြစ်တိုက်ပြီး လုယူဖို့ကြံစည်နေတယ်တဲ့၊ သူတို့ ဒီရောက်နေပြီဆိုတော့ အစီနံစကားအတိုင်း ဖြစ်ဖို့များတယ်၊ ဗဒ္ဒယူဟာလည်း လောဘတက်နေတဲ့သူဆိုတော့ လုယက်မဲ့သူတွေနဲ့ ပူးပေါင်းမှာပေါ့"*

ဟုပြောဆိုလေ၏။

ဖျောက်ဆိပ်က ခေါင်းကုတ်ပြီး

*"ငါ့ရဲ့အရှုပ်အထွေးကလည်း ရှောက်ယီတို့လူစုနဲ့ ပတ်သက်နေတယ်၊ ဒါတွေနောက်မှ မင်းကိုရှင်းပြမယ်၊ အခုမင်းဘာလုပ်ချင်သလဲ"*

ဟုမေးမြန်းလေရာ ဩရက အံကြိတ်လိုက်ပြီးမဆိုင်းမတွ

*"ဂျူရှန်ကို ကယ်တင်ရမယ်၊ ကျုပ်တို့သိနေရဲ့နဲ့ လားကုန်သည်တွေ လုယက်ခံရတယ်ဆိုရင်လည်း ကျုပ်တို့ လူမပီသရာကျတော့မယ်၊ အဲဒီကိစ္စကိုလည်း တားဆီးရမယ်"*

ဟု ပြောလေ၏။ ဖျောက်ဆိပ်က ပြုံးဖြီးဖြီးလုပ်၍

*"ကြိုက်သွားပြီပေါ့၊ ဒီခရီးမှာ မင်း ရှေ့က ဦးဆောင်ပေတော့"*





ဟုဆိုလေ၏။

ဩရသည် ဖျောက်ဆိပ်ကို စခန်းချရာလင့်စင်ဆီသို့ခေါ်ဆောင်လာ၏။ လင့်စင်ဆီသို့ရောက်လျှင် ဩရသည် လျှင်မြန်ဖျတ်လတ်စွာပင်ပစ္စည်းများကို သိမ်းဆည်းပြီး သူ့အတွက်လိုအပ်သည့်လက်နက်၊ ကိရိယာတို့ကို ပြင်ဆင်လေ၏။

ဗဒ္ဒယူသည် ထွက်ခွာသွားစဉ်က ဩရ၏ပစ္စည်းများကို မတို့မထိဘဲထားခဲ့သည်ကိုပင် ကျေးဇူးတင်ရပေမည်။ ဩရသည် ဒူးလေးကိုအသင့်ပစ်ခတ်ရန် တပ်ဆင်ပြီးပေပြီ။

ခါးတွင်ရေဘူး၊ တောလိုက်ဓားမြှောင်တို့အသင့်ရှိပေပြီ။

*"ဦးလေးဖျောက်ဆိပ် ကျုပ်တို့ ဒီတောင်ကြောအတိုင်း ဂျူရှန်တို့ခွေမျိုးစုတွေ့ရှိတဲ့ တဲကလေးတွေဆီကို မြန်မြန်သွားရမယ်၊ ဒါကဖြတ်လမ်းပဲ"*

ဟုဆိုကာ ရှေ့မှဦးဆောင်ကာထွက်ခွာသွားတော့၏။

ခရီးကမဝေးကွာလှသော်လည်း ကျောက်တောင်မြင့်ကြီးကို ကုတ်ကပ်၍ တက်ရသောကြောင့် လမ်းကကြမ်းတမ်းလေ၏။

ထို့နောက်သူတို့နှစ်ဦးသည် ကျောက်တောင်ခြေရှိ ယာယီပြုလုပ်ထားဟန်ရှိသော တဲအိမ်စုကလေးကို အပေါ်စီးမှလှမ်း၍ မြင်လိုက်ရ၏။

တဲစုကလေးမှ လူများမှာ လုပ်ငန်းခွင်မဝင်ဘဲ ရုတ်ရုတ်သဲသဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေကြ၏။

ထိုအခါ သြရက ခေါင်းယမ်းပြီး

"ကျုပ်တို့နောက်ကျသွားပြီထင်တယ်"

ဟုရေရွတ်လိုက်လေ၏။

သူတို့နှစ်ဦးတဲအိမ်စုကလေးသို့ရောက်လျှင် သြရ၏တွေး ထင်ချက်အတိုင်းပင် ဗဒ္ဒယူက ဂျရှန်ကိုအကြမ်းဖက်၍ မြင်းနှင့်တင် ကာခေါ်ဆောင်သွားကြောင်းသိရ၏။

ထိုတဲစုကလေးမှာ ဂျရှန်၏ဆွေမျိုးသားချင်းများပင်ဖြစ်၏။ ယောက်ျားသားများမှာ ဖျားကမ်းပါးတစ်နေရာသို့ ရောက်ရှိနေသော ကြောင့်၊ ဗဒ္ဒယူက ဂျရှန်ကို အလွယ်တကူ ခေါ်ဆောင်သွားနိုင်ခြင်း ဖြစ်၏။

အလုပ်ခွင်ဝင်နေသူများပင် ဂျရှန်၏အဖြစ်ကြောင့် တဲစခန်းချ ရာတွင် ပြန်ကာစုဝေးနေကြခြင်းဖြစ်၏။ သူတို့သည် တိုက်ခိုက်ဖို့ပင် သွေးမနည်းသော နာဂလူမျိုးစုများဖြစ်၏။

၎င်းတို့က သြရနှင့်ဖျောက်ဆိပ်ကိုပင် ရန်ပြုဟန်ပြင်နေကြ ၏။ ဗဒ္ဒယူမှာ သြရနှင့်ညီအစ်ကိုတော်စပ်မှန်းသူတို့သိထားကြ၏။

သြရက နာဂစကားဖြင့် ကောင်းစွာရှင်းပြပြီး ဂျရှန်ကို မကြာမီ ဘေးမသီရန်မခဘဲ အရောက်ပြန်ပို့မည်ဟု အာမခံလိုက်လေ၏။ ထို့နောက်ဖျောက်ဆိပ်ဘက်သို့လှည့်ပြီး





"ဦးလေး… ကျုပ်တော့ အာမခံလိုက်ပြီ၊ ဂျရှန်ကို ကယ်တင်ဖို့ပဲကျန်တော့တယ်"

ဟုဆိုလေ၏။

ဖျောက်ဆိပ်က မေးစေ့ကိုလက်ဖြင့်ပွတ်သပ်၍

"ဗဒ္ဒယူမှာ မြင်းပါလာတယ်ဆိုတော့ သူဟာ ရောက်ယီတို့လူစုနဲ့ ပူးပေါင်းသွားတာ ကျိန်းသေပါ တယ်"

ဟုပြောလိုက်၏။

ထိုအခါ သြရက

"သူတို့ ဘယ်မှာစခန်းချမလဲဆိုတာ ကျုပ်တို့ မသိဘူး၊ ဘယ်လိုပဲဖြစ်ဖြစ်၊ သူတို့ကို ဟောဒီ နာဂတောင်တန်းတစ်လျှောက်လုံး မြေလှန်ရှာပါရစေ၊ ကျုပ် မတွေ့တွေ့အောင်ရှာမယ်"

ဟု ကြုံးဝါးလေ၏။ ဖျောက်ဆိပ်က ခေါင်းညိတ်၍ထောက်ခံ က်ပြီး

"သြရ၊ ကျုပ်တို့လူစုက လားကုန်သည်တွေကို လည်း လုယက်ကြမယ်လို့ မင်းပြောခဲ့တာ မေ့နေပြီ လား"

ဟုဆိုလေရာ သြရက မျက်နှာရှင်ပြုံးစွာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ်၊ လားကုန်သည်တွေဆီမှာ ကျုပ်တို့သွားပြီးပူးပေါင်းနေလိုက်ရင် သူတို့နဲ့မလွဲမသွေ ရင်ဆိုင်ရမှာပဲ၊ ဒီရက်ပိုင်း အထိန်ရဲလားတွေနဲ့ ကုန်သည်တစ်ယောက် လဟာယ်မြို့ဘက် ခရီးထွက်ဖို့ရှိတယ်''

ဟုပြောလိုက်လေတော့၏။

❀ ❀ ❀

ပန်းအိမ် ကွန်ပျူတာ

အမှတ်(၃) [illegible]





သြရနှင့်ဖျောက်ဆိပ်တို့သည် တဲစုကလေးတွင် အချိန်မဆိုင်းဘဲ ခရီးဆက်ခဲ့ကြ၏။

လမ်းတွင် သြရက

''ဦးလေးဖျောက်ဆိပ်ရဲ့အရှုပ်အထွေးကို ပြောစမ်းပါဦး''

ဟုမေးမြန်းလေ၏။

ဖျောက်ဆိပ်က

''နန်းမြအေးဆိုတဲ့ မိန်းကလေးရဲ့အကြောင်းတွေ မင်း သိပြီးသားဖြစ်လိမ့်မယ်၊ ငါဟာ မင်းဖခင်ဆီမှာ



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးရဲ့ပစ္စည်းတချို့ကိုအပ်နှံပြီး ကျန်တဲ့ပစ္စည်းတွေကို ရှာဖွေရအောင် ခရီးဆက်ခဲ့ရတယ်၊ ကျန်တဲ့ပစ္စည်းတွေဟာ အင်္ဂလိပ်စစ်တပ်က အရာရှိကြီးတစ်ယောက်လက်ထဲကို ရောက်သွားတယ်လို့ သိထားတဲ့အတွက် ငါဟာ အဲဒီအရာရှိကြီးကို အရင်ဆုံးရှာဖွေရတော့တာပေါ့၊ နောက်ဆုံးမှာ အဲဒီမျက်နှာဖြူအရာရှိကြီးဟာ မေမြို့(ပြင်ဦးလွင်)စစ်တပ်မှာရှိနေတာသတင်းရခဲ့တယ်၊ ငါလည်း မေမြို့ကိုတန်းပြီး လိုက်ရတာပေါ့၊ မေမြို့ကိုရောက်တော့ ငါ့ရင်ဝကို ဖနောင့်နဲ့ဆီးပြီး အကန်ခံလိုက်ရသလို သတင်းဆိုးတစ်ခုကိုကြားလိုက်ရတယ်၊ ငါလိုက်ရှာနေတဲ့ အရာရှိကြီးဟာစစ်တပ်က ပင်စင်ယူပြီး အင်္ဂလန်ကို မိသားစုတွေနဲ့အတူ အပြီးအပိုင်ပြန်သွားပြီလို့ သိရတယ်"

ဟုပြောလေ၏။

သြရကာ , မျက်လုံးပြူးကျယ်ကာ

"ဒါဆိုရင် ပစ္စည်းတွေပြန်ရဖို့ လမ်းဆုံးသွားပြီပေါ့"

ဟုဆိုလိုက်ရာ ဖျောက်ဆိပ်က

"ငါလည်း အဲဒီလိုပဲတွေးလိုက်မိတယ်၊ ဒါပေမဲ့





ဖွဲ့မလျှော့ဘဲ ဆက်ပြီးစုံစမ်းတော့ အရာရှိကြီးဆီမှာနှစ်ပေါင်းများစွာ စားတော်ကဲ ထမင်းချက်လုပ်လာတဲ့လူတစ်ယောက်တော့ မြို့ပေါ်က စားသောက်ဆိုင်တစ်ဆိုင်မှာ အလုပ်ဝင်လုပ်နေတယ်လို့ သိရတယ်၊ ငါ့အတွက် သဲလွန်စရလိုရငြားဆိုပြီး ထမင်းချက်ကြီးနဲ့တွေ့ပြီး ရင်းနှီးအောင်ပေါင်းသင်းရတယ်၊ ပြီးတော့မှသူ့ဆီက အစ်အောက်ပြီးစုံစမ်းကြည့်တော့ အရာရှိကြီးနဲ့ ခင်မင်တဲ့ ရှေးဟောင်းပစ္စည်းစုဆောင်းတဲ့ ဂျူးအဘိုးကြီးဆီကို အဲဒီပစ္စည်းတွေ ရောက်နေနိုင်တယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ဂျူးအဘိုးကြီးနေထိုင်တဲ့မန္တလေးကို လိုက်ရပြန်တယ်၊ ငါလည်း မန္တလေးကိုရောက်ရော အဘိုးကြီးက သေသွားတာ နှစ်လလောက်ရှိပြီလို့ သိရတယ်"

ဟုပြောလေ၏။

သြရကာ , သက်ပြင်းချကာ

"မျှော်လင့်ချက်ကလေးတောင် ပျောက်ဆုံးသွားပြီပေါ့"

ဟုရေရွတ်လေရာ ဖျောက်ဆိပ်က ဆက်၍

"ဂျူးအဘိုးကြီးသေပေမဲ့ သားတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



သမီးတစ်ယောက် ကျန်သေးတယ်ကွ၊ အမွေတွေကို သူတို့နှစ်ယောက်ပဲ ခွဲဝေယူကြမှာ သိထားတော့ ငါ့မျှော်လင့်ချက်တွေက ရေးရေးကလေး ကျန်သေးတယ်၊ ဂျူးအဘိုးကြီးရဲ့ သေတမ်းစာကို ရေးသားပေးရတဲ့ အမွေထိန်းရှေ့နေကြီးရဲ့ရုံးခန်းကိုဝင်ပြီး စာရွက်စာတမ်းတွေကို ရှာဖွေရတာပေါ့ကွာ၊ ဒီအဖြစ်တွေက မင်းကို တစ်ထိုင်တည်း ပြောပြနေပေမဲ့ ငါ့အတွက် အချိန်တွေအများကြီးကုန်ခဲ့ရတာကွ၊ ရှေ့နေကြီးရဲ့ ရုံးခန်းကို ညဘက်လူခြေတိတ်ချိန်ရောက်တော့မှ အကြိမ်ကြိမ်ခိုးဝင်ပြီး ရှာဖွေတော့ နောက်ဆုံးမှာ ငါလိုချင်တဲ့ သေတမ်းစာကိုတွေ့ရတယ်၊ အဘိုးကြီးက သူတို့လူမျိုးရဲ့ဓလေ့အတိုင်း သေတမ်းစာကို စေ့စေ့စပ်စပ်ရေးခဲ့တာကွ၊ သူက သားသမီးနှစ်ယောက် အပြင် အိမ်က အခိုင်းအစေတွေ၊ ဒရိုင်ဘာ၊ မာလီ၊ ထမင်းချက်၊ ဘယ်သူ့ကို ငွေဘယ်လောက်နဲ့ ဘာပစ္စည်းတွေပေးလိုက်ပါလို့ အတိအကျကို ရေးထားခဲ့တယ်၊ အဲဒီပစ္စည်းစာရင်းတွေ ကြည့်တော့မှ ငါတို့ရှာဖွေနေတဲ့ နန်းမြအေးရဲ့ပစ္စည်းတွေကို စာရင်းထဲမှာ တွေ့လိုက်ရတယ်"





ဟုဆိုလေ၏။ ညြရက မျက်ခုံးနှစ်ဘက် မြင့်တက်သွားကာ

"ဒါဆိုရင် စစ်တပ်က အရာရှိကြီးရဲ့လက်ထဲက နေပြီး ဂျူးအဘိုးကြီးဆီကို ပစ္စည်းတွေ တကယ် ရောက်သွားတာပေါ့"

ဟုပြောလိုက်ရာ ဖျောက်ဆိပ်က ခေါင်းညိတ်ပြီး

"ဟုတ်တယ်ကွဲ၊ ငါလည်း ဝမ်းသာအားရနဲ့ သေတမ်းစာကို ဆက်ဖတ်ရတယ်၊ အဘိုးကြီးက အဲဒီပစ္စည်းတွေနဲ့အတူ ငွေတစ်ထောင်တိတိကို သူ့မသေခင် အနီးကပ် ပြုစုစောင့်ရှောက်ခဲ့တဲ့ အိမ်ဖော် မိန်းမကြီးကို ပေးဖို့ တိတိကျကျရေးခဲ့တယ်ကွ၊ မိန်းမကြီးရဲ့အမည်က ဒေါ်ညိုလို့ခေါ်တယ်၊ ဒေါ်ညို့ သတင်းကိုဆက်ပြီး စုံစမ်းတော့ မန္တလေးက တရုတ်တန်းမှာပဲ ဘိန်းမှန့်ရောင်းနေတယ်လို့ သိရပြန်တယ်၊ အဲဒီဒေါ်ညိုနဲ့တွေ့ပြီးတော့မှ ငါလည်း နာဂတောင်တန်းဘက်ကို ခြေဦး ပြန်လှည့်ခဲ့ရတယ်"

ဟုပြောလေတော့၏။

ညြရက နားမလည်ဟန်ဖြင့်ရှိနေရာ ဖျောက်ဆိပ်က ဆက်၍

"ဒီလိုကွ၊ ဒေါ်ညိုမှာ သားတစ်ယောက်ရှိတယ်၊ အဲဒီသားဟာ ဆိုးသွမ်းလွန်းပြီး မန္တလေးမှာနေပိုင်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



လုယက်မှုနဲ့ အလိုရှိနေတဲ့ ဝရမ်းပြေးတစ်ယောက်ပဲ၊ သူ့နာမည်က ကျောက်ခဲလို့ခေါ်တယ်၊ သိသာထင်ရှားတာက ညာဘက်ပါးပြင်မှာ ဓားဒဏ်ရာအမာရွတ်ကြီးရှိနေတာပဲ''

ဟုဆိုလေရာ ဩရသည် သွားလာနေရာမှ ရုတ်တရက် ရပ်တန့်လိုက်ပြီး

''အဲဒီလူကို ကျုပ်သိတယ်ဗျ၊ ရှောက်ယီရဲ့ အပေါင်းအသင်းတစ်ယောက်ပဲ၊ ကျုပ်နဲ့ ဗဒ္ဒယုတို့ ဖျားကမ်းပါးကို အလာလမ်းက လျှိုထဲမှာ စခန်းချနေတာ သူတို့လူစုပဲ''

ဟုပြောလိုက်၏။

ဖျောက်ဆိပ်က အိတ်တွင်းမှ ကျိုးကြေ နေသော စီးကရက်ကို ယူ၍ မီးညှိဖွာရှိုက်ကာ

''ကျောက်ခဲဟာ သူ့မိခင် ဒေါ်ညိုဆီကို မကြာခဏ တိတ်တဆိတ်လာရောက် တွေ့ဆုံတတ်တယ်၊ အဲဒီလိုတွေ့ဆုံရင်း မိခင်ကို ဂျူးအဘိုးကြီးပေးခဲ့တဲ့ ပစ္စည်းတွေကို မြင်သွားပြီး အကုန်ယူသွားတော့တာပဲ၊ မိန်းမကြီးအနေနဲ့ ဒီပစ္စည်းတွေကို ဘယ်လိုတန်ဖိုးရှိမှန်းလည်း မသိဘူး၊ ကျောက်ခဲယူသွားတော့လည်း





လွယ်လွယ်ပဲပေးလိုက်မှာပေါ့၊ ကျောက်ခဲကတော့ ဒီပစ္စည်းတွေအကြောင်း ကောင်းကောင်း သိနေခဲ့တယ်ကွ၊ တစ်ကယ်တော့ ကျောက်ခဲဟာ ဟိုးအရင်ကတည်းက နယ်စပ်မှာရှိတဲ့ လူ ိးရာဇာကြီး တစ်ယောက်ဆီက နန်းမြအေးရဲ့ ပစ္စည်းတွေကို ငါ အလစ်သုတ်လာကတည်းက ငါ့နောက်ကို လိုက်နေတဲ့ အဖွဲ့ထဲမှာ ပါခဲ့တယ်၊ ဒီအကြောင်းတွေကို လူဆိုးရာဇာကြီးဆီက ကောင်းကောင်း သိနေခဲ့မှာပေါ့၊ အခုတော့ ဒီကောင်တွေ သူတို့ရဲ့ဆရာကို သစ္စာဖောက်ပြီး နဂါးတောင်တန်းတစ်လျှောက် ကုန်ကူးသလို၊ ဓားပြတိုက်သလိုလုပ်ပြီး နယ်ပြောင်းလာကြပြီ''

ဟုဆိုလေ၏။

ဩရသည် ဖျောက်ဆိပ်ထံမှ ရှုပ်ထွေးလှသည့် အဖြစ်အပျက်ကြီးကို အစအဆုံး နားထောင်ပြီးနောက်

''ဒီလောက် နှစ်တွေအကြာကြီး သဲလွန်စနောက်ကို အမီအရလိုက်နေနိုင်တဲ့ ဦးလေးဖျောက်ဆိပ်ကို ချီးကျူးပါတယ်ဗျာ၊ ဦးလေးသာ စုံထောက်လုပ်မယ်ဆိုရင် မြန်မာပြည်ရဲ့ အတော်ဆုံးစုံထောက် ဘွဲ့ကိုရမှာကျိန်းသေတယ်''



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်ရာ ဖျောက်ဆိပ်က ရယ်မောရှ်

"ဟဲဟဲ... ဒါက ငါ့အလုပ်ကွ၊ ဒီကိစ္စတွေ ပြီးဆုံးသွားမှာတောင် ငါ့စိတ်ထဲမှာ ကိုးရိမ်နေမိသေးတယ်၊ ဒွိဇ ချပြီးသွားတာနဲ့ ငါ့ရဲ့ စိတ်လှုပ်ရှားမှုတွေ အားလုံး ရပ်တန့်သွားတော့မှာကိုးကွ"

ဟုဆိုလေ၏။ ဩရသည် တစ်စုံတစ်ရာကို အတွေးအပေါက်သွားဟန်ဖြင့် ဖျောက်ဆိပ်ကို

"ကျုပ် ဆင်ကသိန်းခန်းဘုရားပွဲမှာ ဆက်ကပ်ကြည့်ဖူးတယ်ဗျ၊ အဲဒီမှာလူကို ဓားနဲ့ပေါက်ပြတာတွေ၊ ကြိုးတန်းအမြင့်ကြီးပေါ်မှာ လမ်းလျှောက်ပြတာတွေ၊ ကောင်းကင်ဘားလွဲတဲ့ပြကွက်တွေကို ပြသတဲ့သူတွေဟာ ပရိသတ်ကို အသည်းတထိတ်ထိတ် ရင်တဖိုဖို ဖြစ်စေအောင် စိတ်လှုပ်ရှားမှုပေးနိုင်တဲ့အပြင် သူတို့ကိုယ်တိုင်လည်း အဲဒီစိတ်လှုပ်ရှားမှုကို နှစ်သက်လို့ အသက်အန္တရာယ်နဲ့ နီးတဲ့အလုပ်တွေကို သေသေချာချာ လေ့ကျင့်ပြီး လုပ်နေတယ်လို့ တွေးမိတယ်၊ ကောင်းကင်ဘားလွဲတဲ့ လူတစ်ယောက်ကဆိုရင် ကျုပ်ဟာ ကောင်းကင်ဘားလွဲရင်းနဲ့ သေသွားပါစေ၊ ဘယ်တော့မှ ဒီအလုပ်ကို မစွန့်လွှတ်ဘူးလို့ ပရိသတ်ကို





တိုင်တည်သွားသေးတယ်"

ဟုပြောလိုက်ရာ ဖျောက်ဆိပ်က ခွီးခနဲ ရယ်ဝေ့ါပြီး

"မှန်တာပေါ့ကွာ၊ အဲဒီလို စိတ်လှုပ်ရှားမှုကို ဘိန်းစွဲသလိုစွဲနေတဲ့အထဲမှာ ငါလည်းပါတယ်ကွ"

ဟုထောက်ခံလေတော့၏။

❀ ❀ ❀

ပန်းအိစံ ကွန်ပျူတာ

အမှတ်(၃) မျက်နှာစာတန်း [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဩရှနှင့်ဖျောက်ဆိပ်တို့သည် လမ်းတွင် နေ့လည်စာအတွက် ခေတ္တရပ်နားသည်မှလွဲ၍ မနားတမ်း ခရီးဆက်ခဲ့၏။

ညနေစောင်းအချိန်တွင် ပေ (၃၀၀၀) ခန့်ရှိသည့် တောင်မြင့်ကြီးကို ဖြတ်၍ ဖောက်လုပ်ထားသော ကွေ့ကွေ့ကောက်ကောက် ရှိနေသည့် ခြေလျင်လမ်းတစ်ခုကို ဦးတိုက်မိကြ၏။

ထိုလမ်းအတိုင်း တောင်တက်ခရီးကို အတန်ကြာမျှ သွားလာမိလျှင် အစားအသောက်များ ရောင်းချဟန်ရှိသည့် ဆိုင်ငယ်ကလေးအချို့နှင့် တဲအိမ်စုကလေးများရှိသော တောင်ပေါ်စခန်းတစ်ခုသို့ ရောက်လာကြ၏။





ဩရှက ဆိုင်တစ်ဆိုင်အတွင်းသို့ ဝင်ကာ စကားပြောဆိုပြီး နောက်ပြန်၍ ထွက်လာပြီး ဖျောက်ဆိပ်ကို

*"ကျုပ်တို့ ဒီမှာပဲ လားကုန်သည်တွေကို စောင့်ရမယ်၊ သူတို့တစ်တွေ မရောက်သေးဘူးလို့ သိရတယ်"*

ဟုပြောလေ၏။ ဖျောက်ဆိပ်က

*"ဒါဆိုရင် ငါ့အတွက် စားဖို့သောက်ဖို့ ဆိုင်ကောင်းကောင်းသာ ရှာပေတော့"*

ဟုဆိုလေတော့၏။ ထိုအခါ ဩရှက တစ်နေရာသို့ ညွှန်ပြီး

*"ရှေ့နားခပ်လှမ်းလှမ်းမှာတော့ တရုတ်ခေါက်ဆွဲဆိုင်တစ်ဆိုင်ရှိတယ်"*

ဟု လမ်းညွှန်လေ၏။

တရုတ်ခေါက်ဆွဲကြော်ဆိုင်မှာ မြေစိုက် တဲကြီးတစ်လုံးသာ ...ဖြစ်၏။

ဆိုင်သို့မရောက်မီပင် ခရီးသွားဖြစ်ဟန်တူသော လူအချို့၏ ...းသော ...က်ရင်း ဆူညံစွာအော်ဟစ်ပြောဆိုသံများကို အတိုင်းသား ...ကြားနေရ၏။

ဖျောက်ဆိပ်က အသံများကို နားစွင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဒီဆိုင်ထဲက လူတွေ....တော့ ရေချိန်ကိုက်နေပြီ ထင်တယ်"

ဟုရေရွတ်လေ၏။

ထိုအခိုက်မှာပင် ဆိုင်တွင်းမှ ဝရန်းသုန်းကားအသံများကို ကြားရပြီး လူတစ်ယောက် ဒယီးဒယိုင်ဖြင့် ပြေး ထွက်လာသည်ကို တွေ့လိုက်ရ၏။

ထိုလူသည် ဩရတို့ရှေ့သို့ရောက်လျှင် အရှိန်မထိန်းနိုင်ဘဲ ဝုန်းခနဲ လဲပြိုသွားတော့၏။

ဩရက ထိုသူကိုကြည့်၍

"ရေချိန်လွန်သွားပြီထင်တယ်"

ဟုဆိုလေရာ ဖျောက်ဆိပ်က ခေါင်းယမ်းပြီး

"မဟုတ်ဘူးကွ၊ ဆိုင်ထဲက တစ်ယောက်ယောက်က သူ့ကို ဒဏ်ရာရအောင် လုပ်လိုက်တာဖြစ်မယ်"

ဟုပြောလေ၏။

လဲပြိုသွားသူက မပီမသ ညည်းညူ၍ ခေါင်းထောင်လာကာ ဩရတို့ကို တွေ့ရှိသွားပြီး

"ကျုပ်... ကျုပ်ကို ငွေတွေယူပြီး အနိုင်ကျင့် လွှတ်လိုက်တယ်"

ဟု ဆိုကာ သတိကင်းလွတ်သွားတော့၏။ ဖျောက်ဆိပ်က ခေါင်းကုတ်ပြီး

"ဒုက္ခသည်နဲ့ တည့်တည့်ကြီးတိုးနေပြီ၊ ဘယ်လို လုပ်ကြမလဲ ဩရ"

ဟုမေးမြန်းလေရာ ဩရက

"ရှေ့တည့်တည့်ရောက်လာမှတော့ ရှောင်သွားလို့ မဖြစ်ဘူး၊ သူ့ကို သတိရအောင်အရင်လုပ်ရမယ်"

ဟုဖြေကာ လဲကျနေသူအနီး၌ ဒူးထောက်၍ ထိုင်ချလိုက်လေ၏။

ထိုအခိုက် ဆိုင်ပေါက်ဝမှ လူရိပ်တစ်ရိပ်ပေါ်လာပြီး

"ဟေ့ကောင်တွေ... မဆိုင်တဲ့ကိစ္စမှာ ဝင်မရှုပ်ချင်ကြနဲ့၊ သူ့ကို လက်ဖျားနဲ့တောင်မထိဘဲ ကိုယ့်လမ်းကိုယ်သွားကြစမ်း"

ဟုအမိန့်ပေးဟန်ဖြင့်ပြောလေ၏။

ဩရက ထိုသူကို ဆတ်ခနဲ လှည့်ကြည့်ပြီး တစ်စုံတစ်ရာ ပြောမည့်ဟန်ပြင်စဉ် ဖျောက်ဆိပ်က

"ကျုပ်တို့အတွက် ဒုက္ခရောက်နေသူကို ရှောင်လွှဲသွားရိုး ထုံးစံမရှိဘူး"

ဟုဆိုင်ဝမှလူကို ယှမ်းပြောလိုက်၏။ ဩရကလည်း ခေါင်းညိတ်ပြီး





သရဖူလိုင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"သိပ်မှန်တာပေါ့ ဦးလေးဖျောက်ဆိပ်ရယ်"

ဟုထောက်ခံကာ လဲကျနေသူကို ထူမလိုက်လေ၏။ ဆိုင်ရှင်လူက ရှေ့သို့တိုးလာပြီး

"မလောက်လေး မလောက်စား ကလေးတွေ၊ အသားနာချင်ပြီထင်တယ်၊ မင်းတို့ ငါ့အကြောင်း မသိသေးဘူးထင်တယ်"

ဟုကြိမ်းဝါးလေရာ ဖျောက်ဆိပ်က ရယ်မော၍

"ကြည့်ရုံနဲ့သိတာပေါ့ဗျာ၊ လူကောင်ကြီးပြီး အချိန်မစီးဘူးဆိုတာလေ၊ ပြီးတော့ ဟောဒီလူရဲ့ ငွေတွေကို အနိုင်ကျင့်ပြီး လုယက်ထားသေးတယ်ဆိုတာ၊ ခင်ဗျားဟာ အချိန်မစီးတဲ့အပြင် အကျင့်ပါ မကောင်းဘူးဆိုတာ ဘယ်သူမှ သွားမေးစရာမလိုပါဘူး"

ဟုပြောလိုက်၏။

ထိုသူက ခေါင်းတွင်ဆောင်းထားသည့် မြက်ဦးထုပ်ကို ပင့်တင်ပြီး ဖျောက်ဆိပ်ကို သေချာစွာကြည့်ရှုကာ

"ဟုတ်တာပေါ့၊ ငါ့ကို အဲဒီလိုပြောလို့ စိတ်မဆိုးပါဘူး၊ ငါက အနိုင်ကျင့်လုယက်တတ်တာလည်း အမှန်ပဲကွ၊ ဒါကြောင့် မင်းတို့နှစ်ယောက်လည်း ငါ့ရဲ့သားကောင်ဖြစ်သွားပြီ၊ ပါသမျှ အဖိုးတန်ပစ္စည်းတွေမှန်သမျှ ငါ့ဆီကို ရိုရိုသေသေလာပေးကြစမ်း၊ ဒီလိုမှ မဟုတ်ရင် လူကောင်ကြီးပြီး အချိန်စီးမစီး မင်းတို့ အနာပဲသိရမယ်"





ဟုပြောဆိုလေရာ ဩရသည် ရေဘူးထဲမှရေဖြင့် သတိကင်းလွတ်နေသူ၏ မျက်နှာကို ပက်ဖြန်းပေးရင်းမှ

"ဦးလေးဖျောက်ဆိပ်၊ ကျုပ်တို့တောင် အလုယက်ခံရမဲ့ ကိန်းဆိုက်နေပြီ"

ဟုပြောလေ၏။

ဖျောက်ဆိပ်တ စီးကရက်ကို မီးညှိလိုက်ကာ

"ခက်တာပဲကွာ၊ အဲဒီလို ဂုံနီလုံး၊ ခြောက်လုံးတွေကို မကြောက်တတ်တာ မသိရှာဘူး"

ဟုညည်းညူလေ၏။ မြက်ဦးထုပ်နှင့်လူသည် ဒေါသအိုးပေါက်ကွဲသွားကာ

"သိကြသေးတာပေါ့ကွာ၊ မင်းတို့နှစ်ယောက်စလုံးကို တောဟိုက ချောက်ထဲပစ်ချဖို့ ဆုံးဖြတ်လိုက်ပြီ"

ဟုပြောကာ ခြေလှမ်းကို ဖျောက်ဆိပ်ထံသို့ ဦးတည်လေ၏။ ထိုအခိုက် ဩရက



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ရှေ့ကို ခြေတစ်လှမ်းမှ တိုးဖို့စိတ်မကူး နဲ့"

ဟုအော်ဟစ်ကာ လက်တစ်ဖက်က ရိပ်ခနဲ လှုပ်ရှားသွား၏။

သြရ၏ လက်ထဲမှဒူးလေးက ကျယ်လောင်သော ညှို့ရိုက်ခတ်သံနှင့် အတူ မြှားတစ်စင်းပြေးထွက်သွား၏။ မြှားက မြက်ဦးထုပ်နှင့်လူ၏ နံဘေးမှကပ်၍ အနီးရှိသစ်ကိုင်းသစ်ခက်များကြားသို့ တိုးဝင်သွား၏။

မြက်ဦးထုပ်နှင့်လူက အော်ဟစ်ရယ်မောပြီး

"မင်းရဲ့လက်စွမ်းက ဒါပဲလား"

ဟုပြော၍ လှောင်ပြောင်လေရာ သြရက လေသံအေးအေးဖြင့်

"ခင်ဗျားနောက်ဘက်ကိုလည်း သေသေချာချာ ကြည့်ပါဦးလေ"

ဟုဆိုလိုက်၏။

ထိုသူ၏နောက်ရှိ သစ်ရွက်များကြားမှ သွေးစက်တို့ တပေါက်ပေါက် လိမ့်ဆင်းကျလ ၏။

ထိုသူက မျက်မှောင်ကြုတ်ပြီး သေချာစွာကြည့်ရှုလေ သစ်ကိုင်းတစ်ခုတွင် မြွေတစ်ကောင်၏ ဦးခေါင်းကို ဖွဲ့ဝင်နေသည့် မြှားတံကိုတွေ့ရလေ၏။





ပျောက်ဆိပ်က ပါးစပ်ကြီးအဟောင်းသားဖြစ်ပြီး

"သစ်တက်ငနဲ့ဆိုတာ အဆိပ်ပြင်းတယ်လို့ ကြားဖူးတယ်၊ ထိလိုက်ရင်တော့ တုံးခနဲပဲ"

ဟုရေရွတ်လေ၏။

သြရသည် မြက်ဦးထုပ်နှင့်လူ၏အသက်ကို ကယ်တင်လိုက်ခြင်းသာဖြစ်၏။

မြက်ဦးထုပ်နှင့်လူ၏ ဟန်ပန်အမူအရာက ရုတ်ချည်းပင် ပြောင်းလဲသွား၏။

ထိုသူက သြရကို စူးစိုက်ကြည့်ပြီး သက်ပြင်းချကာ

"မင်းရဲ့ တိကျတဲ့ ပစ်ချက်ကိုလှောင်ပြောင်မိတဲ့ အတွက် တောင်းပန်ပါတယ်၊ မင်းတို့ကို လုယက်ဖို့ ကြံစည်မိတဲ့အတွက်လည်း ခွင့်လွှတ်ပါ၊ မင်းတို့ကို ဟောဒီ တရုတ်ဆိုင်မှာ ပြုစုပါရစေ"

ဟုဖိတ်ခေါ်လေ၏။ ထိုအခါ ပျောက်ဆိပ်က ဗိုက်ကို ပွတ်သပ်ပြီး

"မထင်မှတ်ဘဲ တကာနဲ့တွေ့ပြီ"

ဟုအော်ဟစ်လေ၏။ ထိုအချိန်၌ လဲကျနေသူသည် သတိပြန်လည်လာပြီဖြစ်၏။

မြက်ဦးထုပ်နှင့်လူက ကတ္တီပါအိတ်ရှုံ့ကလေးကို ထိုသူထံသို့



www.burmeseclassic.com

www.burmeseclassic.com



ပစ်ပေးလိုက်ပြီး

"ကဲ… ကိုယ့်လူရဲ့ငွေတွေ ပြန်ယူသွားပေတော့၊ ကျုပ်တစ်သက်မှာ လှူယက်ပြီးတဲ့ ငွေကို ဘယ်တော့မှ ပြန်ပေးနလေ့မရှိဘူး၊ ခင်ဗျားအတွက် ဒီနေ့ကံကောင်းသွားပြီ"

ဟုပြောလေ၏။

ထိုသူလည်း ငွေထုပ်ကိုရလျှင် ဝမ်းသာအားရဖြင့် ထွက်ခွာသွားလေ၏။

မြက်ဦးထုပ်နှင့်လူက သူတို့၏အဖြစ်အပျက်များကို ခြောင်းမြောင်းကြည့်ရှုနေသူများကို တွေ့မြင်သွားပြီး မျက်နှာထားတင်းမာစွာဖြင့်

"ဟေ့လူတွေ၊ ဘာလုပ်နေကြတာလဲ၊ ကျုပ်စိတ်မပြောင်းခင် ဟောဒီဆိုင်ထဲက မြန်မြန်ထွက်သွားကြပေတော့၊ ဒီညအတွက် ဟောဒီက မိတ်ဆွေနှစ်ယောက်ပဲ ဟောဒီဆိုင်မှာ ကြိုက်သလိုစားသောက်ဖို့အခွင့်ရှိတယ်"

ဟုပြောကာ စားသောက်နေသူများကို နှင်ထုတ်လေ၏။ ညရက မြက်ဦးထုပ်နှင့်လူကို

"နောင်ကြီး ဒီလိုမလုပ်ပါနဲ့၊ သူတို့ကြိုက်သလို





စားသောက်ပါစေ၊ ကျုပ်တို့စားသောက်သမျှလည်း ထိုက်သင့်တဲ့အခကြေးငွေကို ပေးရမှာပါ"

ဟုပြောလိုက်လေ၏။

ထိုသူက ခေါင်းညိတ်ကာ

"ဟုတ်ပြီလေ၊ မင်းသဘောအတိုင်းပါပဲ"

ဟုဆိုလေ၏။

သူတို့သည် ဆိုင်အတွင်းရှိ ကျူဖျာကြီးများပေါ်တွင် နေရာယူပြီးလျှင် မြက်ဦးထုပ်နှင့်လူက

"ကျုပ်နာမည်က ငထွားလို့ခေါ်တယ်၊ လူတွေကတော့ ကျုပ်ရဲ့အမည်ရှေ့မှာ ဂုဏ်ပုဒ်တစ်ခုတပ်ပြီး မားငထွားလို့ ခေါ်ကြတယ်၊ အဲဒီလိုခေါ်ကြတာလည်း အကြောင်းမဲ့တော့မဟုတ်ဘူး"

ဟုပြော၍ စကားရပ်ကာ ထိုင်နေလျက်မှပင် လက်နှစ်ဖက်ကိုး တစ်ပြိုင်နက် လှုပ်ရှားလိုက်လေ၏။

မားငထွား၏ လက်အစုံသို့ မည်သည့်အချိန်က ရောက်ရှိသည်မှန်းမသိသည့်မားပါးကလေးနှစ်လက်က ဆိုင်ထောင့်တွင် ချိတ်ဆွဲထားသည့် ပြောင်ခေါင်းကြီး၏ မျက်လုံးနှစ်လုံးတွင် စွဲဝင်နေလေ၏။

ထိုအခါ ဖျောက်ဆိပ်က လက်ခုပ်တီးပြီး

"ကောင်းလိုက်တဲ့လက်ဆပဲ၊ မားငထွားဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ပုဒ်ဟာ ခင်ဗျားနဲ့ ထိုက်တန်ပါတယ်၊ ကျွပ်အမည်က ဖျောက်ဆိပ်လို့ခေါ်တယ်၊ ဟောဒီက လူငယ်ကတော့ သြရဂုဏ်"

ဟုမိတ်ဆက်လေ၏။

ထိုအခါ ဓားသွားက သြရကို

"ကောင်လေး... ငါ့ဘဝမှာ ဘယ်သူ့ကိုမှ အလျှော့ပေးခဲ့ဖူးတဲ့ ထုံးစံမရှိဘူး၊ မင်းရဲ့စိတ်ဓာတ်ကို လေးစားတဲ့အနေနဲ့ သြရဆိုတဲ့ ကောင်ငယ်လေးအတွက် ဓားသွားဟာ ဒီနေ့ကစပြီး ဘာပဲလုပ်ပေးရ လုပ်ပေးရ အလျှော့ပေးပြီး အဆင်သင့်ရှိနေပြီ၊ မင်းတို့မှာ လိုအပ်တဲ့အကူအညီရှိရင် ပြောပါ၊ အသက်စွန့်ပြီး ဆောင်ရွက်ပေးမယ်လို့ ကတိပေးတယ်"

ဟုပြောလေတော့၏။





သြရနှင့်ဖျောက်ဆိပ်တို့ တောင်ပေါ်စခန်းတွင်ရှိနေစဉ် ဆင်သေရွာရှိ ကိုထွန်းလူ၏ ပန်းပဲဖိုတဲကြီးအနီးသို့ လူနှစ်ယောက်သည် တိတ်တဆိတ် ချဉ်းကပ်လာကြလေ၏။

သူတို့သည် ခြံစည်းရိုးကို အလွယ်တကူ ကျော်လွှား၍ ဝင်လာကြရာ အိမ်အနီးသို့ အရောက်တွင် လူတစ်ယောက်က သေးငယ်သော ကြိုးတန်းကလေးတစ်ခုကို ဝင်၍တိုးမိ၏။

ထိုအခါ ကြိုးနှင့်ဆက်သွယ်ထားသည့် ဝါးခလောက်ကလေးများမှ လှုပ်ရမ်းပြီး ဂလောက်ဂလောက်နှင့် အသံများထွက်ပေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျန်တစ်ယောက်က လေသံတီးတိုးဖြင့်

"ဟောကောင်... ဖြည်းဖြည်းလုပ်ပါကွ၊ အင်း... ဟန်းပဲဆရာက လုံခြုံရေးအတွက် ကြိုးတန်းကုလားတက်တွေတောင် ဆင်ထားပါလား"

ဟုပြောဆိုရေရွတ်လေ၏။

သူတို့နှစ်ဦးသည် ထိုနေရာ၌ပင် အတန်ကြာမျှ ငြိမ်သက်နေပြီးနောက် တဲကြီးအနီးသို့ ပက်လက်တိုးကပ်လာကြ၏။

ထိုအခါ တစ် ယောက်က လေသံကလေးထွက်သည် ဆိုရုံမျှ အသံဖြင့်

"ဘယ်လိုလုပ်ကြမလဲ၊ ငါတော့ စိတ်မရှည်ချင်တော့ဘူး၊ တဲတံခါးကို ခြေထောက်နဲ့ကန်ဖွင့်ပြီး အကြမ်းနည်းပဲသုံးချင်ပြီ"

ဟုပြောလေရာ ကျန်တစ်ယောက်က နှုတ်ခမ်းတွင် လက်ညှိုးတင်၍ အသံမထွက်စေရန် အချက်ပြကာ တဲကြီးအတွင်းသို့ ချောင်းမြောင်းကြည့်ရှုလေ၏။

သူ၏မြင်ကွင်းထဲ၌ ပိန်းပိတ်အောင် မှောင်နေသော အမှောင်ထုကိုသာ မြင်ရ၏။ ထို့ကြောင့်ပင် ကျန်တစ်ယောက်ကိုတစ်တောင်ဖြင့်တွက်ကာ

"ပန်းပဲဆရာ အိပ်မောကျနေလောက်ပြီ၊





အရင်ဆုံး အနုနည်းနဲ့ချုပ်ကိုင်ရမှာပေါ့ကွာ၊ ဒါမှ မရရင်တော့ မင်းသဘောအတိုင်းပဲ၊ ဂဲ... တံခါးတောင် စေ့ရုံပဲစေ့ထားတယ်၊ အသာတွန်းပြီး အထဲကို ဝင်သွားရုံပဲ"

ဟုပြောလေ၏။

ထို့နောက် သူတို့သည် အစီအစဉ်အတိုင်း တဲတံခါးကို အသာပင်တွန်းဖွင့်ကာ အတွင်းသို့ လှမ်းဝင်လိုက်ကြ၏။

လ၏အလင်းရောင်က တဲအတွင်းသို့ မှုန်ပြပြဖြင့် တိုးဝင်လာ၏။

ထိုအချိန်တွင် ဗိုးခနဲ လေတိုးသံကြီးထွက်ပေါ်လာပြီး ကြိုးဖြင့် ချည်နှောင်ထားသည့် ဆယ်ပေါင်တူကြီးက သူတို့နှစ်ယောက်ထံ လွဲရမ်း၍ဝင်လာ၏။

တစ်ယောက်မှာ မည်သို့မျှ ရှောင်တိမ်းချိန်မရလိုက်ဘဲ ဆယ်ပေါင်တူနှင့် မိတ်ဆက်ကာ ကျောကော့သွားလေ၏။ ကျန်တစ်ယောက်က ကြောင်ငေးမနေဘဲ အလင်းရောင်ကောင်းစွာရရှိရန် တဲတံခါးကို ဝုန်းခနဲကန်ဖွင့်လိုက်ကာ

"ဟေ့... ပန်းပဲဆရာ၊ သတ္တိရှိရင် ဒီလို ခိုးကြောင်ခိုးဝှက်မလုပ်နဲ့"

ဟုအော်ဟစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ခါးကို ဆယ်ပေါင်တူဖြင့် အနက်ခံလိုက်ရသူကလည်း ကုန်းကွကွကြီးဖြင့်ထလာကာ ဆောင်ဓားကို ရှမ်းခနဲဆွဲထုတ်လိုက်တော့၏။

တဲအတွင်း၌ အလင်းရောင်မှုန်ပျပျ ရှိနေသော်လည်း မည်သည့်လှုပ်ရှားမှုမျိုးမှ မတွေ့ရဘဲ တိတ်ဆိတ်ငြိမ်သက်နေ၏။

ထိုအခါ ဓားကိုင်သူက ရှေ့သို့ ခြေတစ်လှမ်းတိုး၍

*"ခင်ဗျားက သူရဲဘောနွဲ့လို လုပ်နေတော့လည်း ကျုပ်တို့က ရှာရသေးတာပေါ့"*

ဟုကြိမ်းဝါးလေ၏။

သို့သော် သူသည် နောက်ထပ်ခြေလှမ်းတစ်လှမ်းလှမ်းမိလျှင်ပင် ဖြောင်းခနဲ အသံနှင့်အတူ ခြေထောက်မှအရိုးကွဲမတတ် နာကျင်မှုကို ခံစားလိုက်ရ၏။

ထိုသူက နာကျင်စွာညည်းညူပြီး ခြေထောက်ကို မြှောက်လေရာ သံညှပ်ကြီးတစ်ခုက ညှပ်လျက်သားဖြင့်ပါလာ၏။

ထိုအခါ အပေါက်ဝနားမှလူက ဒေါသတကြီးဖြင့် အိမ်ရှေ့လက်လုပ်ဓားစင်မှ ဓားတစ်ချောင်းကို ဆတ်ခနဲဆွဲယူပြီး

*"ဟေ့ကောင်၊ အချိန်မဆွဲနဲ့တော့၊ တဲတစ်ခုလုံး မီးရှို့ပစ်မယ်"*

ဟုပြောလိုက်လေ၏။





ထိုအခိုက် သူ၏ခေါင်းပေါ်ရှိ ထုတ်တန်းမှ အရိပ်တစ်ခုက လွှားခနဲခုန်ချလာပြီး

*"အဲဒါကို ငါက လက်ပိုက်ကြည့်နေမယ်လို့ ထင်သလားကွ"*

ဟုပြောလေ၏။

တစ်ဆက်တည်းပင် ထိုသူ၏လက်က ရိပ်ခနဲ လှုပ်ရှားသွားပြီး တံခါးဝမှ လူမှာ မှောက်လျက်လဲကျသွား၏။

ခြေထောက်တွင် သံညှပ်ကြီးတကားကားဖြစ်နေသောလူမှာ သူ့အဖော်၏အဖြစ်ကြောင့် နာကျင်မှုကို ဂရုမထားဘဲ အသံကုန်အော်ဟစ်ကာ လူရိပ်ထံသို့ပြေးဝင်၍ ဓားဖြင့် ပိုင်းလေ၏။

လူရိပ်က ဖျတ်ခနဲ ခုန်ရှောင်လိုက်ရာ ဓားချက်က လွဲချော်ပြီး တိုင်တစ်တိုင်တွင် စွဲဝင်နေ၏။ လူရိပ်က သွက်လက်စွာပင် သူ၏နောက်ပါးသို့ ရောက်ရှိလာပြီး ဝါးကျစ်တုတ်ဖြင့် မိဈ်ဆက်လေတော့၏။

ထိုသူမှာ တိုင်တွင် စွဲဝင်နေသော ဓားကို မနုတ်ယူနိုင်မီပင် ခေါင်းထဲတွင် ကြယ်မြင်လမြင်ဖြစ်ကာ မှောက်ခုံကြီး ရှိနေသည့် သူ၏အဖော်ပေါ်သို့ ထပ်လျက် လဲပြိုသွားလေ၏။

လူရိပ်က လက်တွင်းမှ ဝါးကျစ်တုတ်ကို ဆကာ တိုးညင်းစွာရယ်မောပြီး



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့က မိုက်မိုက်ကန်းကန်း ဝင်လာကြတာ ကိုး"

ဟုရေရွတ်လေ၏။

ထိုသူမှာ ကိုထွန်းလူပင်ဖြစ်၏။ ကိုထွန်းလူသည် ထိုသူနှစ်ယောက်ကို ဂုတ်မှကိုင်၍ ငါ်အပြင်သို့ ဆွဲဟုတ်ကာ ရေပုံးထဲမှ ရေဖြင့် ဝုန်းခနဲလောင်းချလိုက်၏။

ထိုအခါ လူတစ်ယောက်မှာ သတိရလာလေရာ ကိုထွန်းလူက ထိုသူကို သေချာစွာကြည့်ရှုပြီး

"မင်းတို့ ရှောက်ယီရဲ့တပည့်တွေဆိုတာ ငါသိတယ်၊ ငါ့ဆီကို ဘာကိစ္စနဲ့ရောက်လာတာလဲ ဆိုတာ. မြန်မြန်ပြောစမ်း၊ ဒါမှမဟုတ်ရင်တော့ မင်းတို့နှစ်ယောက်စလုံးကို ချင်းတွင်းမြစ်ထဲမှာ ငါးစာကျွေးပစ်မယ်"

ဟုဆိုလိုက်၏။ ထိုအခိုက်တွင် ကိုထွန်းလူ၏ နောက်ကျောမှ

"ဘာကိစ္စလဲဆိုတာ ကြောခင်သိရမှာ . ] ယန်းပဲ ဆရာရယ်၊ မလောပါနဲ့၊ အခုတော့ ခဏလောက် အိပ်လိုက်ပါဦး"

ဟူ၍ စကားပြောသံထွက်ပေါ်လာ၏။





ကိုထွန်းလူသည် ထိုအသံရှင်မှာ ရှောက်ယီဖြစ်မှန်းချက်ချင်း ပင်သိလိုက်၏။

သို့သော် သူ့အတွက် နောက်ကျသွားပေပြီ။ ရှောက်ယီက ပြောင်းရှည်သေနတ်ဒင်ဖြင့် နောက်မှ ရိုက်ချလိုက်လေရာ ကိုထွန်းလူသည် မြေပြင်သို့ လဲပြိုပြီး အသိတရား ကင်းလွတ်သွားတော့၏။

ထို့နောက် ရှောက်ယီက သူ့လူနှစ်ယောက်ကို ခြေထောက်ဖြင့်ကန်၍

"ပေ့ကောင်တွေ၊ ဘာလုပ်နေကြတာလဲ၊ မင်းတို့က ယန်းပဲဆရာကို လျှော့တွက်ကြတာကိုး၊ ခံရတာတောင် နည်းသေးတယ်၊ သွားစမ်း ခြံရှေ့က မောင်ရိပ်မှာ ကောက်ရိုးတင်တဲ့မြင်းလှည်းပက်လက်တစ်စီးရပ်ထားတယ်၊ အဲဒီလှည်းကို ခြံထဲ မောင်းသွင်းခဲ့စမ်း"

ဟု ခိုင်းစေလေ၏။

ထိုအချိန်တွင် ရှောက်ယီ၏ တပည့်နှစ်ယောက်မှာ ကောင်းစွာ သတိရနေပြီဖြစ်၏။

တစ်ယောက်က မြင်းလှည်းသွားယူနေစဉ် ကျန်တစ်ယောက်က ခြေထောက်တွင် ညှပ်နေသည့် သံညှပ်ကို အံကြိတ်၍ ဆွဲကာဖြုတ်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် ထော့နဲ့ထော့နဲ့ဖြင့် ထလာလေရာ ရှောက်ယီက

"ဘယ်လိုလဲ တာတီး၊ ယန်းပဲဆရာကို အမှုန့်ချေပစ်ချင်နေပြီထင်တယ်၊ ခဏလောက် အောင့်ထားလိုက်ပါဦး၊ မကြာခင် မင်းအတွက် အခွင့်အရေးရလာမှာပါ၊ အခုလောလောဆယ်တော့ ဒီလူကို ဆင်သေရွာနဲ့ဝေးရာကို ခေါ်သွားရမယ်၊ မြင်းလှည်းပေါ်မှာ လေပေါက်ဖောက်ထားတဲ့ ထင်းရှူးသေတ္တာကြီးတစ်လုံးရှိတယ်၊ သူ့ကို အဲဒီအထဲကိုထည့်ပြီး ခေါ်သွားရမယ်"

ဟုပြောလေ၏။

မကြာမီ ဆင်သေရွာ၏ ရှည်လျားလှသော ရွာလယ်လမ်းမကြီးအတိုင်း မြင်းလှည်းတစ်စီးသည် ဖြည်းဖြည်းမှန်မှန် မောင်းနှင်လာပြီးနောက် ညာဘက်လမ်းခွဲအတိုင်း အနောက်မြောက်ဘက်မှ တောင်တန်းများဆီသို့ ဦးတည်လိုက်လေတော့၏။





ဩရတို့သည် စားထွေးနှင့်အတူ တရုတ်ဆိုင်တွင် ညစာ
းသောက်နေကြ၏။

မျောက်ဆိပ်သည် အစားကောင်းအသောက် ကောင်းများကို
းပါးတရ စားသောက်ပြီးနောက် ဩရကို

"ကောင်လေး၊ ဗိုက်ထဲကို အစာဝင်သွားရင် ငါ့မျက်စိတွေ အလိုလိုလေးလံလာတယ်၊ ရသလောက်ကလေးတော့ မှေးလိုက်ဦးမယ်ကွာ"

ဟုဆိုကာ သူတို့ထိုင်နေသည့် ကျူဖျာပေါ်တွင် လဲလျောင်း
က်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီတွင် ဖျောက်ဆိပ်သည် တရှူးရှူးနှင့်အိပ်မော ကျနေလေပြီ။သူတို့အနီး၌ မီးဖိုကြီးတစ်ဖိုလည်း ဖို၍ထားလေ၏ ဖျောက်ဆိပ်သည် အိပ်ကောင်းကောင်းနှင့် အိပ်လိုက်ရာ နံနက်လင်း ပင် နိုးလေတော့၏။

ထိုအခါ တစ်ညလုံး အိပ်စက်ဟန်မရှိဘဲ ဓားငထွားနှင့် စကား ပြောနေသော ညြရက ဖျောက်ဆိပ်ကို

"ဦးလေးဖျောက်ဆိပ်၊ လားကုန်သည်တွေ ရောက် မလာကြသေးဘူး၊ ဒီနေ့တော့ ရောက်လိမ့်မယ် ထင်တယ်၊ ကျုပ်လည်း သူတို့လာမယ်ထင်လို့ တစ်ညလုံးထိုင်နေတာ၊ ဓားငထွားကတော့ သူ့ခရီး သူဆက်သွားပြီ"

ဟုပြောလေ၏။

ထို့နောက် သူတို့နှစ်ဦးသည် ထိုဆိုင်တွင်ပင် လားကုန်သည်များ မရောက်မချင်း စောင့်ရန် ဆုံးဖြတ်ကြ၏။

ထိုအခါ ဖျောက်ဆိပ်က တောင်ပေါ်စခန်းအနှံ့လှည့် ကြည့်ရှုပြီး ညြရကို

"ကောင်လေး၊ ရှောက်ယီတို့အဖွဲ့က အဝိန်နဲ့ လားကုန်သည်တွေကို လုယက်ကြမှာ ကျိန်းသေရဲ့ လား၊ ငါမြင်နေရတာတော့ တခြားကုန်သည်တွေလည်း သွားလာနေကြတာပဲ၊ သူတို့အတွက် ဘယ်သူ့ကိုမှ





လုယက်လို့ရှာဘူး"

ဟုမေးမြန်းလေရာ ညြရက

"ဒီလိုဗျ၊ ရှောက်ယီဟာ အဝိန်နဲ့ပြဿနာတက်ပြီး အလုပ်ကထုတ်ပယ်ခံလိုက်ရတော့ မကျေမနပ်ဖြစ်ပြီး အဝိန့်ကို 'ခင်ဗျားရဲ့ လားတွေနဲ့ နောက်ထပ် အလုပ်လုပ်စားလို့မရအောင် ကျုပ်အကြောင်း ပြရသေး တာပေါ့'လို့ ကြိမ်းဝါးသွားတယ်ဗျ၊ ဒါကြောင့် သူ့အတွက် ပွဲဦးထွက် လုယက်မယ်ဆိုရင် အဝိန်ရဲ့ လားအငှားလိုက်တဲ့ ကုန်သည်တွေရဲ့ပစ္စည်းကိုပဲ လုယက်မှာပဲ"

ဟုရှင်းလင်းပြလေ၏။ ဖျောက်ဆိပ်က မေးစေ့ကို လက်ဖြင့် ပွတ်ကာ

"အင်း... ဒီကိစ္စကတော့ အိုင်ယာလန်ထီထိုး ရသလို ဖြစ်မှာပဲ၊ သူတို့ကို ခြေရာခံမိဖို့ကလည်း ဒီတစ်လမ်းပဲ ရှိတော့တယ်၊ တို့အတွက် ရေလိုက်မလွဲပါ စေနဲ့လို့ပဲ ဆုတောင်းရတော့မယ်"

ဟုပြောလေ၏။ ညြရက တစ်စုံတစ်ရာကို တွေးမိဟန်ဖြင့်

"ကျုပ်တော့ ရွာမှာကျန်ခဲ့တဲ့ အမေ့ကို စိတ်မချဘူး ဗျာ၊ ဗဒ္ဒယူရဲ့ပြောစကားအရဆိုရင် ရှောက်ယီဟာ



www.burmeseclassic.com

www.burmeseclassic.com



အဖေ့ဆီက နန်းမြအေးရဲ့ ပစ္စည်းတွေကို မရရတဲ့နည်းနဲ့ ယူလိမ့်မယ်လို့သိရတယ်၊ ဒီပစ္စည်းတွေကို သူတို့ ဘာကြောင့် ဒီလောက် မက်မက်မောမောရှိနေသလဲ မသိဘူး''

ဟုဆိုလေရာ ဖျောက်ဆိပ်က သက်ပြင်းချပြီး

''ငါလည်း အဲဒါကို တွေးမိပါတယ်၊ ကိုထွန်းလူဟာ အန္တရာယ်ကိုတော့ ကြည့်ပြီးရှောင်တတ်မှာပါ၊ မင်းတို့သားအဖတွေလည်း ငါ့ကြောင့် ဒီအရှုပ်အထွေးကြီးထဲကို ရောက်နေရတယ်၊ ဒါတွေ မကြာခင် ပြီးဆုံးသွားမှာပါကွာ၊ ရှောက်ယီတို့က အဲဒီပစ္စည်းတွေရရင် အိန္ဒိယနယ်စပ်က ရှေးဟောင်းပစ္စည်း မှောင်ခိုဂိုဏ်းကြီးတစ်ဂိုဏ်းရဲ့လက်ထဲကို ရောင်းစားလိမ့်မယ်လို့ တွက်ရတာပဲ၊ ငါလည်း အသေအချာတော့ မသိဘူး၊ သူတို့က အဲဒီဘက်မှာ အဆက်အသွယ်ရှိတော့ ဆက်စပ်ပြီးတွေးကြည့်ရတာပဲ၊ သေချာတာကတော့ ဒီကိစ္စအတွက် ငွေကြေးမြိုးမြိုးမြက်မြက်ရနိုင်တဲ့လမ်းရှိလို့ သဲသဲမဲမဲ လိုက်နေတာတော့ ကျိန်းသေတယ်''

ဟုပြောလိုက်၏။ ဩရကဆက်၍





''ဒါဆိုရင် ကျောက်ခဲဆိုတဲ့လူရဲ့ လက်ထဲက ပစ္စည်းတွေကို ရှောက်ယီတို့က မသိဘူးလား၊ ကျောက်ခဲက သူတို့ရဲ့အဖွဲ့ထဲက မဟုတ်လား''

ဟုမေးမြန်းလေရာ ဖျောက်ဆိပ်က

''ဒါကလည်း ကျောက်ခဲကိုရှာဖွေဖို့ မတွေ့မချင်း ပဟေဠိလို ဖြစ်နေဦးမှာပဲ၊ ကျောက်ခဲဆီက ပစ္စည်းတွေအကြောင်း ရှောက်ယီသိမသိကို ငါတို့ ဘယ်လိုမှ ခန့်မှန်းလို့ရမှာမဟုတ်ဘူး၊ ကျောက်ခဲနဲ့ တွေ့လိုက်ရင် ရှင်းသွားမှာပါကွာ''

ဟု ပြောလေ၏။

နေ့လယ်ဘက်တွင် ဝန်တင်လားတန်းကြီး တစ်ခုက တရွေ့ရွေ့ဖြင့် တောင်ပေါ်စခန်းသို့ ရောက်ရှိလာ၏။

ထိုအခါ ဩရက ဖျောက်ဆိပ်ကို

''အဝိန်ရဲ့လားတွေတော့ ရောက်ပြီ''

ဟု ပြောလေ၏။

လားထိန်းများကိုဦးစီးလာသူမှာ ရှောက်ယီနေရာတွင် အစားထိုးခန့်ထားသူ တရုတ်လူမျိုးဖြစ်၏။

၄င်းတို့သည် နှုတ်ခမ်းမွေးကားကားနှင့် ကုန်သည်ကြီးတစ်ယောက်၏ ကုန်ပစ္စည်းများကို သယ်ဆောင်လာကြ၏။ ဩရက



www.burmeseclassic.com

www.burmeseclassic.com



ထိုသူများနှင့် တွေ့ကာ

"ခင်ဗျားတို့ရဲ့ရှေ့ခရီးမှာ လူတစ်စုက လုယက်ဖို့ ကြံစည်နေကြတယ်"

ဟု သတင်းပေးလိုက်ရာ နှုတ်ခမ်းမွှေးကားကားနှင့် ကုန်သည်ကြီးက သြရနှင့်ဖျောက်ဆိပ်တို့ကိုကြည့်၍ ရယ်စရာပျက်လုံး တစ်ခုကို ကြားလိုက်ရသလို ဟက်ဟက်ပက်ပက်ရယ်မောပြီး

"ကျုပ်တို့ကိုလုယက်မဲ့သူတွေ ဟုတ်လား၊ ဒီခရီးမှာ ဒီလို တစ်ခါမှမကြုံဖူးပါဘူး၊ အေး... ကြုံလာရင်လည်း ကျုပ်တို့အကြောင်း ကောင်းကောင်း သိသွားမှာပေါ့"

ဟု ပြောလေ၏။

လားထိန်းတာရုတ်ကလည်း သြရနှင့် ခင်မင်ရင်းနှီးခြင်း မရှိသောကြောင့်

"တို့ရဲ့လားထိန်းတွေအားလုံး အတိုက်အခိုက် အသတ်အပုတ်နဲ့ မစိမ်းဘူးကွ၊ ပြီးတော့ တို့အားလုံးမှာ လက်နက်အပြည့်အစုံပါတယ်၊ လုယက်မဲ့သူတွေဟာ သူတို့သေတွင်း သူတို့တူးဖို့ ငါတို့ကို လာစမ်းမယ် ဆိုရင်တော့ မတတ်နိုင်ဘူး"

ဟု ဆိုပြန်၏။





ထိုအခါ သြရက ထိုသူနှစ်ယောက်စလုံးကို

"ခင်ဗျားတို့ဘက်က ပြင်ဆင်လာတယ်ဆိုတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ လုယက်မဲ့သူတွေက အလစ် အငိုက်ကိုစောင့်ပြီး လုယက်ကြမှာပေါ့၊ တကယ်တမ်း တိုက်ပွဲဖြစ်လာရင် ခင်ဗျားတို့မှာ လားတွေနဲ့ ကုန်ပစ္စည်း တွေကို ထိန်းသိမ်းနေရတာနဲ့ ထိထိရောက်ရောက် တိုက်ခိုက်နိုင်မှာ မဟုတ်ဘူး"

ဟု ပြောလေရာ နှုတ်ခမ်းမွှေးကားကားနှင့် ကုန်သည်ကြီး က သြရကို

"ဒီမှာကောင်လေး၊ ဒီသတင်းကို မင်း ဘာ ရည်ရွယ်ချက်နဲ့ ပြောတာလဲ"

ဟု မေးမြန်းလေ၏။ ထိုအခါ ဖျောက်ဆိပ်က စိတ်မရှည်ဟန် ဖြင့် ကုန်သည်ကြီးကို

"ခင်ဗျားတို့ ကုန်ပစ္စည်းတွေဆုံးရှုံးပြီး ဒုက္ခရောက် မှာ စိုးလို့ ပြောနေတာဗျ၊ အခန့်မသင့်ရင် အသက် အန္တရာယ်ကိုတောင် ထိခိုက်နိုင်တယ်၊ ဒါကြောင့် ကျုပ်တို့နှစ်ယောက်က တောင်ပေါ်စခန်းမှာ ခင်ဗျား တို့ကို အကူအညီပေးရအောင် စောင့်နေတာပဲ"

ဟု ပြောဆိုလိုက်ရာ လားထိန်းတာရုတ်က လှောင်ပြောင်ဟန်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ပြုံးကာ

"ဒီကောင်လေးနဲ့ခင်ဗျားက ကျုပ်တို့ကို အကူအညီ ပေးမလို့ပေါ့"

ဟု ဆိုလေ၏။

ဩရသည် ထိုခရီးတွင် အဝိန်သာပါလာလျှင် အားလုံးအဆင်ပြေသည်ဟု တွေးမိ၏။

ယခုတော့ကုန်သည်ကြီးနှင့် လှားထိန်းတရုတ်တို့က မိမိတို့၏စေတနာကိုပင် ပျက်ရယ်ပြုနေကြချေပြီ။

ဖျောက်ဆိပ်က ခေါင်းကို ဖြည်းလေးစွာ ခါယမ်းပြီး ဩရ၏လက်ကိုဆွဲကာ

"ကဲ... ကောင်လေး၊ ဖြစ်လာသမျှကတော့ သူတို့ထိုက်နဲ့ သူတို့ကံပဲ၊ သူတို့က ငါတို့စကားကို မယုံကြည်ဘဲ ဆက်ပြီးပြောနေလို့လည်း မထူးဘူး"

ဟု ပြောလေ၏။

ဩရက သက်ပြင်းချ၍ လားထိန်းတရုတ်ကို

"ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့ လမ်းခရီးတစ်လျှောက်မှာ သတိထားပြီး သွားပါဗျာ"

ဟု မှာလိုက်လေရာ ထိုသူက လက်တွင်းမှ တူးမီးသေနတ်ကို မြှောက်၍





"ကိစ္စမရှိပါဘူးကွာ၊ ငါတို့ခရီးကို နှောင့်ယှက်ဝံ့တဲ့လူရှိရင်လည်း တခ်ပွဲတစ်လမ်းတော့ ရင်ဆိုင်လိုက်ချင်သေးတယ်ကွ"

ဟု ခပ်ကြွားကြွားဆိုလေ၏။

ဩရနှင့် ဖျောက်ဆိပ်တို့လည်း စိတ်ပျော့ကာ ထွက်လာခဲ့ကြ၏။ ထို့နောက် ဩရက

"ဦးလေးဖျောက်ဆိပ်၊ သူတို့က ကျုပ်တို့စကားကို မယုံကြည်ပေမဲ့ ကျုပ်တို့ဘက်က လုပ်စရာရှိတာတော့ လုပ်ရမှာပဲ"

ဟု ပြောလိုက်ရာ ဖျောက်ဆိပ်က ခေါင်းညိတ်ပြီး

"ဒါပေါ့ကွာ၊ သူတို့ရဲ့ခရီးစဉ်မှာ ငါတို့ ရှေ့ကကြိုပြီးသွားရင် မကောင်းဘူးလား"

ဟု ဆိုလေ၏။

ဩရက ဖျောက်ဆိပ်၏အစီအစဉ်ကို ခေါင်း ညိတ် ထောက်ခံကာ တစ်စုံတစ်ရာကို စဉ်းစားဟန်ဖြင့်

"ကျုပ်ကို ဗဒ္ဒယှကာ သေပြီလို့သတ်မှတ်ထားမှာပဲ၊ ကျုပ် သူတို့လူစုကို မျက်စိလှည့်ပြီး ရုပ်ဖျက်သွားချင်တယ်"

ဟု ပြောလေရာ ဖျောက်ဆိပ်က သူ၏ခရီးဆောင်အိတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို ပုတ်ပြပြီး

*"ဒီကိစ္စကို ငါတာဝန်ထားပေတော့၊ ဟောဒီအိတ်ထဲမှာ ပန္နည်းကိရိယာ အစုံအလင်ပါတယ်၊ ဒီတောင်ပေါ် စခန်းက ထွက်ပြီး တစ်နေရာရာမှာ ရုပ်ဖျက်ကြတာပေါ့"*

ဟု ဆိုလေ၏။ ထို့နောက် သူတို့နှစ်ဦးသည် တောင်ပေါ်စခန်းမှ လိုအပ်သည့် ရိက္ခာအနည်းငယ်ကိုဝယ်ယူကာ လဟာယ်မြို့ဘက်သွားရာလမ်းသို့ ဦးတည်လိုက်ကြ၏။

တောင်ဆင်းလမ်းတစ်နေရာရှိ ထင်းရှူးပင်အုပ်များကြားသို့ ရောက်လျှင် ဖျောက်ဆိပ်ကရပ်တန့်ပြီး သြရကို မည်သူမျှမမှတ်မိစေရန် ရုပ်ဖျက်ပေးလေ၏။

သူကိုယ်တိုင်လည်း ရုပ်ဖျက်လေ၏။ မကြာမီတွင် သူတို့နှစ်ဦးသည် မည်သူမျှမမှတ်မိနိုင်သော တောင်ပေါ်သားကြီးများအဖြစ် ဟန်ဆောင်ကာ ခရီးဆက်ခဲ့ကြ၏။





သြရနှင့် ဖျောက်ဆိပ်တို့သည် တောင်ပေါ်သားကြီးများအဖြစ် ဟန်ဆောင်ကာ ခရီးဆက်လာကြရာ ဖျောက်ဆိပ်က

*"မင်းကို ခရီးသွားလာရင်းမပျင်းရအောင် ပုံပြင်လေး တစ်ပုဒ် ပြောပြမယ်"*

ဟု ဆိုလေ၏။

သြရက

*"ဦးလေးဖျောက်ဆိပ်ပြောမဲ့ပုံပြင်ဆိုရင်တော့ မှတ်လောက်သားလောက်စရာတွေ ပါမှာပေါ့"*



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ ဖျောက်ဆိပ်က လက်ဖျောက်တီးကာ

"မှန်တာပေါ့ ကိုယ့်လူရှယ်၊ တကယ့်ကို မှတ်လောက်သားလောက်ပုံပြင်ပါပဲ"

ဟု ဆိုလိုက်၏။

ထို့နောက် ဖျောက်ဆိပ်က စီးကရက်ကို မီးညှိပြီး ခရီးဆက်ရင်းမှ

"တစ်ခါက လူတစ်ယောက်ဟာ တောထဲမှာ သစ်ခုတ်ရင်းနဲ့ သစ်ခေါင်းပေါက်တစ်ခုထဲက အလွန်ပဲလှပတဲ့ ရွှေခေါင်းလောင်းကလေးတစ်လုံးကို မထင်မှတ်ဘဲရ ရှိလိုက်တယ်ကွ၊ သစ်ခုတ်သမားဟာ ဝမ်းသာအားရနဲ့ ရွှေခေါင်းလောင်းကလေးကို အဆက်မပြတ် လှုပ်ခါကြည့်လိုက်တော့ တချွင်ချွင်နဲ့အလွန်ပဲသာယာနာပျော်ဖွယ် အသံကလေးပေါ်ထွက်လာတာကို ကြားလိုက်ရတယ်၊ မကြာခင်မှာပဲ ရွှေခေါင်းလောင်းကလေးထဲက မဲမှောင်နေတဲ့ မီးခိုးလုံးကြီးတစ်ခု ထွက်လာတာကို မြင်လိုက်ရတော့ သစ်ခုတ်သမားက ထိတ်လန့်သွားပြန်တယ်၊ မီးခိုးလုံးကြီး ပျောက်ကွယ်သွားတော့မှ မီးခိုးတွေကြားကနေ အရောင်ဖြိုးဖြိုးပျက်ပျက်လက်နေတဲ့ နတ်သမီးလေး





တစ်ပါး ပေါ်လာပြီး 'သစ်ခုတ်သမား၊ သင်ဟာ ကျွန်ုပ်ရဲ့ အနှောင်အဖွဲ့ကို လွတ်မြောက်အောင် ပြုလုပ်ပေးတဲ့အတွက် ကျေးဇူးဆပ်ပါရစေ၊ သင်လိုရာဆုတစ်ခုကိုတောင်းပါ' လို့ပြောတော့ သစ်ခုတ်သမားလည်း ပထမတော့ ကြောင် တောင်တောင်ဖြစ်သွားတယ်၊ နောက်ဆုံးမှာ သူ့အတွက် ပင်ပင်ပန်းပန်း သစ်မခုတ်ရဘဲနေနိုင်တဲ့တစ်နေရာကို ပို့ပေးပါလို့ တောင်းဆိုလိုက်တယ်၊ နတ်သမီးကလည်း သင့်ရဲ့ဆန္ဒတွေ အခုချက်ချင်းပြည့်စေဆိုပြီး ဆုပေးလိုက်တာနဲ့တစ်ပြိုင်နက် သစ်ခုတ်သမားဟာ ဖြုန်းဆိုပျောက်ကွယ်သွားပြီး အလွန်ပဲသာယာတဲ့ ကျွန်းကြီးတစ်ကျွန်းကို ရောက်ရှိသွားတော့တယ်၊ ထူးဆန်းတာက အဲဒီကျွန်းမှာ ပန်းပင်၊ မြက်ပင်ငယ် ကလေးတွေက လွဲပြီး သစ်ကြီး ဝါးကြီးတွေ တစ်ပင်မှမရှိဘူးတဲ့၊ အစားအသောက်တွေ၊ သစ်သီးဝလံတွေကတော့ အလျှံပယ်ရှိနေတယ်ပေါ့ကွာ"

ဟု ပြောလေရာ ညြရက

"ကျွန်းပေါ်မှာ သစ်ပင်ကြီးတွေမရှိတော့ သစ်ခုတ်သမားလည်း သစ်မခုတ်ရဘူးဆိုတော့ သူ့ရဲ့ဆုတောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြည့်သွားတာပေါ့"

ဟု ဆိုလိုက်၏။

ဖျောက်ဆိပ်က စီးကရက်ကိုဖွာ၍ပြုံးကာ

"လောလောဆယ်တော့ အဲဒီအတိုင်းပဲပေါ့ကွာ၊ တကယ့်တော့ အဲဒီရွှေခေါင်းလောင်းထဲက လွတ်မြောက်လာတဲ့ နတ်သမီးကလေးဟာ မော်ဝိဇ္ဇာနတ်ဆိုးမကြီးက ကျိန်စာတိုက်ပြီး ခေါင်းလောင်းလေးထဲမှာ ချုပ်နှောင်ထားခဲ့တာကွ၊ အဲဒီလိုချုပ်နှောင်ထားခဲ့တာကလည်း နတ်သမီးလေး တစ်ပါးတည်းမဟုတ်ဘူး၊ နတ်သမီးကလေးပေါင်း ငါးရာတောင်ရှိတယ်တဲ့၊ တစ်ချိန်က အဲဒီနတ်သမီးငါးရာဟာ ချောမောလှပလွန်းလို့ သူတို့ရဲ့အလှအပတွေနဲ့ အလှမာန်ထောင်လွှားပြီး မော်ဝိဇ္ဇာနတ်ဆိုးမကြီးကို မချေမငံဆက်ဆံမိကြတဲ့အတွက် မော်ဝိဇ္ဇာနတ်ဆိုးမကြီးက နတ်သမီးငါးရာနဲ့အတူရှိနေတဲ့ ပန်းဥယျာဉ်ကြီးကိုပါ သူ့ရဲ့အစွမ်းနဲ့ အလွန်ပဲသေးငယ်အောင်ချုံ့လိုက်ပြီး ရွှေခေါင်းလောင်းထဲမှာ ပိတ်လှောင်ထားလိုက်တော့တယ်၊ ပြီးတော့ မော်ဝိဇ္ဇာနတ်ဆိုးမကြီးက ဒီခေါင်းလောင်းကလေးအကြောင်းကို မသိတဲ့



လူတစ်ယောက်က စိတ်လိုလက်ရနဲ့ ခေါင်းလောင်းကလေးကို လှုပ်ရမ်းလိုက်မှသာ နတ်သမီးတွေထဲက တစ်ပါးသာလျှင် အချုပ်အနှောင်မှ လွတ်မြောက်စေရမယ်လို့ ကျိန်စာတိုက်ထားတာကွ"

ဟု ပြောလေ၏။

ဩရက မျက်မှောင်ကြုတ်ပြီး

"ဒါဆိုရင် ခေါင်းလောင်းထဲမှာ နတ်သမီးတွေ အများကြီး ကျန်သေးတာပေါ့"

ဟု ဆိုလိုက်ရာ ဖျောက်ဆိပ်က ခေါင်းညိတ်ပြီး

"ဟုတ်တယ်၊ မကြာခင်မှာပဲ အလွန်ပဲမူးယစ်နေတဲ့ ယစ်ထုပ်ကြီးတစ်ယောက်က ခေါင်းလောင်းကလေးကိုတွေ့ပြီး လှုပ်ခါလိုက်ပြန်တယ်ကွ၊ အဲဒီတော့ နတ်သမီး ကလေးတစ်ပါးက မီးခိုးတွေကြားထဲမှာ ပေါ်လာပြီး လိုရာဆုတောင်းမါလို့ပြောတော့တာပဲ၊ ယစ်ထုတ်ကြီးကလည်း သူ့အတွက် မပူမပင်နဲ့ အရက်ကောင်း ကောင်းသောက်နိုင်မဲ့ တစ်နေရာကိုပို့ပေးပါလို့ တောင်းဆိုတယ်၊ နတ်သမီးက လိုရာပြည့်စေလို့ပြောလိုက်တာနဲ့ ယစ်ထုပ်ကြီးဟာ မြန်းဆိုကျွန်းကလေးတစ်ကျွန်းပေါ်က ရေအိုင်ကြီးတစ်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



အနီးကို ရောက်သွားတော့တယ်၊ တကယ်တော့ ရေအိုင်ကြီးဆိုတာလည်း အထဲမှာ ရေတွေ ရှိတာ မဟုတ်ဘဲ အရက်သမားကြီးရဲ့အကြိုက် ယစ်ရွှေရည်တွေ အပြည့်ရှိနေတာပဲ၊ အနီးပတ်ဝန်းကျင်မှာလည်း စားသောက်စရာတွေက လက်တစ်ကမ်းစာမှာ အသင့်ပဲဆိုတော့ အရက်သမားကြီးလည်း စားလိုက်သောက် လိုက်နဲ့ မိန်းကျနေတော့တာပေါ့၊ ထူးဆန်းတာက အဲဒီကျွန်းကြီးတစ်ခုလုံးမှာ လူတစ်ယောက်ပဲ တွေ့ရပြီး သစ်ပင်ကြီးတွေ လုံးဝမပေါက်ဘူးတဲ့"

ဟု ပြော်လေ၏။

သြရက ခရီးဆက်ရင်း

"အရက်သမားကြီးက သစ်ခုတ်သမားရဲ့ကျွန်းကို ရောက်သွားတာပေါ့"

ဟု ဆိုလေရာ ဖျောက်ဆိပ်က

"ဟုတ်တယ်၊ မကြာခင်ပဲ ခေါင်းလောင်းကလေးကို မထင်မှတ်ဘဲတွေ့ပြီး လှုပ်ခါမိတဲ့လူတစ်ယောက်ပြီး တစ်ယောက် ကျွန်းကလေးကိုရောက်လာကြတယ်၊ ရောက်လာကြတဲ့လူတွေဟာလည်း သူတို့ရဲ့ဆုတောင်းတွေအတိုင်း အချို့ကလည်း





အခြံအရံတွေနဲ့ စည်းစိမ် ခံစားပြီးနေကြတယ်၊ လူအားလုံးဟာ အဲဒီကျွန်းကို ရောက်ပြီး ဆန္ဒတွေ ပြည့်ကြပေမဲ့ လိုအပ်ချက်တစ်ခုရှိနေတာကို ဝိုင်းပြီး အကောင်အထည် ဖော်ကြတယ်၊ အဲဒါကတော့ ကျွန်းပေါ်မှာ သစ်ပင်ကြီးတွေ စိုက်ပျိုးကြတာပဲ၊ တစ်ပတ်မှာ သုံးရက်လောက်က သစ်ပင်စိုက်ပျိုးနေ့လို့ သတ်မှတ်ပြီး အပြိုင်အဆိုင်စိုက်ပျိုးကြတဲ့အတွက် မကြာခင်မှာပဲ ကျွန်းကြီးဟာ သစ်ပင်ကြီးတွေနဲ့ အုပ်အုပ်ဆိုင်းဆိုင်းဖြစ်လာပြီး ကျွန်းရဲ့ဂုဏ်အင်္ဂါနဲ့ ညီညွတ်လာတယ်၊ ခေါင်းလောင်းကလေးထဲက နတ်သမီးလေးတွေလည်း လွတ်မြောက်သွားတာ တော်တော်များနေပြီ၊ ခေါင်းလောင်းထဲမှာ နောက်ဆုံး တစ်ယောက်ပဲကျန်တော့တယ်"

ဟု ဆိုလိုက်၏။ သြရက

"ဒါဆိုရင် ကျွန်းပေါ်မှာ တိုင်းပြည်တစ်ပြည်တည်လို့ ရအောင် လူတွေရောက်နေပြီပေါ့"

ဟု ပြောလေရာ ဖျောက်ဆိပ်က

"ဟုတ်တယ်၊ တချို့လူတွေက မိသားစုတွေပါ ရောက် လာတာကိုး၊ နောက်ဆုံးကျန်ခဲ့တဲ့နတ်သမီး



www.burmeseclassic.com

www.burmeseclassic.com



ကလေးဟာလည်း မကြာမီ ကယ်တင်ရှင်နဲ့တွေ့တော့တာပဲ၊ အဲဒီသူကတော့ နန်းကျဘုရင်တစ်ပါးပဲ၊ ဘုရင်ကြီးရဲ့ညီတော်က နန်းတော်ကိုလုယူပြီး ဘုရင်ကြီးကို မြိုင်ရပ်နှင်လိုက် တယ်ပေါ့ကွာ၊ ဘုရင်ကြီးက ခေါင်းလောင်းကလေးကို လှုပ်မိပြီး နတ်သမီးလေးနဲ့ တွေ့တော့တာပဲ၊ အဲဒီမှာ ဘုရင်ကြီးက သူ့အတွက် ထီးနန်းတစ်ခုအလိုရှိတယ်လို့ ဆုတောင်းလိုက်တာနဲ့တပြိုင်နက် ကျွန်းကြီးတစ်ကျွန်းကို ရောက်သွားပြီး ကျွန်းပေါ်မှာလည်း သူ့အတွက် ခမ်းနားတဲ့ နန်းတော်ကြီးတစ်ခုကလည်း အသင့်ရှိနေတော့တာပေါ့"

ဟု ပြောလိုက်လေ၏။

ဩရက

"သစ်ခုတ်သမား ရောက်သွားတဲ့ကျွန်းကို နောက်ဆုံး ရောက်လာတဲ့ ဘုရင်ကြီးက တိုင်းပြည်အုပ်ချုပ်ရပြီဆိုတော့ ပြည့်စုံသွားပြီပေါ့"

ဟု ဆိုလေရာ ဖျောက်ဆိပ်က တဟဲဟဲရယ်မောကာ

"ဟဲ ဟဲ... အဲဒီလိုပြည့်စုံတော့မှပဲ ပြဿနာက စတော့တာပဲ၊ ပထမဆုံးပြဿနာစတာက သစ်ခုတ်သမားပဲကွ၊ ကျွန်းပေါ်မှာ လူတွေက သစ်ပင်ကြီးတွေ





ခုတ်ချင်တိုင်းခုတ်ခဲ့ကြလို့ လူတွေနေစရာတောင် မရှိအောင် သစ်တောအုပ်ကြီးတွေက ထူထပ်လာတော့တယ်၊ ဒါကြောင့် ဘုရင်က သစ်ခုတ်သမားကိုခေါ်ပြီး သစ်ပင်တွေကို ခုတ်ထွင်ရှင်းလင်းဖို့ အမိန့်ပေးတော့တာပေါ့"

ဟု ပြောလေ၏။

ဩရက ဟက်ခနဲရယ်လိုက်ကာ

"သစ်ခုတ်သမားက သစ်မခုတ်ချင်လို့ ဒီရောက်လာကာမှ သစ်ပင်ခုတ်ရတယ်ဆိုတော့ တော်တော်စိတ်ညစ်သွားမှာပဲ၊ ဘုရင့်အမိန့်ဆိုတော့ ငြင်းဆန်ဖို့လည်း ရမှာမဟုတ်ဘူး"

ဟု ဆိုလေ၏။

ဖျောက်ဆိပ်က ခေါင်းညိတ်ပြီး

"ဟုတ်တယ်၊ ဒါနဲ့ သစ်ခုတ်သမားလည်း သစ်ခုတ်ပြီးတဲ့အချိန် ညနေစောင်းတွေမှာ ပင်လယ်ကမ်းစပ်ကိုရောက်ပြီး စိတ်ညစ်ညစ်နဲ့ထိုင်နေတော့တာပေါ့၊ အဲဒီတော့ ပင်လယ်ထဲမှာမျောပါလာတဲ့ သေတ္တာကလေးတစ်လုံးကိုတွေ့လို့ ဆယ်ယူပြီး ဖွင့်ကြည့်လိုက်တယ်၊ အတွင်းမှာ အသွန့်ပဲသေးငယ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ရွှေနန်းလေးတစ်လက်ကို တွေ့လိုက်ရတယ်''

ဟု ပြောလိုက်၏။

ဩရက မျက်မှောင်ကြုတ်ပြီး

''ရွှေနန်းထဲမှာလည်း နတ်သမီးကလေးတွေ အချုပ်အနှောင် ခံနေရဦးမယ်ထင်တယ်''

ဟု ရေရွတ်လေရာ ဖျောက်ဆိပ်က စီးကရက်ကို မီးညှိ

''မှန်တာပေါ့ကွာ၊ အဲဒီရွှေနန်းထဲက နတ်သမီးလေးတွေက တခြားသူတွေမဟုတ်ဘူးကွ၊ ရွှေခေါင်းလောင်းကလေးထဲမှာ အချုပ်အနှောင်ခံခဲ့ရဘူးတဲ့ နတ်သမီးလေးကလေးတွေပဲ၊ အဲဒီနတ်သမီးကလေးတွေဟာ လွတ်မြောက်သွားပြီး သူတို့ရဲ့အကျင့်စရိုက်ကို မပြင်မိကြဘဲ မှော်ဝိဇ္ဇာနတ်ဆိုးမကြီးရဲ့ ကျိန်စာမိပြီး ပင်လယ်ထဲမှာ မျောပါနေတာပဲ၊ အဲဒီလိုနဲ့ သစ်ခုတ်သမားဟာ ရွှေနန်းကို တတီးတီးတတော်တော်နဲ့ မှုတ်လိုက်တယ်ဆိုရင်ပဲ အနီးဆုံးနတ်သမီးလေးတစ်ပါး ပေါ်လာပြီး လိုရာဆုတောင်းပါလို့ပြောတော့တာပဲ၊ သစ်ခုတ်သမားဟာ နတ်သမီးကိုတွေ့တော့ ပထမတွေ့ခဲ့တဲ့ ရွှေခေါင်းလောင်းထဲက နတ်သမီးပဲဆိုတာ မှတ်မိပြီး ဝမ်းသာအားရဖြစ်သွားတယ်၊ ဒါပေမဲ့ သူဟာ စိတ်ပျက်



ဟန်နဲ့ ညည်းညူပြီး ကျွမ်ကို မူလဘဝပေါင်းကိုသာ ပြန်ပို့ပါတော့ဗျာ၊ ဒီမှာလည်း ဘာမှမထူးပါဘူးလို့ တောင်းဆိုလိုက်တယ်ကွ၊ အဲဒီတော့ နတ်သမီးကလေးက သစ်ခုတ်သမားကို မှတ်လောက်သားလောက် စကားတစ်ခွန်းပြောလိုက်တယ်၊ ပြီးတော့ သစ်ခုတ်သမားလည်း မြန်းဆို မူလဘဝကို ပြန်ရောက်သွားတော့တယ်''

ဟု ပြောလေ၏။

ဩရက ခေတ္တမျှအနားယူရန် လမ်းနဘေးရှိ ကျောက်တုံးဦးပေါ်တွင်ထိုင်လိုက်ကာ

''နတ်သမီးက မှတ်လောက်သားလောက်တဲ့ ဘယ်လိုစကားမျိုး ပြောလိုက်တာလဲ''

ဟု မေးမြန်းလေရာ ဖျောက်ဆိပ်က ရယ်မော၍

'' ဟား ဟား မလောပါနဲ့ကွာ၊ ပုံပြင်ပြီးတော့မှာပါ၊ အဲဒီတော့ သိမှာပေါ့''

ဟု ပြောကာ ပုံပြင်ကို ဆက်လေ၏။

ဖျောက်ဆိပ်က သစ်ငုတ်တိုကြီးတစ်ခုပေါ်တွင် ခြေပစ်က်ပစ်ထိုင်၍ အမောဖြေကာ

''ဒီလိုနဲ့ ကမ်းစပ်ကို အရက်သမားကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ယိုင်တီယိုင်တိုင်နဲ့ရောက်လာပြီး ရွှေနဲ့ကလေးကို တွေ့ပြန်တယ်၊ နဲ့ကလေးကို မှုတ်လိုက်တော့ နတ်သမီး တစ်ပါးလွှတ်မြောက်လာပြီး လိုရာဆုတောင်းပါပြောတော့ အရက်သမားကြီးက စိတ်ပျက်လက်ပျက်ဟန်နဲ့ အသင်နတ်သမီးဟာ ဟိုတစ်ခါ ခေါင်းလောင်းထဲက နတ်သမီးပဲဆိုတာ ကျုပ် မှတ်မိတယ်၊ အဲဒီတုန်းက နတ်သမီးက မစလိုက်တာ ကျုပ်လည်း အရက်အိုင်ကြီးနဲ့ဘေးကို ရောက်ပြီး ဇိမ်ကျနေတော့တာပဲ၊ မကြာပါဘူး တိုင်းပြည်အုပ်ချုပ်တဲ့ဘုရင်ကြီးက အရက်အိုင်ကြီးကို သိမ်းယူပြီး ခြံခတ်လိုက်တော့တယ်၊ ကျုပ်လည်း အရင်လို သောက်ရတစ်လှည့်၊ မသောက်ရတစ်လှည့် ဘဝကို ပြန်ရောက်သွားတော့တာပဲ၊ မထူးပါဘူး၊ အခု နတ်သမီးက မ,စချင်ရင် အရင်ဘဝကိုပဲ ပြန်ရောက်အောင်လုပ်ပေးပါလို့ တောင်းဆိုတော့ နတ်သမီးက အရက်သမားကြီးကို မှတ်လောက် သားလောက် စကားတစ်ခွန်းပြောပြီး ဆန္ဒကိုဖြည့်ဆည်းပေးလိုက်တယ်''

ဟု ဆိုလေ၏။





ဩရကမှု ဘာမျှမမေးမြန်းတော့ဘဲ စိတ်ဝင်တစား နားစွင့်နေလေရာ ဖျောက်ဆိပ်က ဆက်၍

''ဒီလိုနဲ့ လူတွေတစ်ယောက်ပြီးတစ်ယောက် ရွှေနဲ့ကိုတွေ့ပြီး မှုတ်ခဲ့ကြတယ်၊ နတ်သမီးကလေးတွေ လွှတ်မြောက်လာပြီး သူတို့ရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးကြတာ လူအားလုံးကလည်း သူတို့ရဲ့မူလဘဝကိုပဲ ထူးထူးဆန်းဆန်း တောင်းဆိုကြတယ်ကွ၊ နတ်သမီးကလေးတွေကလည်း မှတ်လောက်သားလောက် စကားတစ်ခွန်းစီပြောပြီး ဆန္ဒကို ဖြည့်ဆည်းပေးလိုက်ကြတာချည်းပဲ၊ နောက်ဆုံး နတ်သမီးကလေး တစ်ပါးပဲ ကျန်တော့တဲ့အခါမှာ ကမ်းစပ်ကို ဘုရင်ကြီးဟာ ငိုက်စိုက် ငိုက်စိုက်နဲ့ လျှောက်လာရင်း ရွှေနဲ့ကိုတွေ့သွားခဲ့တယ်၊ နတ်သမီးကလေးဟာ လွှတ်မြောက်လာတဲ့အခါ ဘုရင်ကြီးကိုတွေ့ပြီး အသင်ဟာ ဟိုတစ်ခါက ဘုရင်ကြီးပါလားလို့ ရေရွတ်တော့ ဘုရင်ကြီးကလည်း ဟုတ်တယ်၊ ကျုပ်ကို အခုလည်း မှူးကြီးမတ်ရာ၊ သေနာပတိတွေက နန်းကချပြီး နှင်ထုတ်လိုက်ကြတယ်၊ အဲဒါတွေဟာ နတ်သမီး ဖန်ဆင်းပေးခဲ့တဲ့ အရာတွေပဲမဟုတ်လားလို့ ပြန်ပြော



www.burmeseclassic.com

လိုက်တော့ နတ်သမီးက အခုလည်း သင်လိုရာဆုကို တောင်းပါလို့ဆိုလိုက်တယ်၊ ဘုရင်ကြီးက အတော်ကြာအောင်စဉ်းစားနေပြီးမှ ကျုပ်ကို အရင်ဘဝပဲ ပြန်ရအောင် လုပ်ပေးပါတော့၊ အရင်ဘဝကမှ သွားစရာမြေရှိသေးတယ်၊ အခုတော့ ဒီကျွန်းပေါ်မှာ ကျုပ် ဘယ်ကိုမှရှောင်တိမ်းပြေးလွှားလို့မရဘူးလို့ တောင်းဆိုလိုက်တယ်၊ နတ်သမီးက အဲဒီတော့ မှတ်လောက်သားလောက် စကားတစ်ခွန်းပြောပြီး ဘုရင်ကြီးရဲ့ဆန္ဒကို ဖြည့်ဆည်းပေးလိုက်တယ်''

ဟု ပြောလေ၏။

သြရက ဖျောက်ဆိပ်ကိုကြည့်ပြီး

''ပုံပြင်က ပြီးသွားပြီပေါ့''

ဟု ဆိုလေရာ ဖျောက်ဆိပ်က

''နတ်သမီးတွေပြောသွားတဲ့ မှတ်လောက်သားလောက်ဆိုတဲ့စကားပဲ ကျန်တော့တယ်၊ တကယ်တော့ နတ်သမီးတွေက 'ရှင်တို့ လူတွေကတော့ မှတ်လောက် သားလောက်ပါပဲ' လို့ ဆိုတဲ့စကားကိုပဲ ပြောသွားတာကွ''

ဟု ပြောကာ တဟဲဟဲရယ်မောလေတော့၏။ သြရသည်





အတန်ကြာမှ အတွေးပေါက်သွားပြီး ရယ်မောလိုက်ကာ

''ဟား ဟား... လူ့အလိုနတ်မလိုက်နိုင်ဆိုတဲ့ စကားက အဲဒီကစတာဖြစ်မယ်''

ဟု ဆိုလိုက်လေတော့၏။

ပန်းအိမ် ကွန်ပျူတာ

အမှတ်(၄) မျက်နှာစာတန်း၊ ကျိုက္ကဆံလမ်း၊ ကျောက်မြောင်းရပ်ကွက်၊ တာမွေ၊

www.burmeseclassic.com



ဖျောက်ဆိပ်က ပုံပြင်ကိုအဆုံးသတ်ပြီး ကျောက်တုံးကြီးပေါ်မှ ထ၍ ခရီးဆက်ရန် ပြင်လေ၏။ ထိုအခါ ဩရကလည်း ခရီးဆောင်အိတ်ကို လွယ်ပိုးရင်း

"ဦးလေးဖျောက်ဆိပ်၊ လားသမားတွေက ကျုပ်တို့ ထွက်လာတဲ့ တောင်ပေါ်စခန်းမှာ ခဏပဲ နားကြလိမ့်မယ်၊ ကျုပ်တို့ရဲ့ရှေ့မှာ ကျားပါးစပ်ဆိုတဲ့ တောင်ပေါ်စခန်းတစ်ခုရှိသေးတယ်၊ အဲဒီမှာတော့ သူတို့ ညအိပ်ရပ်နားလိမ့်မယ်၊ တကယ်တော့ ကျားပါးစပ် စခန်းဆိုတာ စခန်းကိုမရောက်ခင်ရှိတဲ့ ချောက်ကမ်းပါး





ကြီးကို တင်စားပြီးခေါ်တာပါ၊ ချောက်ကမ်းပါးက နက်ရှိုင်းပြီး လမ်းကကျဉ်းမြောင်းလွန်းတယ်၊ အောက်ကိုငုံ့ကြည့်လိုက်ရင် ကျားပါးစပ်ကြီးဖြဲပြီး စောင့်နေသလိုမျိုး ထိတ်လန့်စရာကောင်းတယ်၊ လူတွေလားတွေဟာ တစ်ဖက်က တောင်မြင့်ကြီးရဲ့ နံရံမှာ ပတ်ပြီးဖောက်လုပ်ထားတဲ့ လမ်းကျဉ်းကနေ ခက်ခက်ခဲခဲ သွားလာရတယ်၊ မကြာခဏလည်း ခြေချော်လက်ချော်ဖြစ်ပြီး လူတွေ၊ လားတွေရဲ့ အသက်နဲ့ ကုန်ပစ္စည်းတွေ ဆုံးရှုံးရတတ်တယ်၊ ချောက်ကမ်းပါးအခြေကို ဆင်းဖို့မလွယ်တော့ သူတို့ကို ဒီအတိုင်းပဲ စွန့်ပစ်ခဲ့ကြရတယ်၊ ကျုပ်စိတ်ထဲတော့ ကျားပါးစပ် ချောက်ကမ်းပါးဟာ လုယက်မဲ့သူတွေအတွက်ဆိုရင် ကောင်းကောင်းကြီး အကွက်အကွင်းကောင်းလိမ့်မယ်လို့ ထင်တယ်"

ဟု ပြောလေ၏။ ဖျောက်ဆိပ်က သွားလာရင်းမှ မေးစေ့ကို လက်ဖြင့်ပွတ်သပ်ကာ

"ဒီလိုဆိုရင် တို့ အဲဒီကျားပါးစပ် ချောက်ကမ်းပါးမှာပဲ စခန်းချကြတာပေါ့၊ အခုအချိန်ကစပြီး မျက်စိတွေနားတွေကို ဖွင့်ထားပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ဟု သတိပေးလိုက်လေ၏။

သူတို့သည် ခရီးဆင်းသာရာလမ်းအတိုင်း ခရီးသွားဟူ၍ ဆင်သေရွာဘက်သို့သွားပြီး ပျားရည်၊ ပျားဖယောင်းများနှင့် ရှားပါးဆေးမြစ်အချို့ကို ရောင်းချမည့် နာဂလူမျိုးမိသားစုတစ်စုနှင့်သာ တွေ့ဆုံ ခဲ့ရ၏။

ဩရက ထိုမိသားစုနှုတ်ဆက်ပြီး နာဂဘာသာစကားတစ်မျိုးဖြင့် ပြောဆိုနှုတ်ဆက်နေလေ၏။

ပြီးနောက် ခရီးဆက်ကြရာ ဩရက

"ဦးလေးဖျောက်ဆိပ်၊ ခုနကမိသားစု လိုင်းနောင်နာဂအနွယ်ဝင်တွေပဲ၊ သူတို့စကားကို ကျုပ် သိပ်နားမလည်ဘူး၊ ဒါပေမဲ့ သိနိုင်သလောက်တော့ ကြိုးစားပြီး ပြောဆိုမေးမြန်းခဲ့ရတယ်"

ဟု ဆိုလေ၏။

ဖျောက်ဆိပ်က

"မင်းက ကျားပါးစပ်ချောက်ကမ်းပါးရဲ့ အခြေအနေကို မေးမြန်းနေတာပေါ့"

ဟုပြောလေရာ ဩရက ခေါင်းညိတ်ပြီး

"ဟုတ်တယ်၊ သူတို့က အဲဒီချောက်ကမ်းပါးက ဖြတ်လာကြတာပဲ၊ အဲဒီချောက်ကမ်းပါးဖြစ်နေတဲ့





တောင်ကြောရဲ့တစ်ဖက်အဆင်းမှာ နန်းဖွတ်ချောင်းမကြီးထဲကို စီးဝင်နေတဲ့ ချောင်းလက်တက်ကလေးတစ်ခု ရှိတယ်၊ အဲဒီချောင်းလက်တက်ကို သွားချင်ရင် ကျားပါးစပ်ချောက်ကမ်းပါးကိုလွန်ပြီး တောင်ပေါ်စခန်းအထိ မသွားတော့ဘဲ မြောက်ဘက်တောင်ကြောအတိုင်းတက်ပြီး အဲဒီတောင်မြင့်ကြီးကို ကျော်ဖြတ်ရတယ်၊ လိုင်းနောင်နာဂမိသားစုဟာ အဲဒီလမ်းအတိုင်း လာကြတာပဲ၊ ထူးခြားတာက အဲဒီချောင်းလက်တက်ကလေးရဲ့တစ်နေရာမှာ လူတစ်စုစခန်းချနေတာကို တွေ့ခဲ့ရတယ်လို့ ကျုပ်ကိုပြောပြကြတယ်"

ဟု ဆိုလေ၏။

ဖျောက်ဆိပ်က လှုပ်လှုပ်ရှားရှားဖြစ်သွားကာ

"အဲဒီလူစုဟာ လားတန်းကိုလုယက်မဲ့လူစုဖြစ်နိုင်တယ်၊ ကျားပါးစပ် ချောက်ကမ်းပါးအနီးက တောနက်ထဲမှာစခန်းချနေတယ်ဆိုတော့ သူတို့ကလွဲပြီး ဘယ်သူမှ မဖြစ်နိုင်ဘူး"

ဟု ပြောလေ၏။

ဩရသည် မှိုင်းညို့ညို့ရှိနေသည့်အဝေးမှ တောင်စဉ်



www.burmeseclassic.com

www.burmeseclassic.com



တောင်တန်းများကို ငေးမောလိုက်၏။

"ပြီးတော့ အဲဒီမှာ နာဂလူမျိုးမိန်းကလေး တစ်ယောက်ကိုလည်း တွေ့ခဲ့သေးတယ်လို့ဆိုတယ်၊ အဲဒီမိန်းကလေးဟာ ဂျူရှက်ဖြစ်ဖို့ ဆုတောင်းရမှာပဲ၊ ဂျူရှက်ရှိတဲ့နေရာမှာ ဗဒ္ဒယူလည်းရှိရမှာပေါ့၊ သူတို့သာ မှန်ရင်တော့ ကျုပ်တို့ရဲ့ခရီးလမ်းကို လက်စသတ်ဖို့ သိပ်မလိုတော့ပါဘူး"

ဟု ဆိုလေရာ ဖျောက်ဆိပ်က

"ဗဒ္ဒယူဟာ မင်းနဲ့ညီအစ်ကိုတော်ပေမဲ့ သူဟာ မင်းရဲ့အသက်ကို လုပ်ကြံခဲ့တဲ့သူဖြစ်သွားပြီ၊ ဗဒ္ဒယူအပေါ် မင်း ဘယ်လိုသဘောထားသလဲ"

ဟု မေးမြန်းလေ၏။

ညြိရက သက်ပြင်းချ၍

"ကျုပ်ရင်ထဲမှာ သူ့အပေါ် လက်စားချေလိုတဲ့ မုန်းတီးမှုနဲ့ သူ့ရဲ့ မသိမလိမ္မာမှုတွေအတွက် ငယ်စဉ်ကတည်းက သနားမိတဲ့ မေတ္တာတရားတွေ လွန်ဆွဲနေတယ်၊ ကျုပ်နဲ့ ဗဒ္ဒယူ ရင်ဆိုင်တွေ့လာတဲ့အခါမှာတော့ ပြတ်ပြတ်သားသား အဖြေတစ်ခုထွက်လာမှာပေါ့၊ ပြီးတော့ ဂျူရှက်ကို သူ့လက်ထဲက ရအောင်ကယ်တင်ပြီး





မိဘဆွေမျိုး တွေဆီ အရောက်ပို့ပေးရမယ်"

ဟု အဖြေပေးလေ၏။

ညြိရနှင့် ဖျောက်ဆိပ်တို့သည် ခရီးဆက်လာကြရာ ညနေစောင်းအချိန်တွင် ကျားပါးစပ်ချောက်ကမ်းပါးအနီးသို့ ရောက်ရှိလာကြ၏။

ဖျောက်ဆိပ်က ချောက်ကမ်းပါးအခြေသို့ ငုံ့ကြည့်ပြီး ကျောချမ်းသွားဟန်ဖြင့်

"အသည်းတွေအူတွေတောင် တုန်သွားတယ်ဟော၊ အောက်မှာပေါက်နေတဲ့ သစ်ပင်ကြီးတွေရဲ့ထိပ်ကိုပဲ မြင်နေပြီး ဘာကိုမှ သဲသဲကွဲကွဲမမြင်ရအောင် အမှောင်ထုကြီးရှိနေသလိုပဲ၊ ချောက်ကမ်းပါး အခြေမှာဆိုရင် နေ့လယ်ပိုင်းက လွဲပြီး အမြဲတမ်း မှောင်မိုက်စွတ်စိုနေမဲ့ သဘောရှိတယ်၊ လမ်းကလည်း ကျဉ်းမြောင်းလိုက်တာ ခြေလှမ်းတစ်ချက်မှ အမှားခံလို့ မဖြစ်ဘူး"

ဟု ပြောလေ၏။

သူတို့သည် ကျားပါးစပ်ချောက်ကမ်းပါး၏ ပတ်ဝန်းကျင်အနှံ့ သွားလာလှေ့လာပြီးနောက် နှစ်ဦးသဘောတူနေရာတစ်နေရာကို စခန်းချရန်အတွက် ရွေးချယ်လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာသည် ချောက်ကမ်းပါး၏အတက်လမ်းအစပင် ဖြစ်၏။

ဖျောက်ဆိပ်က ထိုနေရာကိုရွေးချယ်ပြီးလျှင်

*''ငါတို့ ဟိုတောင်စောင်းက ကျောက်တုံးကြီးတွေ နောက်မှာ ပုန်းကွယ်နေကြမယ်၊ အဲဒီနေရာက တည့်တည့်ဆင်းရင် ချောက်ကမ်းပါးက လမ်းပေါ်ကို ရောက်သလို နှစ်ဖက်စလုံးကိုလည်း ကောင်းကောင်း မြင်နိုင်တယ်''*

ဟုပြောလေရာ ဩရကာ

*''ကျုပ်တို့အတွက် အချိန်သိပ်မရှိတော့ဘူး ဦးလေး ဖျောက်ဆိပ်၊ မြန်မြန်ခြေရာဖျောက်ပြီး ပုန်းကွယ်နေမှ ဖြစ်မယ်၊ မှောင်ပြီဆိုတာနဲ့ လုယ[illegible]မဲ့သူတွေ ရောက်လာကြလိမ့်မယ်''*

ဟု ဆိုလိုက်၏။

သူတို့နှစ်ယောက်သည် ကျောက်တုံးကြီးများနောက်ကွယ်တွင် ပုန်းအောင်းကာ အသင့်ပါလာသည့် ရိက္ခာခြောက်များကို စားသောက်ပြီး သတိကြီးစွာဖြင့် ရှိနေကြတော့၏။

နေ၏အလင်းရောင်က တဖြည်းဖြည်းပျောက်ကွယ်ကာ တောတောင်တစ်ခွင်လုံး အမှောင်ထုက ဖြန့်ကျက်ကျရောက်ပြီဖြစ်၏။





ဖျောက်ဆိပ်မှာ မိမိအလွန်ကြိုက်နှစ်သက်သည့် စီးကရက်ပင် မဖွာပဲရှိနေ၏။

ဩရကမူ အနီးသစ်ပင်တစ်ပင်နှင့် အသင့်ပါလာသည့် ကြိမ်ကြိုးခွေကိုထုတ်ကာ ချည်နှောင်နေလေ၏။

ပြီးမှ ဖျောက်ဆိပ်ကို

*''ကြိုးကိုနိုတွယ်ပြီးဆင်းရင် အောက်ခြေက လမ်းကို မြန်မြန်ရောက်တာပေါ့၊ ကျုပ်တို့ မျောက်လွှဲကျော်တွေ လုပ်ကြတာပေါ့''*

ဟု ပြောလေ၏။

ဖျောက်ဆိပ်က

*''မင်းပြောမှ ငါ့စိတ်တွေလှုပ်ရှားလာပြီ၊ ဟောဒီ ကြိုးကို နိုတွယ်၊ ပါးစပ်ကလည်း ကျား၊ ဝံ၊ သားလို့အော်ရမယ်၊ ဒါမှ ဟိုကောင်တွေ လန့်ဖြန့်ပြီး ချောက်ထဲခုန်ချသွားကြမယ်''*

ဟူ၍ လုယက်မည့်သူများကို ရည်ရွယ်၍ပြောကာ ဩရ၏ အစီအစဉ်ကို ကျေနပ်နေလေ၏။

ထို့နောက် ဖျောက်ဆိပ်က ဆင်သေရွာကြီးဘက်မှ လာသည့် လမ်းတစ်နေရာသို့ လက်ညှိုးညွှန်ပြကာ

*''ဟောဟိုမှာ မီးရောင်တွေ ပေါ်လိုက် ပျောက်*



www.burmeseclassic.com

www.burmeseclassic.com



*လိုက်နဲ့ လားတန်းတွေ ထင်တယ်"*

ဟု ပြောလေရာ ဩရက စူးစိုက်ကြည့်ပြီး

*"ဟုတ်တယ်၊ ဒါဆိုရင် နောင်ထပ် တစ်နာရီ လောက်ဆိုရင် သူတို့ ဒီကိုရောက်လာကြလိမ့်မယ်"*

ဟု ဆိုလိုက်လေ၏။

ထိုအခါ ဖျောက်ဆိပ်က တစ်ဖက်တောင်စောင်းရှိ ချောက်ကမ်းပါးထက်သို့ ကြည့်ရှုလိုက်ပြန်ကာ မျက်လုံးပြူးကျယ်သွားပြီး လေသံတိုးတိုးဖြင့်

*"ဩရ… ဟိုတစ်ဖက်မှာလည်း ငါတို့ရှိနေတဲ့ တောင်စောင်းအခြေကို ဦးတည်လာနေတဲ့ လူရိပ်တွေ တွေ့ရတယ်"*

ဟု ပြောလိုက်ပြန်၏။

ဩရက စိတ်လှုပ်ရှားဟန်ဖြင့်

*"ဒီလူတွေ လရောင်ဖရုံးဖရဲကလေးပဲရှိတဲ့ အချိန်မှာ မီးတုတ်တွေ ဘာတွေမဆောင်ဘဲ သွားလာနေကြကတည်းက လုယက်မဲ့သူတွေ ဖြစ်ဖို့များတယ်"*

ဟု ဆိုလိုက်လေ၏။

ထိုသူများသည် ထိုသို့သွားလာနေရာမှ လူအချို့သည် ချောက်ကမ်းပါးလမ်းအထွက်ရှိ တောင်စောင်းပေါ်သို့ လှုစုခဲ့ကာ တွယ်ကာ





၍ တက်သွားသည်ကို မြင်တွေ့နေရ၏။

ထိုအခါ ဖျောက်ဆိပ်က

*"မင်းထင်တာမှန်နေပြီကွ၊ ဒီကောင်တွေ လှုစုခဲ့ပြီး နေရာယူထားကြပြီ၊ သူတို့လူအင်အားက လေးငါးရှစ်ယောက်တော့ရှိမယ်၊ မကြာခင်မှာ လရောင်က ဒီထက်ပိုပြီး လင်းလာတော့မယ်၊ အဲဒီအချိန်မှာ တိုက်ပွဲတစ်ခုကိုလည်း ငါတို့ရှေ့မှောက်မှာ မလွဲမသွေ တွေ့ရတော့မယ်ဟေ့"*

ဟု ဩရကို ပြောလိုက်လေတော့၏။

❧ ❧ ❧

**ပန်းအိမ် ကွန်ပျူတာ**

အမှတ်(၄) [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဩရနှင့် ဖျောက်ဆိပ်တို့သည် မျက်စိတစ်မှိတ် အချိန်ကလေးကိုပင် သတိမလွှတ်စေဘဲရှိနေကြလေရာ အချိန်က ကြာမြင့်သည်ဟု ထင်မြင်မိကြ၏။အမှန်အားဖြင့် အချိန်က တစ်နာရီပတ်ဝန်းကျင်မျှသာ ရှိပေ မည်။

သူတို့မြင်ကွင်းသို့ မီးတုတ်အလင်းရောင်များ၊ လားများကို အော် ငေါက်၍ မောင်းနှင်သံများနှင့်အတူ ကုန်သည်လားတန်းကြီးကို မြင် တွေ့နေရပြီဖြစ်၏။

ကောင်းကင်ရှိ လရောက်လည်း ပို၍လင်းလက်လာပြီဖြစ်၏။ ဩရနှင့် ဖျောက်ဆိပ်သည် လုယက်မည့်သူများနှင့် အလုအယက်ခံရမည့် လားတန်းကြားရှိ တောင်စောင်းပေါ်တွင် ရောက်နေကြ၏။





ထို့နောက်တွင် လားတန်းကြီးက တရွေ့ရွေ့ဖြင့် ဩရတို့ရှိရာ တောင်တက်လမ်းသို့ ရောက်ရှိလာလေ၏။

ကုန်သည်နှင့် တရုတ်လားထိန်းမှာ နောက်ဆုံးမှ လိုက်ပါလာဟန်ရှိ၏။

ဖျောက်ဆိပ်က မျက်တောင်ပင်မခတ်ဘဲ သူတို့၏ အောက်ဘက်မလှမ်းမကမ်းမှ ဦးစွာဖြတ်သန်းလာသည့် ဝန်တင်လားကိုကြည့်ကာ လေသံတိုးတိုးဖြင့်

*"လားတစ်ကောင်တော့ သတ်ကွင်းထဲ ပထမဆုံး စဝင်လာပြီ၊ ဒါဟာ တိုက်ပွဲစတော့မဲ့ခြေလှမ်းပဲ"*

ဟု ပြော၍မဆုံးမီပင် တစ်ဖက်တောင်ကြောမှ ဒိုင်းခနဲ သေနတ်သံတစ်ချက်ထွက်ပေါ်လာတော့၏။

ထို့နောက် လူတစ်ဦးက ကျယ်လောင်စွာပင် အော်ဟစ်၍

*"မင်းတို့လားတွေကို နေရာက တစ်လက်မမှ ရွေ့ဖို့ မကြိုးစားနဲ့တော့၊ လှုပ်တာနဲ့ အပစ်ပဲ၊ မင်းတို့မှာပါလာတဲ့ လက်နက်တွေကိုချပြီး လားတွေကိုထားခဲ့ပါ၊ ပြီးရင် လာလမ်းအတိုင်း ပြန်ကြပေတော့"*

ဟု အမိန့်ပေးသံထွက်ပေါ်လာ၏။

ထိုအခါ ဩရက ဖျောက် ဆိပ်ကို



www.burmeseclassic.com

www.burmeseclassic.com



*"ဒါ ရှောက်ယီရဲ့အသံပဲ"*

ဟု ပြောလိုက်လေ၏။

တစ်ပြိုင်နက်ပင် လားတန်း၏နောက်ဆုံးမှ လိုက်ပါလာသည့် လားထိန်းတရုတ်က ဒေါသတကြီးဖြင့် သူ၏လားထိန်းများကို အော်ဟစ်ကာ

*"ဟေ့ကောင်တွေ၊ လားတွေကို သေသေချာချာ ထိန်းပြီး နောက်ကြောင်းကို ပြန်ဆုတ်ခဲ့"*

ဟု ခိုင်းစေပြီးနောက် သူ့လက်ထဲမှ တူးမီးဖြင့် အသံထွက်ပေါ် လာရာဆီသို့ မှန်း၍ပစ်ခတ်ကာ

*"လွယ်လွယ်နဲ့တော့ မင်းတို့လားတွေကို ရမယ် မထင်နဲ့ကွ"*

ဟု ပြန်လည်အော်ဟစ်လိုက်၏။

လားထိန်းများသည်လည်း သူတို့၏ လက်နက်များကို ဆွဲကိုင် ကာ မည်သည့်နေရာမှ ပေါ်လာမှန်းမသိသည့်ရန်သူကို စောင့်မျှော်နေ ရ၏။

ထိုနှုတ်ခမ်းမွေးကားကားနှင့် ကုန်သည်ကြီးမှာ မျက်နှာ ပျက်ပျက်နှင့် လက်ထဲတွင် သေနတ်တစ်လက်ကိုဆုပ်ကိုင်ကာ လားထိန်းတရုတ်ကို

*"ဘယ်လိုလုပ်ကြမလဲ၊ ဒီကောင်တွေ ကျုပ်တို့ကို*





*ဝိုင်းရံထားကြပြီထင်တယ်"*

ဟု ပြောလေ၏။

လားထိန်းတရုတ်က ခေါင်းယမ်းပြီး

*"ဒီကောင်တွေကို အညှံ့ခံလို့မဖြစ်ဘူး၊ ခင်ဗျား လွတ်ရာကို ရှောင်နေပါ၊ ကျုပ်လူတွေ အင်အားတောင့် ပါတယ်"*

ဟု အားပေးလိုက်၏။

ထိုအခိုက်တွင်ပင် ရှောက်ယီက သူ၏အမိန့်ကို မနာခံသော ကြောင့် ရှေ့ဆုံးမှလားကို ပြန်ဆွဲယူရန်ကြိုးစားနေသော လူ တစ်ယောက်ကို သေနတ်ဖြင့် ပစ်ခတ်လေတော့၏။

ထိုသူမှာ မိုင်းရှုံ့လဲပြိုပြီး လားမှာလည်း သူ၏လက်တွင်းမှ လွတ်ထွက်သွား၏။

ထိုလားသည် ဦးတည်ရာသို့ ခုန်ပေါက်ပြေးလွှား ရင်း ခြေချော်ကာ ချောက်ကမ်းပါးထဲသို့ ထိုးကျသွားလေ၏။

အဖြစ်အပျက်ကို အစအဆုံးမြင်တွေ့နေရသော ဖျောက်ဆိပ် က ဩရကို

*"ဒီအတိုင်းဆိုရင် လားတွေ တစ်ကောင်ပြီး တစ်ကောင် ချောက်ထဲကျကုန်လိမ့်မယ်"*

ဟု ပြောလိုက်၏။ ဩရက မျက်မှောင်ကြုတ်ပြီး ဒူးလေးကို



www.burmeseclassic.com

www.burmeseclassic.com



ပြင်ကာ

*"ဒီနေရာကနေ ရှောက်ယီတို့ကို တိုက်ခိုက်ဖို့ အခွင့်မသာဘူး၊ သူတို့ရှေ့ကို ဆက်ပြီးတက်လာကြမှာပဲ"*

ဟု ပြန်၍ပြောလေ၏။

ထိုအခိုက်တွင် နောက်ထပ်သေနတ်သံများ ထွက်ပေါ်လာပြီး လားတန်းကြီးမှာဖရိုဖရဲနှင့် ထိန်းသိမ်း၍မရအောင်ဖြစ်သွား၏။

ရှောက်ယီတို့ဘက်မှ စတင်၍တိုက်ခိုက်ပေပြီ။

လားထိန်း တရုတ်နှင့် သူ့လူများလည်း လားများကို အကာအကွယ်ယူ၍ သေနတ်သံ ထွက်ပေါ်လာရာ နေရာများကို ပြန်လှည့်၍ ဒူးလေးများ၊ တူးမီးသေနတ်များဖြင့် ပစ်ခတ်ကြရာ ထိုနေရာတစ်ဝိုက်တွင် ငရဲပွက်သည့် အလား ဆူညံ၍ သွားတော့၏။

မကြာမီ တောင်စောင်းတစ်ခုမှ ဆင်းသက်လာသည့် လူတစ်ယောက်ကို ဩရက မြင်တွေ့ပြီး လက်ထဲမှ ဒူးလေးကို မောင်းဖြုတ်ချလိုက်လေ၏။

ထိုသူမှာ နာကျင်စွာ အော်ဟစ်၍ ထိုနေရာတွင်ပင် လဲပြိုသွား၏။

ထိုအခါ ဩရတို့ဆီသို့ ကျည်ဆန်များက စုပြုံ၍ လွင့်ပျံလာကြ၏။



သူတို့ကို ရှောက်ယီတို့ဘက်မှ မြင်တွေ့သွားချေပြီ။ ဩရကမူ မြားတစ်စင်းပြီးတစင်း ပစ်လွှတ်ကာ လားတန်းကြီး ပြန်လည်ဆုတ်ခွာနိုင်ရန် ကာကွယ်ပေးနေလေ၏။

ထိုအချိန်၌ ဖျောက်ဆိပ်က တောင်စောင်းအတိုင်း ကုတ်တက်ကာ တောက်တဲ့တစ်ကောင်ကဲ့သို့ သွားလာပြီးနောက် တစ်နေရာတွင် လားတန်းဆီသို့ ပစ်ခတ်နေသည့် သေနတ်သမားထံသို့ တိတ်တဆိတ် ချဉ်းကပ်နေလေ၏။

ဖျောက်ဆိပ်ထံတွင် လက်နက်ဟူ၍ ဓါးမြှောင်တစ်ချောင်းသာပါရှိ၏။ ဖျောက်ဆိပ်က ထိုသူ၏အနီးသို့ရောက်လျှင် လွှားခနဲခုန်အုပ်ကာ ဓါးမြှောင်ဖြင့် ဇာတ်သိမ်းပေးလိုက်၏။

ထိုသူမှာ နောက်မှ ရုတ်တရက်ပေါ်လာသည့် ဖျောက်ဆိပ်ကို မည်သို့မျှ ခုခံရန်မတတ်နိုင်ပဲ တောင်စောင်းအတိုင်း လိမ့်ဆင်းသွား၏။

ဖျောက်ဆိပ်က ထိုသူ၏သေနတ်ကိုယူကာ အနီးရှိ ကျောက်စွန်းတစ်ခုဖြင့် အကာအကွယ်ယူလိုက်၏။

ရှောက်ယီတို့မှာ သူတို့လူတစ်ယောက် တောင်စောင်းအတိုင်း လိမ့်ဆင်းလာသည်ကို မြင်တွေ့သွားကြ၏။

ရန်သူက မထင်မှတ်သော နေရာတွင်ရှိနေသည်ကို သတိပြုမိသွားသောကြောင့် ရှောက်ယီက

*"ဟောကောင်တွေ ရှေ့ကိုဆက်ပြီးတက်ပေတော့၊*

www.burmeseclassic.com

www.burmeseclassic.com



*ဘယ်သူ့ကိုမှ အလွတ်မပေးနဲ့”*

ဟု အော်ဟစ်အမိန့်ပေးလိုက်၏။

ထို့နောက် ဖျောက်ဆိပ်ရှိရာကျောက်စွန်းသို့ ကျည်ဆန်များ ဝဲပျံလာကြပြန်၏။

ဖျောက်ဆိပ်သည် ပြန်လည်ပစ်ခတ်ရန် အခွင့်မသာဘဲ ခေါင်းမပြူဝံ့အောင်ဖြစ်နေ၏။

သြရသည် ရုတ်တရက်ပင် ကြိုးကိုခိုတွယ်ဆင်းလိုက်ပြီး ချောက်ကမ်းပါးလမ်းအတိုင်း ပြေးလွှားလာသည့် လူတစ်ဦးကို ရင်ဆိုင်လေ၏။

ထိုသူမှာ ဘွားခနဲပေါ်လာသည့် သြရ၏ဒူးလေးစာမိကာ ချောက်ကမ်းပါးထဲသို့ ထိုးကျသွား၏။

သြရက ထိုနေရာတွင် ကြာရှည် ရပ်တည်ရန်မဖြစ်နိုင်သောကြောင့် ကြိုးကိုခိုတွယ်ကာ တောင်စောင်းသို့ တက်လေ၏။

သြရ၏ အကြံအစည်မှာ ချောက်ကမ်းပါးလမ်းအတိုင်းလာသည့် ရောက်ယီ၏လူများကို တစ်ယောက်ချင်း အလစ်အငိုက်ယူ၍ ကြိုးကိုခိုတွယ်ရင်း အမှည့်ချွေချွေရန်ဖြစ်၏။

ရောက်ယီတို့လူစုမှာ မထင်မှတ်သောအခြေအနေကြောင့် တိုက်ခိုက်မှုအရှိန် နှေးကွေးသွား၏။

ထို့ကြောင့်ပင် လားတန်းကြီးမှာ နောက်သို့ ပြန်လည်ဆုတ်ခွာရန် အခွင့်အရေးရရှိနေ၏။





လားထိန်းဇာရုတ်နှင့်လူအချို့က လက်နက်များကိုင်ဆောင်၍ ရှေ့သို့တက်လာကြ၏။

သြရသည် တောင်စောင်းရှိ ကျောက်တုံးကြီး နောက်ကွယ်တွင် ရှိစဉ် ဖျောက်ဆိပ်မှာ အခြေအနေမကောင်းကြောင်း သိလိုက်ရ၏။

ရောက်ယီ၏လူအချို့က ဖျောက်ဆိပ်ကို သဲသဲမဲမဲပစ်ခတ်နေကြသည် မဟုတ်ပါလား။

သြရသည် အချိန်မဆိုင်းဘဲ ဖျောက်ဆိပ်သွားခဲ့သည့် တောင်စောင်းအတိုင်း ကုတ်တွယ်ကာ ၄င်းရှိရာနေရာသို့ သွားလာလေတော့၏။

ဖျောက်ဆိပ်က သြရကိုမြင်တွေ့သွားပြီး မျက်လုံးပြူးကျယ်ကာ

*“ဟော့ကောင်လေး မင်းမလာနဲ့၊ လူတချို့ တောင်စောင်းပေါ် တက်လာနေကြပြီ၊ မင်းက ပစ်ကွင်းထဲကို ရောက်နေတယ်”*

ဟု အော်ဟစ်သတိပေးလိုက်၏။

ထိုအခိုက်တွင် တရွေ့ရွေ့သွားလာနေသော သြရနှင့် တောင်စောင်းသို့တက်လာသည့် လူတစ်ယောက်ကို ဘွားခနဲတွေ့ဆုံမိ၏။

သြရက လက်တစ်ဖက်မှ ကျောက်စွန်းတစ်ခုကို ဆုပ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ရင်း ထိုသူကို ခြေထောက်ဖြင့်လှမ်း၍ကန်ထည့်လိုက်၏။

ခြေကန်ချက်က လိုရာသို့မရောက်ဘဲ လွဲချော်ပြီး ခြေထောက်ကို ချုပ်ကိုင်ခြင်းခံလိုက်ရ၏။

သြရ၏ကျောတွင် ဒူးလေးနှင့်ကျောပိုးအိတ်က လွယ်လျက်သားရှိ၏။

သြရသည် ချုပ်ကိုင်ခံထားရသောခြေထောက်ကို လွတ်မြောက်ရန် ရုန်းကန်နေစဉ် ဖျောက်ဆိပ်ထံမှ သေနတ်သံ ထွက်ပေါ်လာ၏။

တစ်ပြိုင်နက်ပင် သြရကို ချုပ်ကိုင်ထားသူမှာ လက်များပြေလျော့သွား၏။

ဖျောက်ဆိပ်က သြရ၏အခက်အခဲကို ဖြေရှင်းပေးလိုက်ချေပြီ။

ထိုအခါ သြရလည်း တောင်စောင်းအတိုင်း ကုတ်တွယ်ရင်း ဖျောက်ဆိပ်ရှိရာကျောက်စွန်းသို့ ရောက်ရှိသွား၏။

ဖျောက်ဆိပ်က

*"စောစောထဲက အဲဒီလူကို ပစ်ချမလို့ကွ၊ ပစ်ကွင်းမရှင်းလို့ စောင့်နေရတာ"*

ဟု သြရကို ပြောလေ၏။

သြရက ပစ်ခတ်နေသည့်ကျည်ဆန်များကို အကာအကွယ်





ယူပြီး ဖျောက်ဆိပ်နောက်ကျောဆီမှ တစ်စုံတစ်ရာကို မြင်တွေ့ကာ

*"ဦးလေးဖျောက်ဆိပ် နောက်မှာရန်သူ"*

ဟု အော်ဟစ်သတိပေးလိုက်၏။

မည်သည့်အချိန်က တောင်စောင်းအတိုင်း ပုန်းလျှိုးကွယ်လျှိုးဖြင့် ချဉ်းကပ်လာသည့်ရန်သူမှန်း သတိမထားလိုက်မိကြချေ။

ရန်သူက ဖျောက်ဆိပ်ကို ဓါးဖြင့်လှမ်း၍ခုတ်ရင်း ကျောက်စွန်းဆီသို့ ခုန်ဆင်းလာ၏။

ဖျောက်ဆိပ်သည် သြရထံသို့ လှမ်းကာ တိုးပြီး ငုံ့ရှောင်သလိုဖြစ်ကာ ဓါးချက်မှ လွတ်ကင်းသွား၏။

သြရသည် နောက်ထပ်ဝင်လာသည့် ရန်သူ၏ဓါးကိုင်လက်ကို ဆီး၍ ဖမ်းဆုပ်ကာ ဟန့်တားလိုက်လေ၏။

ထို့နောက် သူတို့နှစ်ယောက်မှာ လူချင်းပူးကပ်သွားလေ၏။ ထိုခဏ၌ပင် ရန်သူသည် ဟန်ချက်မထိန်းနိုင်ဘဲ ကျောက်စွန်းမှ ခြေချော်ကျလေရာ သြရကိုပါ ဖက်တွယ်ရင်း နှစ်ယောက်စလုံး တောင်စောင်းအတိုင်း လိမ့်ဆင်းသွားကြ၏။

သြရသည် သတိမလစ်ဘဲ တောင်စောင်းတွင် ပေါက်နေသည့် သစ်ပင်ငယ်ကို ဖမ်း၍ဆွဲထားလိုက်နိုင်၏။

ရန်သူက တစ်ရှိန်ထိုး လိမ့်ဆင်းသွားချိန်တွင် သြရက လေထဲတွင် တန်းလန်းကြီးဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်အောက်ခြေရှိ ချောက်ကမ်းပါးလမ်းမှာ မဝေးကွာတော့ချေ။ သစ်ပင်ငယ်က ဩရ၏ကိုယ်ခန္ဓာအလေးချိန်ကို မခံနိုင်ဘဲ အမြစ်မှ ကျွတ်ထွက်လာ၏။

ဖျောက်ဆိပ်က ဩရ၏အဖြစ်ကိုကြည့်ပြီး ထိတ်လန့်ကာ သူ၏ခရီးဆောင်အိတ်မှတွဲလျက်ရှိသည့် ကြိုးကိုယူလိုက်၏။

ဩရ၏လက်ထဲမှဆုပ်ကိုင်ထားသည့်သစ်ပင်မှာ အမြစ်မှကျွတ်ထွက်လုဆဲဆဲတွင် အနီးသို့ ကြိုးတစ်ချောင်း ကျရောက်လာ၏။

ဖျောက်ဆိပ်က ဩရကို ကြိုးတစ်စချပေးလိုက်ခြင်းဖြစ်၏။ ဩရကလည်း ကံကြမ္မာဆိုးက ကျီစယ်သည်လားမသိ။

ရှောက်ယီတို့ လူစုထံမှ ပစ်ခတ်လိုက်သည့်ကျည်ဆန်က ကြိုးကိုထိမှန်၍ ပြတ်တောက်သွားလေ၏။

ဩရသည်လည်း အရှိန်မထိန်းနိုင်တော့ဘဲ ဦးစွာ လမ်းထက်သို့ တလိမ့်ခေါက်ကွေးလိမ့်ဆင်း၍ ထို့နောက်မှ အရှိန်ဖြင့် နက်ရှိုင်းလှသော ချောက်ကမ်းပါးအတွင်းသို့ ထိုးကျသွားတော့၏။

ဩရအနေနှင့် နောက်ဆုံးသိလိုက်ရသည်မှာ ဖျောက်ဆိပ်က မိမိအမည်ကို ကျယ်လောင်စွာဟစ်အော် လိုက်သံကြီးပင် ဖြစ်ပေတော့၏။





**စာတ်သိမ်း**

ဩရသည် ပိန်းပိတ်အောင်မှောင်နေသည့် အမှောင်ထုကြီးအတွင်း ရောက်ရှိနေ၏။

လွန်စွာအေးစိမ့်သည့်ခံစားမှုကြောင့် အသိ အာရုံတို့စုစည်းကာ မျက်လုံးကဖျတ်ခနဲပွင့်လာ၏။ သို့ရာတွင် သူ၏အမြင်အာရုံထဲ၌လည်း အမှောင်ထုကြီးသာ ရှိနေ၏။

ချက်ချင်းပင် သူ၏ခေါင်းထဲသို့ တိုက်ပွဲတစ်ခု၏အဖြစ်အပျက်က ဝင်ရောက်လာ၏။

ထို့ကြောင့်ပင် ဩရသည် ရန်သူတစ်ယောက်နှင့်တိုက်ခိုက်ရင်း နက်ရှိုင်းလှသော ချောက်ကမ်းပါးအတွင်း ပြုတ်ကျသည့်အဖြစ်ဆိုးကို မြင်ယောင်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ချောက်ကမ်းပါးထဲသို့ပြုတ်ကျ၍ ယခုထိ အသက်ရှင်သန်နေသေးကြောင်း သိရှိလိုက်တော့၏။

သြရ၏တစ်ကိုယ်လုံးမှာ မလှုပ်နိုင်အောင် နာကျင်၍နေ၏။ အအေးဒဏ်ကြောင့် အရိုးကွဲမဟုတ် ခိုက်ခိုက်တုန်နေ၏။

သူသည် မည်သည့်နေရာသို့ ရောက်ရှိနေမှန်း မစူးစမ်းအားဘဲ မိမိတစ်ကိုယ်လုံးကို လေးလံနေစေသည်ဟု ထင်ရသည့်အရာကို စမ်းသပ်ကြည့်မိ၏။

သူ၏လက်မှ ခရီးဆောင်အိတ်ကို စမ်းသပ်မိလေရာ ဖော်မပြတတ်အောင် ဝမ်းသာသွားမိ၏။

ထိုမှတစ်ဆင့် သူလဲလျောင်း နေရာအောက်မှ နူးညံ့အိစက်၍ ချောမွေ့နေသည့်အရာနှင့် နဘေး ပတ်ပတ်လည်၌ သစ်ကိုင်းခြောက်များဖြင့် အတိပြီးနေသည်ကို စမ်းသပ်ရင်း သိရှိရလေ၏။

ထို့နောက် သြရသည် ခရီးဆောင်အိတ်တွင်းမှ ချည်ကြိမ်းစောင်ကို ကြိုးစား၍ ထုတ်ယူကာ လွှမ်းခြုံလိုက်၏။ ခြုံစောင်က သူ့အတွက် အအေးဒဏ်မှ အတော်အတန် သက်သာစေ၏။

သြရသည် သေတွင်းမှလွတ်မြောက်ပြီးနောက် နောက်တစ်နေ့တွင် အသက်ဆက်ရှင်သန်ရန် အားအင်ပြည့်ဝဖို့ အရေးကြီးသည်ကို ကောင်းစွာသဘောပေါက်လေ၏။

ထို့ကြောင့်ပင် သူ၏ခေါင်းထဲတွင် မည်သည့်အကြောင်းအရာ





ကိုမျှ မတွေးတော့ဘဲ အိပ်စက်ရန် ပြင်လေတော့၏။

သြရသည် နေရောင်စူးစူးကြောင့် မျက်လုံးပွင့်လာ၏။ အလင်းရောင် ကောင်းစွာရနေချေပြီ။ သူ၏မျက်နှာပေါ် အုပ်မိုးထားသည့် သစ်ကိုင်းသစ်ခက်များကြားမှ နေရောင်က ဖြာကျနေ၏။

ထို့ကြောင့် သြရသည် ပတ်ဝန်းကျင်ကို မျက်လုံးဝေ့၍ ကြည့်မိလိုက်မှပင် ဘုရားတမိတော့၏။ သူသည် လွန်စွာမြင့်မားလှသည့် သစ်ပင်ကြီးထက်တွင်ရှိနေ၏။

ထိုသို့ရှိနေရာတွင်လည်း သစ်ကိုင်းခြောက်များဖြင့် တည်ဆောက်ထားသည့် ငှက်သိုက်ကဲ့သို့ အသိုက်ကြီးထဲတွင်ရှိနေခြင်းလည်း ဖြစ်၏။

ထိုထက်ပို၍ သြရသည် မမြင်မစမ်းနှင့် စမ်းသပ်ခဲ့စဉ် မိမိလဲလျောင်းနေရာအောက်မှ နူးညံ့အိစက်သောအရာကို တွေ့မြင်ကာ ပါးစပ်အဟောင်းသားဖြစ်သွားတော့၏။

လွန်စွာကြီးမားလှသော မြွေကြီးတစ်ကောင်၏အရေခွံဖြစ်၏။ မြင့်မားလှသော သစ်ပင်ကြီးထက်တွင် သိန်းငှက်စွန်ရဲတို့ကဲ့သို့ ငှက်သိုက်ရှိကာ ငှက်သိုက်တွင်းသို့ မြွေတစ်ကောင်ကဝင်၍ အရေခွံလဲလှယ်ခဲ့ပေမည်။

ထိုအရာများက မိမိ၏အသက်ကိုကယ်တင်ပေးခဲ့မှန်း သဘောပေါက်လိုက်၏။ သြရတွင် ကံကောင်းထောက်မစွာဖြင့် ထိုနို



www.burmeseclassic.com

www.burmeseclassic.com



ပွန်းပဲ့မှုကလေးများမှအပ ကြီးမားသောဒဏ်ရာ မရရှိခဲ့ချေ။

မကြာမီ ဩရသည် သစ်ပင်ကြီးထက်မှ ခက်ခက်ခဲခဲ ဆင်းသက်ပြီးနောက် မြေပြင်သို့အရောက်တွင် နောက်ထပ်ဝမ်းသာစရာအဖြစ်တစ်ခုနှင့် ကြုံလိုက်ရ၏။

သစ်ပင်ခြေရင်းတွင် လက်စွဲတော်ဒူးလေးကို တွေ့ရှိလိုက်ရခြင်းပင်ဖြစ်၏။ မြားတံများမှာမူ ခရီးဆောင်အိတ်တွင်း၌ တချို့တစ်ဝက်မျှ ကျန်ရှိနေသေး၏။

ဩရသည် စမ်းချောင်းတစ်ခုတွေ့လေရာ ထိုနေရာ၌ ကိုယ်လက် သန့်စင်ပြီး ခေတ္တမျှ အမောအပန်းဖြေလိုက်၏။ အချိန်ကနေ မွန်းတည့်နေချေပြီ။

ထို့နောက် စမ်းချောင်းအတိုင်းစုန်၍သွားပြီး တစ်နေရာအရောက်တွင် ခြေလှမ်းက ရပ်တန့်သွား၏။

စမ်းချောင်းနှင့်မလှမ်းမကမ်းတွင် အပြိုင်းအရိုင်းပေါက်နေသည့် ဝါးတောကြီးရှိ၏။ ဝါးတောအခြေတွင် လူတစ်ယောက် ပုံလျက်သား လဲကျနေလေ၏။

ဩရသည် ထိုသူအနီးသို့ ရောက်ရှိသွားပြီး ကြည့်ရှုလေရာ အသက်သေဆုံးခြင်းမရှိသေးကြောင်း တွေ့ရ၏။ ထိုသူမှာ မိမိ၏ရန်သူတော်တစ်ဦးဖြစ်ကြောင်း တွေ့စကပင် သိနေခဲ့၏။

ထိုသူသည် မိမိနှင့် ချောက်ကမ်းပါးအထက်ရှိ တောင်စောင်း





တွင် လုံးထွေးရင်း ပြုတ်ကျသွားခဲ့သူဖြစ်ရပေမည်။ ယခုမှ သေချာစွာမြင်တွေ့၍ သိလိုက်ရသည်မှာ ထိုသူသည် ကျောက်ခဲဟူသောလူဖြစ်၏။

ဩရသည် ကျောက်ခဲကို မထင်မှတ်သောနေရာ၌ မထင်မှတ်သော အခြေအနေနှင့် ဆိုက်ဆိုက်မြိုက်မြိုက်ကြီး တွေ့လိုက်ရတော့၏။

ဩရသည် ကျောက်ခဲကို သက်သောင့်သက်သာရှိစေရန် ပြုလုပ်ပေး၍ အနွေးဓါတ်ရစေရန်လည်း အနီး၌ မီးပုံတစ်ခုဖိုပေးလိုက်၏။

ထိုသူအတွက် အသက်ဆက်၍ ရှင်သန်ရန်လမ်းစ သိပ်မရှိချေ။ တစ်ကိုယ်လုံးရှိ အရိုးများ ကြေမွနေသလိုပင် ပျော့ခွေ၍နေလေ၏။

သို့သော် ကျောက်ခဲသည် မထင်မှတ်ဘဲ သတိပြန်လည်လာ၏။ သူသည် ဩရကိုတွေ့ရှိကာ အံ့ဩဟန်ဖြင့်

*"မင်း ဖန်းပဲဆရာရဲ့သားမဟုတ်လား၊ မင်းအဖေကို ဟိုပစ္စည်းတွေကိစ္စနဲ့ ရောက်ယီက ဖမ်းထားတယ်"*

ဟု ပြောလေ၏။ ဩရသည် လှုပ်လှုပ်ရှားရှားဖြစ်ကာ

*"ဘယ်လိုတွေဖြစ်ကုန်ပြီလဲ၊ အဲဒီလိုဖမ်းထားလည်း အဖေက ပစ္စည်းတွေသိမ်းထားတဲ့နေရာကို*



www.burmeseclassic.com

www.burmeseclassic.com



အသက်သာ အသေခံမယ် ဖော်ပြောမှာမဟုတ်ဘူး"

ဟု ရေရွတ်လေ၏။ ကျောက်ခဲက မျက်လုံးမှေးစင်းသွားပြီး အားတင်းထားဟန်ဖြင့်

"ငါမှာ အဲဒီပစ္စည်းတွေထဲက တချို့တစ်ဝက်လောက် ရှိနေတယ်၊ အဲဒါတွေကို ဆင်သေရွာစွန်က သင်္ချိုင်းထဲမှာရှိတဲ့ အုတ်ဂူတစ်ခုထဲမှာ သိမ်းဆည်းထားတယ်၊ အုတ်ဂူမှာ ဦးဘိုးထွန်းဆိုပြီး ကမ္ပည်းထိုးထားတယ်"

ဟု ပြောလေ၏။ ကျောက်ခဲမှာ နန်းမြဲအေးဟူသော မိန်းကလေး၏ ပစ္စည်းအချို့ထားရာနေရာသို့ ဖော်ထုတ်ပြောကြားနေပေပြီ။

ကျောက်ခဲ၏စကားဆုံးလျှင် ဩရက မျက်ခုံးနှစ်ဖက်မြင့်တက်သွားပြီး

"ဦးဘိုးထွန်းဆိုတာ ကျုပ်အဘိုးပဲ၊ ဒါဆိုရင် ခင်ဗျားက ပစ္စည်းတွေကို ကျုပ်အဘိုးရဲ့အုတ်ဂူထဲမှာ ဖွက်ထားတာပေါ့"

ဟု မေးမြန်းလိုက်လေ၏။

သို့သော် ကျောက်ခဲမှာ ဩရကို အဖြေပေးနိုင်စွမ်းမရှိတော့ချေ။ သူ၏နှလုံးခုန်သံက ဆိတ်သုဉ်းသွားခဲ့ပြီဖြစ်၏။





ဩရသည် ကျောက်ခဲ၏အလောင်းကို တတ်နိုင်သမျှ တွင်းတူးကာ စမ်းချောင်းနံဘေးတွင်ပင် မြှုပ်နှံပေးခဲ့၏။ သူ့အတွက် ထိုနေရာ၌ လူမသိ သူမသိ ဘဝဇာတ်သိမ်းသွားခဲ့ပေပြီ။

ထို့နောက် ဩရသည် အချိန်မဆိုင်းဘဲ ချောက်ကမ်းပါးအခြေမှ ထွက်နိုင်ရန် လမ်းစကို မနားမနေ ရှာဖွေလေတော့၏။

ပန်းအိုးစံ ကွန်ပျူတာ
အမှတ်(၇) မျက်နှာစာတန်း ကျိုက္ကဆံကွင်း ကျောက်မြောင်းဈေး တာမွေ



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာတွင် မြူနှင်းမှုန်တို့က ခဝဝုါပါးတစ်ခု လွှင့်မျော နေ၏။ ထိုနေရာ၌ပင် လူသုံးဦးသည် မတုန်မလှုပ် ကျောက်ရုပ်နှယ် လည်းရှိနေ၏။

ထိုနေရာသည် အမြင့်ပေ (၄၀၀၀)ကျော်ရှိသည့် တောင်တန်း၏ အမြင့်ဆုံးသော တောင်ထွတ်တစ်ခုလည်းဖြစ်၏။ ဦးစွာပင် ညာဘက်အစွန်ရှိ လူတစ်ယောက်ထံမှ စကားသံထွက်ပေါ်လာ၏။

"ဗဒ္ဒယူ မင်းရဲ့အဆုံးအဖြတ်ကို ငါစောင့်နေတယ်"

ဘယ်ဘက်စွန်းတွင် တောင့်တောင့်ကြီးရပ်လျက်ရှိသော ဗဒ္ဒယူသည် ထိုအသံကြောင့် လှုပ်ရှားလာ၏။





ထိုအခိုက်တွင် အလယ်၌ ရှိနေသောလူက တည်ငြိမ်စွာဖြင့်

"ငါ့သား... မင်းဘာလုပ်လုပ် အဖေ ဘယ်တုန်းကမှ တားမြစ်ခဲ့တာမရှိဘူး၊ အခုလည်း မင်းသဘောအတိုင်းပဲ၊ မင်းတို့ ငါ့ကို ဘယ်လိုပဲလုပ်လုပ် ငါ့ဆီက မင်းတို့လိုချင်တဲ့ အဖြေကိုရမှာမဟုတ်ဘူး၊ ဒီပစ္စည်းတွေက အဖေ့အတွက် ဘာမှအဖိုးမတန်ဘူး၊ ဒီမှာ ဗဒ္ဒယူ... အဖေဟာ ကျေးဇူးတရားကို အသက်ထက်ပိုပြီးတန်ဖိုးထားတယ် ဆိုတာ မင်းအခုပဲသိစေရမယ်၊ မင်းလက်ထဲမှာ မင်းကိုယ်တိုင် အဖေသင်ပေးခဲ့တဲ့ ပန်းပဲပညာနဲ့လုပ်ထားတဲ့ ဓါး တစ်လက်ရှိနေတယ်၊ မင်းရဲ့ခါးမှာလည်း သေနတ်တစ်လက်ချိတ်ထားတယ် မဟုတ်လား၊ အဖေ့ကို မင်းကြိုက်တဲ့ လက်နက်နဲ့ စီရင်ပေတော့"

ဟု ပြောလေ၏။ ထိုသူမှာ ကိုထွန်းလူဖြစ်၏။

ဗဒ္ဒယူသည် ဓါး၏လက်ကိုင်ရိုးကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်၏။ ယို့နောက် တစ်ဖက်အစွန်ရှိ ရှောတ်ယီကိုကြည့်ကာ

"ဒီမှာရှောက်ယီ ဟျူပ်သြရကိုလည်း သတ်ခဲ့ပြီးပြီ၊ အခုကိစ္စကို ကျုပ်ရင်ထဲမှာ စိတ်နှစ်ခွဖြစ်နေတယ်၊ အမှန်အတိုင်းပြောရရင် မွေးစားအဖေကို



www.burmeseclassic.com

www.burmeseclassic.com



*သတ်ဖို့ ကျုပ် တွန့်ဆုတ်နေတယ်၊ အဲဒီတော့ ကျုပ်ကို စဉ်းစားဖို့ အချိန်ခဏလေးပေးပါ၊ တစ်ခုခုလုပ်ရအောင် ကျုပ်ကို အတင်းအကြပ်မတောင်းဆိုပါနဲ့ဗျာ"*

ဟု ပြောလေရာ ရောက်ယီက ခေါင်းယမ်းပြီး

*"မင်း အဲဒီလို သတ္တိကြောင်နေရင်တော့ ငါနဲ့ လမ်းခွဲရလိမ့်မယ်၊ သတ္တိကြောင်တဲ့သူကို ငါအလိုမရှိဘူး ဗဒူယူ"*

ဟု ဆိုလေ၏။

ဗဒူယူသည် အံကိုတင်းတင်းကြိတ်၍ထား၏။ ရာသီဥတုကြောင့်မဟုတ်ဘဲ နဖူးပြင်မှ ချွေးစတို့စီးကျလာ၏။

သူတို့ရပ်တန့်နေရာ တောင်ခြေတစ်နေရာတွင် ရောက်ယီ၏ ယာယီစခန်းချရာ ရွက်ဖျင်တဲများရှိ၏။ ရောက်ယီတို့ တောင်ထွတ်မေါ်သို့ ထွက်ခွာသွားကာစ၌ပင် ထိုစခန်းသို့ လူနှစ်ယောက်သည် တိတ်တဆိတ် ချဉ်းကပ်လာလေ၏။

စခန်းတွင်း လက်နက်ကိုင်လူအချို့ စောင့်ကြပ်နေကြ၏။ စခန်းသို့ချဉ်းကပ်လာသည့်လူနှစ်ယောက်အနက် လူထွားကြီးသည် အစောင့်တစ်ယောက်ကို အဝေးမှပင် ဓါးပါးကလေးတစ်လက်ဖြင့် ပစ်ပေါက်ကာ ရွက်ဖျင်တဲတစ်လုံးအနီးသို့ လျှပ်တစ်ပြက် တိုးကပ်သွားလေ၏။





လူထွားကြီး၏အဖော်ဖြစ်သူ လူကောင်သေးသေးမှာလည်း လက်တွင်းမှ ဝါးရင်းတုတ်အစွမ်းကိုပြ၍ အစောင့်တစ်ယောက်ကို မြေပေါ်သို့ လှဲသိပ်လိုက်နိုင်၏။

မကြာမီ ထိုသူနှစ်ဦးသည် အစောင့်များကိုရှင်းလင်းကာ စခန်းကို အပိုင်စီးမိကြချေပြီ။ ထိုအခါ ရွက်ဖျင်တဲတစ်ခုအတွင်း၌ ချုပ်နှောင်ခံထားရသည့် မိန်းကလေးတစ်ဦးကို တွေ့ရှိသွားကြ၏။

လူကောင်သေးသေးနှင့်လူက မိန်းကလေးကို လျှင်မြန်စွာပင် အချုပ်အနှောင်မှ လွတ်မြောက်အောင်ပြုလုပ်ပေးပြီး

*"မိန်းကလေးက ဂျူရှန်ဆိုတာ မဟုတ်လား၊ ကျုပ်က ဖျောက်ဆိပ်၊ ဟောဒီသူကတော့ ဓါးငထွားတဲ့၊ ကျုပ်တို့ နှစ်ယောက်က မိန်းကလေးနဲ့အတူ ဒီမှာချုပ်နှောင်ခံနေရတဲ့ ပန်းပဲဆရာကိုထွန်းလူကို လာပြီးကယ်တင်ကြတဲ့သူတွေပဲ"*

ဟု ပြောလိုက်၏။

ဖျောက်ဆိပ်သည် ကျားမျိုးစပ်ကမ်းပါးတိုက်ပွဲတွင် ရှုံးနိမ့်သွားသော ရောက်ယီတို့လူစုကို ခြေရာခံ၍လိုက်ခဲ့ခြင်းဖြစ်၏။

ထိုသို့သွားလာရင်းမှ ဓါးငထွားနှင့်တွေ့ဆုံခဲ့ကြ၏။ ဓါးငထွားက ဩရ၏အဖြစ်ဆိုးကိုကြားပြီးနောက်

*"ဒီကောင်လေးကို ကျုပ် ကျေးဇူးပြန်ဆပ်ချင်*



www.burmeseclassic.com

www.burmeseclassic.com



*တယ်၊ အခု သူမရှိတော့ပေမဲ့ သူ့အဖေကို လွတ်မြောက်အောင် ကျုပ် အကူအညီပေးရမယ်''*

ဟု ဆိုခဲ့လေ၏။

ဤသို့ဖြင့် ဖျောက်ဆိပ်နှင့်ခါးငွားတို့ပွဲးပေါင်းကာ ရောက်ယီ၏စခန်းသို့ ရောက်ရှိလာကြခြင်းဖြစ်၏။ ဂျူရှန်သည် လွတ်မြောက်လာသောကြောင့် ဝမ်းသာသွားသော်လည်း ချက်ချင်းပင် မျက်နှာညှိုးငယ်၍

*''ဦးထွန်းလူကို ရောက်ယီနဲ့ဗဒ္ဒယူတို့ တောင်ထွတ်ပေါ်ကို ခေါ်သွားကြတယ်၊ ရောက်ယီရဲ့စကားကို ကြားလိုက်ရတာတော့ ဒီကိစ္စကို ဒီနေ့ပဲ အပြတ်ဖြတ်ပြီး သူတို့ အာသံနယ်ဘက်ကိုခရီးထွက်မယ်လို့ သိရတယ်၊ အဲဒီနယ်ဘက်ကိုသွားပြီး မကောင်းမှုဒုစရိုက်တွေ ပေါ်ကြတော့မှာပေါ့''*

ဟု ပြောလေ၏။ ထို့နောက် ဖျောက်ဆိပ်၊ ခါးငွားနှင့် ဂျူရှန်တို့သည် တောင်ထွတ်ပေါ်သို့ စိုးရိမ်တကြီး တက်လှမ်းလာကြတော့၏။

ဗဒ္ဒယူသည် တွေတွေကြီးရှိနေ၏။ ထိုအခိုက်တွင် သူတို့အနီးသို့ ပုရိပ်တစ်ရိပ်က တရွေ့ရွေ့လှမ်း၍လာလေ၏။ ထိုလူရိပ်သည် ဗဒ္ဒယူနှင့်နီးကပ်သော တောင်တက်လမ်းမှရောက်လာခြင်းဖြစ်





လေရာ ဗဒ္ဒယူနှင့် မျက်နှာချင်းဆိုင်မိသွား၏။

ဗဒ္ဒယူသည် မျက်လုံးအစုံပြူးကျယ်သွား၏။ ပါးစပ်မှလည်း အလိုအလျောက်ပင် တစ်စုံတစ်ရာကို အံ့သြတကြီး ရေရွတ်မိ၏။

*''သြရ… မင်း မသေဘူး''*

သြရက ဗဒ္ဒယူ၏ရင်တွင်း အရောက်ထွင်းဖောက်သွား မတတ် စူးစိုက်ကြည့်ကာ တည်ငြိမ်စွာဖြင့်

*''မင်းတို့စကားတွေ ငါကြားပြီးပြီ ဗဒ္ဒယူ၊ မင်းအဖေကို ဘယ်လိုစီရင်မလဲ ကြည့်ချင်တယ်''*

ဟု ပြောလေ၏။

ဗဒ္ဒယူအတွက် ရင်ထဲတွင် မိုး၍တင်းကြပ်လာသလို ခံစားရ၏။ သူ့ရှေ့၌ရှိနေသော လူအားလုံးနှင့် သူပတ်သက်ခဲ့သမျှသော အကြောင်းအရာတိုင်းက ဖျတ်ခနဲ၊ ဖျတ်ခနဲပင် အသိအာရုံထဲသို့ တိုးဝင်လာ၏။

ထို့နောက် ဗဒ္ဒယူ၏လက်က တဖြည်းဖြည်း လှုပ်ရှားလာ၏။ သူ၏မျက်လုံးအစုံကမူ အသက်ဝိညာဉ်ကင်းမဲ့နေသူလိုရှိ၏။ ဗဒ္ဒယူ၏ လက်သည် သေနတ်ကို ဆုပ်ကိုင်မိသွား၏။

မကြာမီတွင် အဖြစ်အပျက်အားလုံး အဆုံးသတ်သွားချေပြီ။ ဗဒ္ဒယူ၏ သေနတ်ထုတ်ပုံ၊ မောင်းတင်ပုံနှင့် ချိန်ရွယ်ပစ်ခတ်လိုက်ပုံက မျက်စိတစ်မှိတ်စာမျှသာရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် လူတစ်ယောက်ကမူ လောကကြီးထဲမှ ပျောက်ကွယ်သွားပြီဖြစ်၏။ ထိုသူမှာ ရှောက်ယီသာဖြစ်၏။

ဗဒူယူသည် ရှောက်ယီကို သေနတ်ဖြင့် ပစ်ခတ်ပြီးလျှင် ကိုထွန်းလူရှေ့၌ ဒူးထောက်လျက်ထိုင်ချကာ တစ်စုံတစ်ရာကို ရေရွတ်လိုက်လေ၏။

ထိုအသံကာ တိုးညင်းလှသော်လည်း ကိုထွန်းလူသည် ကောင်းစွာကြားမိ၏။ ဗဒူယူ၏နှုတ်ဖျားမှ "အဖေ" ဟူသော လှိုက်လှိုက်လှဲလှဲခေါ်သံမှာ ယခု ပထမဆုံးအကြိမ်ပင်ဖြစ်ပေတော့၏။

တစ်မိုးလုံးဖျောက်ဆိပ်၏တာဝန်တာစ်ခု ပြီးဆုံးသွားချေပြီ။ နန်းမြဒေး၏ မင်္ဂလာပွဲအမီ ပစ္စည်းများပေးအပ်ရန် အချိန်မီ ခရီးဆက်ရပေဦးမည်။

ထိုသို့ ခရီးမဆက်မီ ဗဒူယူနှင့် ဂျရန်တို့၏ မင်္ဂလာကိစ္စကို ကောင်းစွာစီစဉ်ပေးခဲ့ရန်လည်း ဖျောက်ဆိပ်သည် မေ့လျော့နေမည် မဟုတ်ချေ။

*ဘာမျှမရှိခြင်းဟာ ပြီးပြည့်စုံခြင်းပါပဲ*

*မင်းသွေးသစ္စာ*

သရဖီတိုင်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com